
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဒေဝတာ
ပြန်လမ်းမရှိ/ဒေဝတာ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၄၊ ဇွန်လ၊ (၅၀၀)အုပ်။
၁၅၂ - စာ၊ ၁၃.၅ × ၂၀ စင်တီ။
(၁) ဒေဝတာ



# ဒေဝတာ



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

အချိန်က. . . ည ရှစ်နာရီထိုးပြီ။

ပင်စည်လုံးပတ် ကြီးမားဖြောင့်စဉ်းပြီး. . အကိုင်းအခက် အရွက် စုံလင်လှသော သစ်ပင်ကြီးပေါ်ရှိ လင့်စင်တစ်ခုပေါ်တွင်. . သူတို့နှစ်ယောက် ရှိနေကြသည်။ သူတို့ဆိုတာက 'ကပါီးလူး'ဘေးမဲ့တောမှ သစ်တောဝန်ထမ်း ဦးမြင့်လှိုင်နှင့် ကျိုက်ပီသစ်ထုတ်လုပ်ရေးခန်းမှ စောအယ်ထူးတို့နှစ်ယောက် ဖြစ်သည်။

သေနတ်တွေကို ဘေးတွင်ချရင်း ဆက်ပေါင်ခြောက် တစ်



www.burmeseclassic.com

www.burmeseclassic.com



မျှောင်းစီကို ချက်အရက်ဖြင့် မြည်းနေကြခြင်းဖြစ်သည်။ လင့်စင်က မြေပြင်အထက် ပေနှစ်ဆယ်ခန့်အကွာတွင်ရှိ၍ စိတ်ချရသည်။

ကဟီးလူးဘေးမဲ့တောသည် ဖားအံ၊ သထုံ နယ်နိမိတ်အတွင်းဖြစ်၏။ (၁၉၂၈)ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ အကျယ်အဝန်းမှာ (၆၂)မိုင်ခန့်ရှိသည်။

သူတို့လင့်စင်၏ ကိုက်သုံးရာခန့်အကွာတွင် ကညင်ပင်ကြီးတစ်ပင်ရှိ၏။ ထိုအပင်အပေါ်တွင်လည်း လင့်စင်တစ်ခု ရှိနေသေးသည်။ ထိုလင့်စင်ပေါ်တွင်တော့ လူနှစ်ယောက်. . .

မုဆိုးကြီးစောလုံနှင့် တပည့်ဖြစ်သူ ညိုကြီးတို့ပင်ဖြစ်သည်။

သူတို့လက်ထဲတွင်လည်း သေနတ်ကိုယ်စီနှင့်. . .

လင့်စင်နှစ်ခု အချက်ပြဆက်သွယ်လိုလျှင် ငါးတောင့်ထိုးခါတ်မီးများဖြင့် အချက်ပြကြ၏။

ဤသို့သော တောနက်ကြီး၌ လင့်စင်များပေါ်တွင် ခြင်၊ မှက် အကိုက်ခံ၍ နေကြခြင်းမှာ. . အပျော်ခရီးထွက်လာခြင်းတော့ မဟုတ်တာသေချာသည်။ ဒီလိုအချိန် လူသာမန်တို့ မသွားရဲ မလာရဲသောနေရာသို့ သူတို့ရောက်နေခြင်းမှာ အကြောင်းရှိပေသည်။

လင့်စင်နှစ်ခုစလုံးမှ မြင်ရသော အကွက်အကွင်းရှိ မြေပြင်တစ်နေရာတွင် ဆိတ်သေတစ်ကောင်ကို ချထားလေသည်။

ယခုတလော ကျားရိုင်းကြီး သောင်းကျန်းနေမှုကြောင့် ကျိုက်ပိသစ်ထုတ်လုပ်ရေးစခန်းမှာ ကျီးလန့်ကျီးစား ဖြစ်နေရသည်။ ဆင်များစွာရှိသော သစ်စခန်းကိုပင် ကျားရိုင်းကြီးက လှည့်ပတ်ချောင်းနေခဲ့သည်။ သစ်ခုတ်၊ သစ်ဆွဲ အလုပ်သမားများမှာ အလုပ်ကိုဖြောင့်ဖြောင့်ဖြူးဖြူး မလုပ်ရဲတော့. . .





ထို့အတွက် ယခုကဲ့သို့ ကျားဆိုးနှိမ်နင်းရန် လင့်စင်ထိုး၍ လာစောင့်နေကြခြင်းဖြစ်၏။ ဆိတ်သေကို တည်ကြက်လုပ်၍ လင့်စင်ပေါ်မှ စိတ်ရှည်လက်ရှည် စောင့်နေကြခြင်းလည်း ဖြစ်သည်။

သစ်တောဝန်ထမ်းဦးမြင့်လှိုင်လည်း အလုပ်ကတစ်ဖက်နှင့်မို့ ပင်ပန်းကာ လင့်စင်ပေါ်တွင် အိပ်ပျော်သွားခဲ့သည်။

နားထဲ သစ်ရွက်တွေပေါ် နင်းလျှောက်လာသော ခြေသံကြားမှ ဦးမြင့်လှိုင် လန့်နိုးလာခဲ့သည်။

လင့်စင်ပေါ်ကြည့်တော့ စောအယ်ထူးမရှိတော့. .။

အောက်ဆင်းကာ အပေါ့များသွားလေသလား. .။

ထိုစဉ် လင့်စင်အောက်က ခေါ်သံကြား၍ ဦးမြင့်လှိုင် ခေါင်းကလေးပြူကာ အောက်သို့ငုံ့ကြည့်မိသည်။ မုဆိုးကြီးစောလုံအား လင့်စင်အောက်တွင်တွေ့၍ ဦးမြင့်လှိုင် လှမ်းအော်မေးလိုက်သည်။

“ဗျို့. . မုဆိုးကြီး၊ အောက်မှာ စောအယ်ထူးကို တွေ့မိသေးလား”

မုဆိုးကြီးက မော့ကြည့်ကာ. . .

“မတွေ့မိဘူးဗျ၊ ကျွန်တော် အပေါ်တက်ခဲ့ရမလား”

“ဟိုဘက်လင့်စင်မှာ ညိုကြီးတစ်ယောက်ထဲ ဖြစ်ပါ့မလား၊ သူကြောက်နေအုံးမယ်”

“ဖြစ်ပါတယ်ဗျာ. . . ဒီကောင်က တောကျွမ်းပြီးသားပါ၊ ကျုပ်တက်လာပြီနော်”

လင့်စင်ဆီမှ တွဲလောင်းချထားသော ကြိုးလှေခါးဆီသို့ မုဆိုးကြီးစောလုံ၏ ခြေလှမ်းတွေက အသက်မပါသလို ဖြည်းညင်းစွာ လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်လှိုင် မုဆိုးကြီးစောလုံကိုကြည့်ပြီး ရင်ထဲတစ်မျိုးကြီး ခံစားလိုက်ရကာ မုဆိုးကြီးတက်လာသော ကြိုးလှေခါးကို အပေါ်မှ ဆီးကြည့်နေလိုက်သည်။ ရာသီဥတုက ရုတ်တရက် ချမ်းဆိမ့်လာသဖြင့်. . ဘေးတွင်ချထားသော အရက်ပုလင်းကို လှမ်းယူကာ မော့သောက်လိုက်ရသည်။

အခုထိ အပေါ်ကိုရောက်မလာသေးသဖြင့် ကြိုးလှေခါးဆီ ငုံ့ကြည့်လိုက်လေရာ ကြိုးလှေခါးတွင် တက်လာနေသူက မုဆိုးကြီး မဟုတ်တော့. . . မိန်းမတစ်ယောက်ဖြစ်နေ၍ ပါးစပ်ထဲမှအရက်ပင် အပြင်ပြန်ထွက်သွားတော့သည်။

"ဖူး!. . ဖလူး!. . "

ထိုမိန်းမက လင့်စင်ပေါ်သို့ တက်လာနေချေပြီ။ လှမ်းတက်လိုက်သောလက်များက လက်သည်းရှည်ကြီးများနှင့် အမွေးအမျှင်များပါ ထူပိန်းနေသည်။ လင့်စင်ပေါ်ရောက်လာသော တစ်ကိုယ်လုံး အဝတ်မပါသည့်ထိုမိန်းမက ဦးမြင့်လှိုင်ကို စိုက်ကြည့်နေ၏။

"အာ. . အာ. . မင်းဘယ်သူလဲ"

ဦးမြင့်လှိုင် ကြောက်လွန်း၍ သစ်ပင်နှင့် ကျောကပ်နေလေပြီ။ အောက်ကိုကြည့်တော့ အမြင့်ကြီးဖြစ်နေ၍ သူ ခုန်မချရဲအောင် ဖြစ်နေ၏။

ထိုအမျိုးသမီး၏ မျက်လုံးများမှာ စိမ်းတောက်နေပြီး ချက်ချင်းပင် လေပေါ်မြောက်တက်သွားကာ ဦးမြင့်လှိုင်ဆီသို့ အရှိန်ဖြင့် ပြေးလာတော့သည်။

ဦးမြင့်လှိုင်လည်း သရဲမလက်တွင် အသေမခံလိုသဖြင့် ခုန်ချလိုက်လေတော့၏။





ဦးမြင့်လှိုင်ရင်ထဲ အေးခနဲ ခံစားလိုက်ရ၏။

"အား!. . အား!. . "

"ဆရာ. . ဆရာ. . "

သူ့ခန္ဓာကိုယ်အား စောအယ်ထူး လာလှုပ်သဖြင့် ဦးမြင့်လှိုင် နိုးသွား၏။ အိပ်မက်မှန်းသိမှ ရင်ဘတ်ကလေးဖိကာ သက်ပြင်းချနိုင်တော့သည်။

"ဆရာက အိပ်လှချည်လား၊ ဟင်းမျိုးကြီးက လာကောလာပါ့မလား ဆရာရယ်"

စောအယ်ထူးက လေသံခပ်အုပ်အုပ်ဖြင့်မေး၍ ဦးမြင့်လှိုင် အိပ်ချင်မူးတူးဖြင့် ပြန်ဖြေရသည်။

"ဝါး. . . ဒီကောင်ကြီး လာမှာပါ၊ စိတ်ရှည်ရှည်နဲ့ စောင့်စမ်းပါကွာ"

ဦးမြင့်လှိုင်က ထိုသို့ရှင်းပြလိုက်ပြီးနောက် လက်ကျန်အရက်ကို မော့သောက်လိုက်၏။ လဆန်း(၁၂)ရက်မို့ လက ထိန်ထိန်သာနေ၍ ဝန်းကျင်တစ်ခွင်ကို အထင်အရှားတွေ့မြင်နေရ၏။

လေသရမ်း၍ သစ်ပင်ကြီးငယ်များက တဝေါဝေါ၊ တရှဲရှဲ မြည်၍ လှုပ်ယမ်းနေသည်မှာ အသည်းငယ်သူများအတွက်တော့. . ကျောချမ်းစရာပင်ဖြစ်သည်။

တစ်ချက်တစ်ချက် ပေါ်ထွက်လာတတ်သော. . . ဂျီ(ချေ) ဟောက်သံ၊ မြွေတွန်သံ၊ ခွေးအအူသံတို့ကြောင့် တောသည် ပို၍ အသက်ဝင်နေ၏။ နားငြီးလောက်အောင် အော်ဟစ်နေကြသော ပုစဉ်းရင်ကွဲတို့၏ အသံကိုလည်း စိတ်ပျက်ဖွယ် ကြားနေကြရသည်။

ဟင်းမျိုးကြီး(ကျားကြီး)ကိုကား အရိပ်အယောင်ပင် မတွေ့

www.burmeseclassic.com



ရသေး. . . ။ ကျားဆိုးနှိမ်နင်းရန် လာရောက်စောင့်ဆိုင်းနေကြသည့် သစ်တောဝန်ထမ်းများ စိတ်မရှည်နိုင်အောင် ဖြစ်နေချိန်တွင် လင့်စင်များနှင့် မလှမ်းမကမ်းတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်၏ သစ်ခေါင်းအတွင်း လှုပ်ရှားမှုတစ်ခု စတင်ဖြစ်ပေါ်လာသည်။ ထိုသဏ္ဌာန်မှာ လူသားမိန်းမတစ်ယောက်နှင့် အတော်ပင်ဆင်တူသည်။

ထိုလူသား အမျိုးသမီးသည် သစ်ခေါင်းထဲမှ ထွက်လာပြီးနောက် အမှောင်ထုအတွင်းသို့ စူးစိုက်ကြည့်ရင်း နားစွင့်လိုက်သည်။

ထို့နောက် အနံ့ခံသလို လေထဲပါလာသည့်အနံ့ကို ရှူရှိုက်နေပြန်သည်။ သူနှစ်သက်သည့်အနံ့ကို ရလိုက်၍လားမသိ၊ ထိုအမျိုးသမီး ကျေနပ်စွာပြုံးလိုက်ရင်း အနံ့လာရာဘက်သို့ ဦးတည်လှုပ်ရှားလိုက်သည်။ မပီဝိုးတဝါး လရောင်အောက်တွင် မြင်တွေ့ရသူအဖို့ကတော့ ဝတ်လစ်စလစ်နှင့် အမျိုးသမီးတစ်ယောက် လျှောက်လာတာကို မြင်ကြရမည်ဖြစ်သည်။

ဝတ်လစ်စလစ်အမျိုးသမီး လျှောက်လှမ်းလာရင်း အရှိန်ရလာသည်တွင် တဖြည်းဖြည်းနှင့် လေထဲမြောက်တက်လာလေ၏။ သူမဦးတည်ရာက တောထဲမှ လင့်စင်ရှိရာသို့ဖြစ်၏။

ထိုအချိန်တွင် လင့်စင်ပေါ်မှ စောအယ်ထူးမှာ သူ့အနားဝိုင်းအုံနေသော ခြင်တွေကိုခါရင်း ထရပ်လိုက်သည်။ ထို့နောက် လင့်စင်အစပ်နားသွားကာ ဘောင်းဘီဇစ်ကို ဆွဲဖြုတ်လိုက်၏။

"ဟာ!. . ဟေ့ကောင် ဘာလုပ်မလို့တုန်း"

"မအောင့်နိုင်တော့ဘူး. . ဆရာရေ၊ သောက်ထားတာ များသွားလို့"

ပြောပြောဆိုဆိုဖြင့် လင့်စင်ပေါ်မှ စောအယ်ထူး ပန်းချ





လေတော့သည်။

"ဗျန်းဗျန်း!. . ဗျန်းဗျန်း!. ."

တားချိန်ပင် မရလိုက်သော ဦးမြင့်လှိုင်မှာ စိတ်ပူသွားပြီး. .

"ဟေ့ကောင်. . . ဒီအချိန်ကြီး တောထဲမှာ ဒါမျိုးမလုပ်ကောင်းဘူးကွ၊ အစောကြီးထဲက ဒီလိုဖြစ်တတ်မှန်းသိရင် ဝါးကျည်တောက်လေး ဆောင်ခဲ့ရောပေါ့ကွာ"

စောအယ်ထူးကတော့ မကြားချင်ယောင်ဆောင်ကာ ဆက်ပန်းချနေတော့သည်။

ပြီးတော့မှ မချိမချဉ် မျက်နှာထားဖြင့်ပြုံးရင်း. . .

"အရည်တွေများနေလို့ပါ ဆရာရယ်"

ပြောမရသည့်အဆုံး ဦးမြင့်လှိုင်လည်း တစ်ဘက်သို့ စောင်းငဲ့ကာ ပြန်အိပ်နေလိုက်တော့သည်။

"အားပါး. . အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်"

ဘောင်းဘီဇစ်ကိုဆွဲရင်း ပြန်လှည့်လိုက်စဉ်. . လေပေါ်တွင် ပေါလောပေါ်နေသော မိန်းမတစ်ယောက် သစ်ပင်နောက်မှ ရုတ်တရက်ထွက်ပေါ်လာပြီး လေအဟုန်နှင့် စောအယ်ထူးထံ တိုးဝင်လာတော့သည်။ စောအယ်ထူးလည်း ကြောက်လန့်ကာ နောက်ဆုတ်ရင်း လင့်စင်ပေါ်မှ ပြုတ်ကျသွားတော့၏။

"အ. . အား. ."

"ဝုန်း!. . ."

အသံကြားမှ ဦးမြင့်လှိုင် ခေါင်းထောင်ကြည့်မိသည်။

"ဟင်!. . . စောအယ်ထူး"

လင့်စင်ပေါ်မှ ပြုတ်ကျသွားသော စောအယ်ထူးကြော



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်လှိုင် ခေါင်းနားပန်းကြီးသွားရသည်။ အရက်မူးပြီး ဒီကောင် ပြတ်ကျသွားသည်ဟုသာ ထင်လိုက်သည်။ ငုံ့ကြည့်လိုက်တော့. . အောက်မှာ မလှုပ်မယှက်နဲ့ မှောက်လျက်ကြီး. . .

"ပြဿနာပဲ သေများသေနေပြီလား"

ဦးမြင့်လှိုင်၏ ဓါတ်မီးအလင်းရောင်အောက်တွင် စောအယ်ထူး ဘေးနားသို့ လူတစ်ယောက်ရောက်လာ၏။

"ဟော့. . ဘယ်သူလဲ"

ဦးမြင့်လှိုင်က ထိုလူကိုဓါတ်မီးနှင့် လှမ်းထိုးရင်း ခက်ထန်ထန် အော်မေးလိုက်သည်။ ထိုသူကမဖြေ. . အပေါ်ကိုသာ ပြန်မော့ကြည့်နေ၏။

"ဟင်!. . . မုဆိုးကြီး"

တစ်ဘက်လင့်စင်မှ မုဆိုးကြီးစောလုံ့ ဖြစ်နေသည်။ ဓါတ်မီးရောင်အောက်တွင် ထူးခြားနေသည်က မုဆိုးကြီး၏ မျက်လုံးများပင်ဖြစ်၏။ စိမ်းဖန့်ဖန့်မျက်လုံးတွေကို ဦးမြင့်လှိုင်မကြိုက်၊ အတွေ့အကြုံတွေက သူ့ကိုအများကြီး သင်ခန်းစာပေးခဲ့ပြီးပြီ။

ထို့ကြောင့်. . စမ်းသပ်မှုတစ်ခုအနေဖြင့် အိတ်ကပ်ထဲမှ ဖစ်ပိုမီးခြစ်ကိုယူ၍ မုဆိုးကြီးရှေ့သို့ ပစ်ချပေးလိုက်သည်။

"မုဆိုးကြီး. . အဲဒီမီးခြစ်ကို ခြစ်ပြစမ်းပါ"

တောထဲတွင် လူလား၊ သရဲလား၊ မိစ္ဆာလား ခွဲခြားနိုင်ရန် မီးခြစ်ကို အသုံးပြုကြသည်။ အကြောင်းမှာ လူယောင်ဆောင်လာသော မကောင်းဆိုးဝါးများသည် မီးရောင်ကိုကြောက်ကြသောကြောင့်ဖြစ်သည်။

သူထင်သည့်အတိုင်းပင် မုဆိုးကြီးက ထိုမီးခြစ်ကိုမကောက်၊





စူးစူးရဲရဲသာ လင့်စင်ပေါ်သို့ မော့ကြည့်နေ၏။ သေချာပြီ. . . ဒါ မုဆိုးကြီးစောလုံ့မဖြစ်နိုင်၊ လူယောင်ဆောင်ထားသော နာနာဘာဝသာ ဖြစ်ပေလိမ့်မည်။ ဦးမြင့်လှိုင်က သေနတ်ကိုကောက်ကိုင်၍ ထိုးချိန်လိုက်သည်။ ပစ်မှတ်က လှုပ်ရှားမှုမရှိ. . သေချာစွာ ချိန်ရွယ်၍ သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ချလိုက်တော့၏။

"ဒိုင်း!. ."

ကျယ်လောင်သော အသံနှင့်အတူ ယမ်းငွေ့များ ဖုံးလွှမ်းသွား၏။ ချက်ချင်းပင် ဟိုဘက်လင့်စင်မှ ဓါတ်မီးရောင်ဖြင့် အချက်ပြလာ၍ ဦးမြင့်လှိုင်ကလည်း ဒီဘက်မှ ပြန်အချက်ပြလိုက်သည်။

ထို့နောက် အောက်ကိုမီးထိုးကြည့်လိုက်တော့ စောစောက မုဆိုးကြီးစောလုံ့ကို မတွေ့တော့. . ။ ဒီတောထဲတောင်ထဲတွင် လူယောင်ဆောင်သော သူယောင်ထိုးများလည်း ရှိနေချေပြီ။

အခြေအနေသည် မိမိတို့အတွက် သိပ်မကောင်းနိုင်၊ ဤအချက်ကိုတွေးဆမိသော ဦးမြင့်လှိုင်မှာ သက်ပြင်းကိုသာချမိသည်။

လူယောင်ဆောင်ထားသော နာနာဘာဝတွေ သူတို့အနားတွင် ရောက်နေလေပြီ။

"အူ. . ဝူး. . ဝူး. ."

"ဂီး. . ဂစ်. ."

ရုတ်တရက် ဆွဲဆွဲငင်ငင်အူလိုက်သော တောခွေးအသံနှင့်အတူ 'လင်းကောင်ပိုး'ဟုခေါ်သော ညဥ့်ငှက်ဆိုးအသံကြောင့် ပုစဉ်းအော်သံများ တိခနဲရပ်သွားသည်။ ဆူညံနေရာမှ ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

တစ်ဖက်လင့်စင်တွင်တော့ ညိုကြီး ဓါတ်မီးကို ကိုင်ထား

www.burmeseclassic.com



ရင်း. .

"ဦးမြင့်လှိုင်တို့ တစ်ခုခုဖြစ်နေပြီနဲ့တူတယ်၊ ကျွန်တော် သွားကြည့်လိုက်ရမလား အဘ"

ညိုကြီး အောက်ဆင်းရန်ပြင်စဉ်မှာပင် မုဆိုးကြီးစောလုံက အကျီကိုလှမ်းဆွဲကာ တားလိုက်သည်။

"ဦးမြင့်လှိုင်က သူလာခဲ့မယ်လို့ အချက်ပြနေတယ်၊ မင်းသွားစရာမလိုသေးဘူး ညိုကြီး"

"ဂိး. . ဂစ်. ."

ထိုစဉ် ငှက်ဆိုးက လင့်စင်အနီးမှ ဖြတ်ပျံရင်း အော်မြည်သွားပြန်သည်။

"တောက်!. . ဒီငှက်စုတ်က တမှောင့်. ."

မုဆိုးကြီး၏တပည့်ဖြစ်သူ ညိုကြီးမှာ စိတ်ထဲကနေ၍ ငှက်ဆိုးကိုကျိန်ဆဲလိုက်မိသည်။ ငှက်ဆိုးအသံက ဘယ်လိုမှ သာယာမှုမရှိ. .။ အမင်္ဂလာအသံသာဖြစ်၏။

"ဝေါ!. . ဝရော!. . ဝေါ!. ."

"ရှဲ!. . ရှဲ!. . ရှဲ!. ."

တစ်စုံတစ်ခု ရွေ့လျားသွားသလို အသံကြီး. .၊ တစ်ခုခုပွတ်တိုက်ပြိုကျလာသလို အသံမျိုး. . .။

"ဟင်!. . ဘာဖြစ်တာလဲ. ."

အသံကြီးက မုဆိုးကြီးတို့လင့်စင်နှင့် မလှမ်းမကမ်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ နှစ်ယောက်သားဓါတ်မီးဖြင့် ပြိုင်တူလှမ်းထိုးလိုက်သည်။

ဖြူဖြူဖြောင့်ဖြောင့်ပင်စည်နှင့် အရွက်အုပ်အုပ်အပင်ကြီး





တစ်ပင်မှလွဲ၍ ထူးခြားမှုမရှိ. .၊ လေတိုက်၍ သစ်ရွက်များ လှုပ်ယမ်းနေသည်မှာအပ အခြားလှုပ်ရှားမှုမတွေ့. .။

"အဘ. . ဘာလဲအဘ. ."

"အိမ်း. . ငါလည်းမသိဘူး အံ့ဩစရာပဲ၊ တစ်ခုခုရွေ့လာတဲ့ အသံကြီးကွ၊ အခုကျတော့ ထွေထွေထူးထူး ဘာမှမတွေ့ရတော့ဘူး"

"ဟင်းမျိုးကြီး လာတာများလား"

"မဖြစ်နိုင်ဘူး၊ အခုက တော်တော်ကြီးကြီးမားမား အရာကြီးတစ်ခု ရွေ့သွားသလိုမျိုးကွ. . ."

"ဦးမြင့်လှိုင် အခုထိရောက်မလာသေးဘူး၊ ငါဆင်းကြည့်လိုက်မယ်၊ မင်းအပေါ်မှာပဲနေခဲ့. . ပြန်မထူးတာတို့၊ အချက်မပြတာတို့ဆို ပစ်သာချလိုက်. ."

မုဆိုးကြီးစောလုံ သေနတ်ကိုကြိုးသိုင်းလွယ်ကာ ကြိုးလှေကားမှ ဆင်းသွားသည်။

ထိုအချိန်တွင် ဦးမြင့်လှိုင်မှာလည်း လင့်စင်အောက်ဆင်းကာ ပြုတ်ကျသွားသော စောအယ်ထူးဆီ အပြေးသွားရတော့သည်။ အနားရောက်မှ 'အီး. . အား. .' အသံကြားရ၍ စောအယ်ထူးအတွက် သက်ပြင်းချနိုင်တော့သည်။

"အား. . ခါးကျိုးသွားပြီလားမသိဘူး ဆရာရယ်"

"အေး. . . ခုနကသရဲက မင်းကိုကုပ်ချိုးမသွားတာဘဲ ကံကောင်းတယ်လို့သာမှတ်. ."

လူတစ်ယောက်ပြေးလာသံကြား၍ လွယ်ထားသော သေနတ်ကိုထုတ်ကာ လှမ်းချိန်လိုက်သည်။ ဦးမြင့်လှိုင် သေနတ်ဖြင့် ချိန်ထား၍ ပြေးလာသောမုဆိုးကြီး ခြေလှမ်းတို့ ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးစောလုံ အိတ်ကပ်ထဲမှ မီးခြစ်ကိုထုတ်၍ ခြစ်ပြလိုက်သည်။ ချိန်ထားသော သေနတ်ကိုချလိုက်မှ မီးခြစ်ခြစ်လျက်သားလေးကိုင်ကာ မုဆိုးကြီး ဆက်ပြေးလာသည်။

ထိုစဉ် လင့်စင်ပေါ် ကျန်ခဲ့သော ညိုကြီးမှာ ဂနာမငြိမ် ဖြစ်နေ၏။ တစ်ယောက်တည်း ဖြစ်နေသဖြင့် ဓါတ်မီးအားကိုးကာ ပတ်ဝန်းကျင်ကို လိုက်ထိုးနေရလေပြီ။ ရုတ်တရက် ဓါတ်မီးပိတ်သွားသဖြင့် ညိုကြီးကြက်သီးထသွားရသည်။ လက်နှင့်ရိုက်ကြည့်သော်လည်း ဓါတ်မီးကမလင်းတော့. . .

ကြောက်ကြောက်နှင့် ဓါတ်မီးကို ထပ်ကာထပ်ကာရိုက်နေမိသည်။ လေနီကြမ်း ဖြတ်တိုက်လိုက်ချိန်တွင် သစ်ပင်နောက်ကွယ်မှ လေထဲဝဲပျံလာသောအရာတစ်ခု လင့်စင်ရှေ့သို့ ရောက်ချလာသည်။ ထိုအရာက လေပေါ်တွင်ရပ်နေသော ဝတ်လစ်စလစ်နှင့် မိန်းမတစ်ယောက်ပင်တည်း. . .

ထိုမိန်းမ လင့်စင်ပေါ်သို့ တက်လာသောအခါ. . .

"အား!. . အမလေး. . ဘာကြီးလဲ"

ညိုကြီး ဓါတ်မီးပစ်ချကာ ကြိုးလှေကားမှ အမြန်ပြေးဆင်းလေသည်။ လှေကားတစ်ဝက်ခန့်အရောက် လင့်စင်ပေါ်မှ ကြိုးလှေကားအတိုင်း ထိုမိန်းမက ဇောက်ထိုးကြီး လိုက်ဆင်းလာလေ၏။

ညိုကြီးလည်း ကြောက်ကြောက်လန့်လန့်နှင့် အောက်သို့ ခုန်ချလိုက်ရတော့သည်။

"ဘုန်း!. ."

"အား!. ."

မြေကြီးပေါ်အရောက် ညိုကြီးလူးလဲထလိုက်စဉ် ပုခုံးပေါ်





သို့ လက်တစ်ဖက်ကျရောက်လာ၍ ခေါင်းမှဆံပင်များ ထောင်ထသွားရသည်။ ညိုကြီးကြောက်လွန်း၍ မလှုပ်မယှက် ငြိမ်နေရာမှ ဇာတ်ပိုးအုပ်တာ ခံလိုက်ရ၍ သူလှည့်ကြည့်မိသည်။

"မင်းကို အပေါ်မှာပဲနေပါလို့ မှာထားတာ၊ ဘာလို့ အောက်ဆင်းလာတာလဲ၊ သေချင်နေပြီနဲ့ တူတယ်"

"ဟာ. . အဘကလည်း နာရတဲ့ကြားထဲ လာရိုက်နေသေးတယ်၊ ဆင်းလာတာမဟုတ်ဘူး ခုန်ချလာတာဗျ၊ အပေါ်မှာ အဝတ်မပါတဲ့ သူယောင်မယ် ရောက်နေလို့အဘရဲ့"

မုဆိုးကြီးလည်း သေနတ်ကိုမောင်းတင်၍ ပတ်ဝန်းကျင်ကို ဂရုတစိုက် ကြည့်နေလိုက်၏။ ထိန်ထိန်သာနေသော လမင်းက တိမ်မည်းလိပ်ကြီးတစ်ခုအကြား တိုးဝင်သွားသည်။ ဘော်ငွေသွေးရောင် အလင်းရောင်များက ရုတ်ခြည်းပျောက်ကွယ်သွား၍ အမှောင်ထုကြီးက ကြီးစိုးသွားတော့၏။

'တရှဲရှဲ'တိုက်ခတ်နေသောလေများက တိုက်ခတ်မှု ရပ်သွားပုံရသည်။ သစ်ရွက်သစ်ခက်တို့၏ လှုပ်ရှားမှုများလည်း မတွေ့ရတော့၊ ထူးဆန်းစွာပင် တောကောင်ငယ်များ၏ အော်မြည်သံတွေကိုလည်း မကြားရတော့၊ တောသည် ခြောက်ခြားဖွယ်ကောင်းလောက်အောင် ငြိမ်သက်သွား၏။ ကိုယ့်လက်ကိုယ် မမြင်ရလောက်အောင် အမှောင်ထုကလည်း လွှမ်းမိုးနေ၏။

ကောင်းသောအခြေနေတော့မဟုတ်၊ ကောင်းသောငြိမ်သက်ခြင်းနှင့်လည်းမတူ. . မုန်တိုင်းမကျမီ ပင်လယ်ပြင်၏ ငြိမ်သက်ခြင်းမျိုးပင်တည်း။

"အဘ. . တောခြောက်၊ တောမှောက်တာလား. ."



www.burmeseclassic.com

www.burmeseclassic.com



စောအယ်ထူး၏အမေးကို ဦးမြင့်လှိုင်မဖြေ၊ ပတ်ဝန်းကျင်ကိုသာ ခါတ်မီးထိုး၍ စေ့စပ်သေချာစွာ စောင့်ကြည့်နေ၏။

"ဟင်. . အဘ. . ဟိုမှာ. . ဟိုမှာ. . "

"ဟေ. . ဘာလဲ ညီကြီး. . ဘာလဲ. . "

ညီကြီး ခါတ်မီးထိုးပြသောနေရာကို ကြည့်လိုက်သည်။

ပင်စည်ဖြူဖြူ သစ်ပင်ကြီးတစ်ပင်မှလွဲ၍ အခြားဘာအပင်မှမရှိတော့. . .

"ဘာဖြစ်လို့လဲ ညီကြီးရာ၊ မင်းကလည်း အထိတ်တလန့်နဲ့ လန့်စရာမရှိပါဘူး. . " 

"သစ်ပင်ကြီး. . သစ်ပင်ကြီးအဘ. . "

"ဟေ. . . သစ်ပင်ကြီး၊ ဘာအပင်ကြီးတုန်း. . တွေ့တယ်လေ အပင်ဖြူဖြူကြီးကို ပြောတာမဟုတ်လား. .၊ တွေ့သားပဲ ဘာများထူးဆန်းလို့လဲ ညီကြီး. . "

"အဲဒီ. . . အဲဒီအပင်ကြီးက. . အ. . အခုမှ. . ရောက်ရောက်လာတာ၊ အရင်က ဒီနေရာမှာ အဲဒီ့အပင်ကြီး. . မ. . မရှိဘူးလေ အဘရဲ့၊ ခြုံနဲ့မြက်ရိုင်းတောပဲ ရှိတာလေ"

"ဟေ. . ဟုတ်သားပဲ"

ဟုတ်ပေသည် ညီကြီးပြောတာ အမှန်ပင်ဖြစ်သည်။

ထိုနေရာ၌ သူတို့ရောက်တုန်းက ထိုအပင်ကြီးမရှိခဲ့. .၊ လူခါးစောင်းခန့် မြက်ရိုင်းတောနှင့် ချုံပင်၊ ဆူးပင်များသာရှိသည်။ ယခုထိုအပင်ကြီးက မည်သို့ရောက်လာသနည်း။

အပင်ကြီးက မြေထောက်ပေါက်၍ လျှောက်လာစရာအကြောင်းမရှိ၊ စောစောက ကြားလိုက်ကြရသော သွေးပျက်ဖွယ် ရွှေ့





လျှားသံကြီးမှာ ထိုအပင်ကြီး ရွှေ့လျှားလာခြင်းပေလော. .။

ထိုသို့ဆိုလျှင်. . .

"မှားနေပြီ. . တစ်ခုခုတော့ မှားနေပြီ၊ တောမှောက်ပြီလားမသိဘူး. . "

အတွေ့အကြုံများလှသော သစ်တောဝန်ထမ်း ဦးမြင့်လှိုင်ကိုယ်တိုင် ပါးစပ်အဟောင်းသားဖြင့် သစ်ပင်ကြီးကို မီးထိုးရင်းကြည့်နေမိသည်။ အပင်က သေးသေးမွှားမွှားလည်းမဟုတ်၊ ပင်စည်လုံးပတ်က လူကြီးတစ်ဖက်ခန့်၊ အမြင့်က ပေသုံးဆယ်မျှရှိမည်။

ဤမျှကြီးမားသောအပင်ကြီးက. . မည်သို့ရွှေ့လျားကာရောက်လာပါသနည်း။

ထိုအပင်ကြီး၏ ပင်စည်သည် ဖြောင့်တန်း၍ အကိုင်းအခက်တစ်စုံတစ်ရာမရှိ၊ အပေါ်ပိုင်းတွင်သာ အရွက်များ အုပ်ဆိုင်းနေသည်။ ဘာအပင်ဟုလည်း သူတို့မသတ်မှတ်နိုင်၊ ပင်စည်ကထူးခြားစွာ ဖြူဖွေးနေသည်ကိုက အဆန်းတကြယ်ရှိလှ၏။

နီကျင်ကျင်အရွက်များကလည်း သွေးရောင်လို ရဲနေသည်။

"ဒီနေရာက အမြန်စွန့်ခွာမှဖြစ်တော့မယ်"

ဒီတစ်ခါတော့ စောအယ်ထူးကို ညီကြီးပြောင်းတွဲကာ ခြေကုန်သုတ်ကြတော့သည်။ မုဆိုးကြီး နောက်တွင်ချန်ကာ လိုက်ပါလာခဲ့သည်။

သူတို့နောက်သို့ မီးခိုးဖြူဖြူအငွေ့များ လိုက်ပါလာလေရာ နောက်တွင်ချန်နေခဲ့သော မုဆိုးကြီးစောလုံမှာ သူတို့အားလုံးကို သွားခိုင်းနေသည်။

မုဆိုးကြီး မြေပေါ်တွင် ဒူးထောက်ထိုင်ချကာ သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘေးတွင်ချရင်း လက်အုပ်ချီလျက်. . . တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ဦးခိုက်လိုက်သည်။

အငွေ့တွေကတော့ ရှေ့ကိုဆက်တိုးလာနေဆဲ. . .

ထိုအခြင်းအရာကိုတွေ့သော ဦးမြင့်လှိုင်မှာ မနေနိုင်တော့ဘဲ မုဆိုးကြီးအနားပြေးသွားကာ မြူခိုးဖြူများကြားထဲသို့ သေနတ်ဖြင့် ပစ်ခွင်းလိုက်တော့သည်။

"ဒိုင်း!. ."

ထပ်ပစ်မည်အလုပ် မုဆိုးကြီးက သေနတ်ကိုဖမ်းဆွဲရင်း ဟန့်တားလိုက်ရသည်။

"မပစ်နဲ့ ကိုမြင့်လှိုင် မိစ္ဆာတွေစိတ်ဆိုးရင် ကျုပ်တို့အားလုံး လွတ်လမ်းမရှိဘူး"

ထိုစဉ် တစ်တောလုံး ဆူညံသွားပြီး ချက်ချင်းတိခနဲ ပြန်၍ ငြိမ်သွားသည်။ ခပ်ဝေးဝေးရှိ လင့်စင်နှစ်ခုပေါ်မှ ကုန်းကုန်းကွကွ လူများကို မှုန်ဝါးဝါးအလင်းရောင်အောက်၌ တွေ့လိုက်ကြ၏။

ဒီလိုအချိန်မျိုးတွင် တောထဲ၌ မကောင်းဆိုးဝါးမိစ္ဆာများ မြူးတူးနေကြ၏။ ကျားရိုင်းကို ထောင်ဖမ်းရန် ပြင်ဆင်ထားသော ဆိတ်ထီးအသေကြီးမှာလည်း ခုန်ဆွခုန်ဆွနှင့် ထရပ်၍ မြက်တောထဲ တိုးဝင်ပျောက်ကွယ်သွားသည်။

မုဆိုးကြီး စိတ်မချတော့၍ သူတို့အားလုံးကို ပြေးခိုင်းနေပြီ. .။

"ခင်ဗျားတို့ပြေးနှင့်တော့. . ကျုပ် နောက်ကလိုက်ခဲ့မယ် ဒီတောက အခြေနေမကောင်းတော့ဘူး. . အတော်ဆိုးနေပြီ"

"ဝေါ!. . ဝရော!. ."





ထိုစဉ် ကြောက်စရာမြည်သံကြီးများ စတင်လာပြီး သစ်ပင်ဖြူဖြူကြီးလည်း ရွေ့လျားလာနေပုံမှာ အသက်ဝင်နေသော သက်ရှိအလား. . .

မုဆိုးကြီးသိုင်းလွယ်ထားသော လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်လိုက်သည်။ လက်ထဲပြန်ပါလာသည်က လက်သည်းခွံလောက်အရွယ်ရှိသော ကြေးနီလုံးလေးများဖြစ်သည်။

ထိုအလုံးလေးများတွင် အင်းပုံစံ စာသေးသေးလေးများ ထိုးထားသည်။ လက်ထဲတွင်ဆုပ်ကိုင်လိုက်ပြီး ပါးစပ်တွင်တော့ကာ မန်းမှုတ်၍ သေနတ်ပြောင်းဝထဲ ထည့်လိုက်၏။ သေနတ်ကိုချိန်ကာ ရန်သူအလာကို စောင့်နေလိုက်တော့သည်။

ဦးမြင့်လှိုင်တို့လည်း ဆက်မပြေးတော့ဘဲ မုဆိုးကြီးကို မြင်သာသောနေရာမှ စောင့်နေကြသည်။ မြူခိုးတွေက မုဆိုးကြီးနောက်မှ ကွေ့ပတ်လာကာ လေပေါ်ပျံသန်းနေသော မိန်းမတစ်ယောက်နှင့် တူနေ၏။

"မုဆိုးကြီး. . နောက်မှာ. ."

မြူခိုးဖြူများက မုဆိုးကြီးကို အုပ်ချလိုက်လေပြီ။ ဦးမြင့်လှိုင်အော်သော်လည်း နောက်ကျသွားခဲ့ပြီ။ မြူခိုးများပြယ်တော့ လဲကျကာ အသက်ပျောက်နေသော မုဆိုးကြီးစေလုံကို တွေ့လိုက်ရ၏။

ဦးမြင့်လှိုင်လည်း ထိုမြူခိုးများကြားထဲသို့ သေနတ်ဖြင့် ထပ်၍ပစ်ခွင်းလိုက်သည်။

"ဒိုင်း!. ."

သေနတ်သံတစ်ချက် မြည်သွားလျှင်တော့ အရာအားလုံး တဒင်္ဂမျှ ငြိမ်သွားကျသည်။ သို့သော်. . ခဏပင်. . ။ ရှုန်းသုန်း



www.burmeseclassic.com

ကားအခြေအနေက ဖြစ်မြဲဖြစ်ပေါ်လာပြန်၏။

"ဆရာ. . ဟိုမှာ. . ဟိုမှာ"

"ဟေ. ."

ညိုကြီးပြရာသို့ အားလုံးခါတ်မီးဝိုင်းထိုးလိုက်ရာ မြက်တောစပ်ထဲ ပိန္နဲပင်ကြီး၌ မှီ၍ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ ပြုံးချိုသောမျက်နှာဖြင့် သူတို့အားလုံးကို လက်ယပ်ခေါ်နေ၏။

ထိုမိန်းမမှာ စောစောက လင့်စင်ပေါ်မှာ တွေ့ခဲ့ရသည့် ဝတ်လစ်စလစ်နှင့်မိန်းမမှန်း ညိုကြီးသိလိုက်၍ ထိတ်လန့်သွားမိ၏။

ဗဟုသုတများသည့် ဦးမြင့်လှိုင်က. . .

"သွားမကြည့်နဲ့ကွ၊ ဒီမိန်းမဟာ လူယောင်ဆောင်ထားတဲ့ မိစ္ဆာကွ"

"ဟိုဘက်ကပတ်ပြေးမယ်၊ ငါတို့ တောစပ်ရောက်အောင် ပြေးကြမယ်"

သူတို့အဖြစ်က ကျားနှင့်မတွေ့ဘဲ သရဲနှင့်တွေ့၍ သေပြေးရှင်ပြေး ပြေးနေရသောဘဝ. . ။ တောကြီး၏ မာယာပင်လား. .၊ သို့တည်းမဟုတ် ကဟီးလူးဘေးမဲ့တောသည် မိစ္ဆာတို့မြူးသည့် တောပင်လော. .၊ ဒါကိုတော့ သူတို့မခွဲခြားနိုင်. . ။

လက်ရှိသူတို့ရဲ့အသိက တောနက်မှလွန်၍ တောစပ်သို့ အမြန်ရောက်ရှိရေးသာ ဖြစ်တော့၏။







# အခန်း (၂)

"မု ဆိုးကြီး'အလန်ကွာတာမိန်း'ကို သိပ်သဘောကျတာပဲကွာ"

"ငါကတော့ ဆရာကြီး'ဆာအာသာကိုနင်ဒွိုင်း'ရဲ့ စုံထောက်ကြီး'ရှားလော့ဟုမ်း'ကိုပဲ ကြိုက်တယ်"

ဥက္ကာ၏စကားကိုကောက်၍ ပုလဲကချက်ချင်းပင် တုန့်ပြန်လိုက်၏။

တူမယောင်နှင့် အနည်းငယ်ကွဲနေသော သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



၌. . လုံးဝတူညီသော ဝါသနာအချို့လည်း ရှိနေသည်။ ထိုအရာမှာ စာဖတ်ခြင်းပင်ဖြစ်၏။ သူတို့သူငယ်ချင်းနှစ်ယောက်စလုံးသည် ငယ်စဉ်ကတည်းကပင် စာဖတ်ဝါသနာပါကြ၏။

စာအုပ်ကောင်းများကို ရှာရှာဖွေဖွေဖတ်ကြ၏။ အိပ်ရေးပျက်ခံ၍လည်း ဖတ်ကြသည်။ အကုန်အကျခံ၍လည်း ဝယ်ကြသည်။ ထမင်းတစ်နပ် အလွတ်ခံ၍လည်း ဖတ်ကြသည်။

"ငါကြားဖူးတဲ့ စာပိုဒ်လေးတစ်ပိုဒ် ရွတ်ပြမယ်၊ သိပ်ကောင်းတဲ့ စာသားတွေပေါ့. . ၊ ဝါရင့်စာဖတ်သမားတစ်ယောက် လက်ထဲက ခဲတံသည် စာအုပ်ထဲက စာအနှစ်သာရတွေကို တူးဆွဖော်ယူပေးသည့် လက်နက်ကိရိယာတစ်ခု ဖြစ်၏တဲ့. . "

ဥက္ကာက ကမ္ဘာကျော်စာရေးဆရာကြီးလေသံဖြင့် ပြော၏။ အမှန်တော့ ဥက္ကာနှင့်ပုလဲ နှစ်ယောက်စလုံးသည် အခုမှ အသက်နှစ်ဆယ့်သုံးနှစ် စွန်းစွန်းသာရှိသေး၏။

သူတို့နှစ်ယောက်သည် အိမ်နီးချင်း၊ ငယ်သူငယ်ချင်း ဘဝမှသည်. . ယခုတတိယနှစ်ရောက်သည့်တိုင် အခင်မင်ဆုံး သူငယ်ချင်းများ ဖြစ်လာခဲ့ကြ၏။

သို့သော် မေဂျာကတော့မတူ၊ ဥက္ကာက သတ္တဗေဒကျောင်းသား၊ ပုလဲက ရုက္ခဗေဒကျောင်းသူ ဖြစ်၏။ ယခုလည်း သူတို့ဆုံနေကျ လမ်းထိပ်က ငုဝါကဖီးဆိုင်တွင် စကားလက်စုံ ကျနေကြသည်။

"ဟဲ့. . ဥက္ကာ၊ သွေးစုပ်ဖုတ်ကောင်ဆိုတာ နင်ယုံသလား"

"ဒီလိုရှိတယ်ပုလဲ. . နင်ကြည့်ဖူးတဲ့ ဗီဒီယိုဇာတ်ကားတွေ၊ နင်ဖတ်ဖူးတဲ့ စာအုပ်တွေထဲက သွေးစုပ်ဖုတ်ကောင်တွေဆိုရင်တော့ မယုံဘူး. . "





သူတို့နှစ်ယောက်အကျင့်က အတွေးအခေါ်တွေ၊ ပြဿနာတွေကို အပြိုင်ငြင်းခုံတတ်ကြခြင်း အသိခြင်းပြိုင်ကြခြင်း ဖြစ်သည်။

ယခုလည်း သွေးစုပ်ဖုတ်ကောင်အကြောင်းကို ပုလဲ စတင်လိုက်ပြန်ပြီ။

"ဥက္ကာ. . နင် ကြီးကြီးကျယ်ကျယ် သိပ်မပြောနဲ့"

"ဟုတ်တယ်လေ. . တန်ခိုးစွမ်းအားတွေ၊ ဖန်ဆင်းမှုတွေပါတဲ့ သွေးစုပ်ဖုတ်ကောင်ဆိုတာ တကယ်မရှိဘူး. . ဗီဒီယို၊ ရုပ်ရှင်၊ စာအုပ်တွေထဲမှာပဲရှိတာ. . သက်သက်မှန်းထားတာ"

"ဒါဆို နင်က ဘယ်လိုသွေးစုပ်ဖုတ်ကောင်ကို ယုံသလဲ"

"အင်း. . ပြောရရင်တော့ ခြင်၊ မျှော့၊ လင်းနို့၊ ကြမ်းပိုး. . အဲဒီသွေးစုပ်ဖုတ်ကောင်တွေကိုတော့ ယုံတယ် ပုလဲ. . ၊ လက်တွေ့လည်းပြနိုင်တယ်လေ"

ဥက္ကာစကားကြောင့် ပုလဲက မျက်စောင်းခဲရင်း. . .

"နင်နော်. . ငါကအကောင်းပြောနေတာ"

"ဒီလိုရှိတယ်ပုလဲ၊ တကယ်တော့ သွေးစုပ်ဖုတ်ကောင်ဆိုတာ မကောင်းဆိုးဝါးမိစ္ဆာတွေ မဟုတ်ဘူး၊ သူတို့က ရောဂါသည်တွေ၊ ဘာရောဂါလဲဆိုတော့. . သွေးဆာတဲ့ရောဂါ၊ ငါသိသလောက် ပြောရရင် အင်္ဂလန်မြောက်ပိုင်းမှာ တစ်ချိန်က သွေးစုပ်ဖုတ်ကောင် မျိုးနွယ်စုတစ်စု ရှိခဲ့တယ်၊ တကယ်တော့ ရွာတွေမြို့တွေက လက်မခံဘဲ မောင်းထုတ်ထားလို့ သူတို့အချင်းချင်း စုနေကြတဲ့သဘော၊ ဒါဟာ ရောဂါတစ်ခုဆိုတာကို ဆေးသိပ္ပံပညာရှင်တွေက လေ့လာစမ်းဆေးခဲ့ကြတယ်၊ ဇီဝရုပ် ဖောက်ပြန်မှားယွင်းမှုတစ်ခုကြောင့် သူတို့တွေဟာ သွေးကို မွတ်သိပ်ဆာလောင်နေတဲ့ ဝေဒနာသည်တွေ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြရတာပေါ့"

ဥက္ကာက စကားကိုရပ်၍ 'အဟမ်း'ဟု လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးမှ ထပ်ပြောပြန်သည်။

"ဒီလူတွေဟာ ဒုက္ခိတတွေ မဟုတ်ကြပေမယ့် ဒုက္ခိတတွေလိုပဲ သနားစရာကောင်းကြရှာတယ်တဲ့၊ လူတွေလို ပုံမှန်လှုပ်ရှားသွားလာနေကြပေမယ့်၊ အချိန်ကျလာရင် သွေးဆာလာကြတော့တာပဲ၊ ဒါကြောင့် သူတို့ဟာ သွေးဆာနေကြတဲ့ ဝေဒနာရှင်တွေ. . သွေးစုပ်ဖုတ်ကောင်တွေပေါ့"

ဤသို့လျှင် သူတို့နှစ်ဦးသည် ထူးခြားဆန်းပြားသော အကြောင်းအရာများအပေါ်တွင်လည်း စိတ်ဝင်စားမှုဝါသနာက တူကြပြန်သည်။ ကပ်သီးကပ်သပ်တွေကိုလည်း စဉ်းစားပြောဆိုကြ၏။ တစ်ယောက်နှင့်တစ်ယောက် စကားနိုင်လုသလို ငြင်းကြခုန်ကြ၏။ အခုလည်း ပုလဲက တခြားအကြောင်းအရာတစ်ခုကို ထပ်ဆွဲထုတ်လိုက်ပြန်ပြီ။

"လူဟာ မျောက်ကဆင်းသက်လာတယ် ဆိုတာကော. . နင်ယုံလား ဥက္ကာ"

"အင်း. . အဲ. . ယုံတယ်၊ မယုံဘူး ဆိုတဲ့အထဲမှာ ငါမပါဘူး၊ ဒါပေမယ့် နင် ဘာကိုပြောချင်လို့ စကားစသလဲဆိုတာတော့ ငါသိတယ်၊ လူတွေက မျောက်ကနေ ဆင်းသက်လာတယ်ဆိုပြီးတော့. . ဘာလို့ အခုထိ မျောက်တွေကျန်နေသေးတာလဲ၊ ဘာကြောင့် လူမဖြစ်ကြသေးတာလဲလို့ မေးမလို့မဟုတ်လား"

"အဟီး. . နင် အတော်တိုးတက်လာပြီ ဥက္ကာ၊ ရှားလော့ဟုမ်းနဲ့တော့ နဲနဲတူလာပြီ"





"မျောက်မျိုးနွယ် အများကြီးထဲက လူဖြစ်လာမယ့် မျောက်မျိုးစုတစ်စုရှိတယ်၊ ဒီမျိုးစုကပဲ မျိုးရိုးဗီဇ ဖြစ်စဉ်ပြောင်းလဲတိုးတက်မှုအရ လူတွေဖြစ်လာကြတာပေါ့၊ မျောက်အားလုံးတော့ လူဘယ်ဖြစ်လာမလဲ"

ဥက္ကာက မျက်မှောင်ကြုတ်ကာ ပုလဲကိုကြည့်ရင်း. .

"နေပါအုံး နင်ကဘာလို့ လူတွေကိုစိတ်မဝင်စားဘဲ မျောက်တွေကိုမှ စိတ်ဝင်စားနေရတာတုန်း၊ မဖြစ်သင့်ဘူးနော်. . ဟင်း. . ဟင်း. ."

"တော်စမ်း. . ပေါက်ကရတွေ တွေးမနေနဲ့၊ ငါတို့က အခုကျောင်းပိတ်ပြီမဟုတ်လား"

ထိုစဉ် စားပွဲထိုးကောင်လေး သူတို့မှာထားသော ထောပတ်သီးဖျော်ရည်နှစ်ခွက်ကို လာချသဖြင့် စကားစပျက်သွား၏။ ဒီတော့ ဥက္ကာက စကားဆက်ပေးရသည်။

"အေးလေ. . အဲဒါဘာဖြစ်လဲ"

"ဒီတော့ ငါတို့တွေ အားနေပြီလေ၊ ငါစဉ်းစားမိတယ် ဥက္ကာ. . ငါ့အဖေရဲ့အစ်ကို. ."

"နင့် ဦးလေးပေါ့ဟာ"

ပုလဲ၏စကားကို ဥက္ကာက ဝင်ထောက်လေ၏။

"အင်း. . အဲဒီငါ့ဦးလေးက သစ်တောဝန်ထောက်၊ သူက ကရင်ပြည်နယ်၊ ဖားအံ၊ သထုံသစ်တောကြိုးဝိုင်းတစ်ခုမှာ တာဝန်ကျနေတာ. ."

"အယ်. . အဲဒါနဲ့ မျောက်ကိုစိတ်ဝင်စားတာနဲ့ ဘာမှမဆိုင်ဘူးထင်တယ်နော် ပုလဲ၊ နင့်ဦးလေးကို သတိရတာနဲ့ မျောက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သတိရသွားသတဲ့လား”

“ဟာ. . နင်ကလည်း၊ ဆိုင်တော့မဆိုင်ဘူး. . ဆက်စပ်နေတယ်လေ၊ ဒီလို. . ဒီလို. . ငါဆိုလိုချင်တာက ငါ့ဦးလေးရဲ့ သစ်တောကြီးပိုင်းမှာ တိရစ္ဆာန်မျိုးစုံရှိမယ်၊ တောဆိုတော့. . . တောရိုင်းတိရစ္ဆာန်တွေအများကြီးပေ့ါ၊ ဒါကို ငါစိတ်ဝင်စားသွားလို့ပါ”

ဥက္ကာ သဘောပေါက်ဟန်နှင့် ခေါင်းညိတ်ပြရင်း. .

“အား. . ဟုတ်ပြီ. . ဟုတ်ပြီ ငါလည်း ဒီတောတွေ တောင်တွေဆို စိတ်ဝင်စားတယ်၊ ကိုယ်တိုင်ကိုယ်ကျလည်း သွားချင်တယ်၊ လေ့လာချင်တယ်၊ တောအတွေ့ကြုံတွေရချင်တယ် ပုလဲ”

“ငါသိတယ်လေ နင်တို့လို(ZooL)သမားတွေက အမျိုးတွေရှိရာ သွားလေ့လာချင်တာ ဘာဆန်းသလဲ”

ပုလဲ၏စကားကြောင့် သူအံ့ကြိတ်လိုက်မိသည်။ ပုလဲ၏ဆက်စပ်တွေးခေါ်တတ်မှုကိုပဲ အထင်ကြီးရမလား၊ ဦးညွှတ်ရမလားမသိ။ သေချာတာကတော့. . သူ့ကိုနှိပ်ကွပ်လိုက်တာတော့ သေချာသည်။ ထပ်မံမငြင်းလို၍ ငြိမ်ခံပေးလိုက်သည်။

“အဲဒါနဲ့ မနေ့ညက ဒက်ဒီကို ဖွင့်ပြောပြလိုက်တယ်၊ သမီးသစ်တောတွေဘက် သွားလေ့လာချင်တယ်လို့၊ နင်သိတဲ့အတိုင်းပဲ ငါ့ဒက်ဒီနဲ့မာမီက အမြင်ကျယ်တယ်လေ၊ သမီးလေးတစ်ယောက်တည်း မွေးထားလို့လားမသိဘူး၊ ငါ့ဝါသနာတွေကို အားပေးတယ်လေ. . မချုပ်ချယ်ဘူး၊ ဘယ်အရာမဆို ကိုယ်ပိုင်အတွေးအခေါ်နဲ့ လုပ်စေချင်ကြတယ်”

“ကဲ. . ဒီတော့. . နင့်ကိုသွားခွင့်ပြုတယ်ပေ့ါ”

လေကြောရှည်ပြီး ဟိမဝန္တာချီးမွမ်းခန်းတွေ ဖွဲ့နေမည်စိုး၍





ဥက္ကာက ဖြတ်မေးလိုက်ခြင်းဖြစ်သည်။

“ဒါပေ့ါ. . ခွင့်ပြုတာပေ့ါ၊ ဒါပေမယ့် ဒက်ဒီကငါ့ကို ပြန်စဉ်းစားပါအုံးတဲ့၊ ခရီးကဝေးတယ်. . ကြမ်းတယ်၊ ကျန်းမာရေးကအစပေ့ါဟယ်၊ ပြီးတော့ ခရီးအတူသွားလို့ရနိုင်တဲ့ သူငယ်ချင်းအဖေါ်တွေလည်း လိုအပ်တယ်တဲ့လေ”

“ဟာ. . နင်က ငါ့ကိုခေါ်မယ်လို့ မပြောလိုက်ဘူးလား”

“မပြောဘဲနေမလား ဥက္ကာစုတ်ရဲ့၊ နင်တစ်ယောက်တည်းမဟုတ်ဘူး၊ ဒက်ဒီကလည်း ငါးယောက်လောက် ဖြစ်စေချင်တယ်တဲ့၊ မိန်းကလေးအဖော်လည်း ပါရမယ်ပေ့ါဟယ်၊ နားလည်မှုရှိတဲ့ အဖေါ်တွေဖြစ်မှ အဆင်ပြေမယ်တဲ့၊ ဒီတော့ ငါစဉ်းစားမိတာက. . . ငါရယ်နင်ရယ်၊ ပြီးတော့ စိုးမင်းရယ်၊ ကေသွယ်၊ ပြီးတော့ နောက်တစ်ယောက်ယောက်ပေ့ါ. . ”

ဥက္ကာက ခေါင်းကုပ်ကာ မျက်နှာငယ်လေးဖြင့်. . .

“အဲဒါကတော့ ထားပါတော့၊ အရေးကြီးတာက ပိုက်ဆံလေ. . ငါတို့က နင့်လိုမှ မချမ်းသာတာ၊ ဒီလောက်စရိတ်စကတွေ ငါတတ်နိုင်မှာ မဟုတ်ဘူး”

ဥက္ကာမှာ မျက်နှာလေးညှိုးသွားကာ လေသံတိုးတိုးဖြင့် ပြောရှာသည်။

“ပြီးတော့ အဖေ့ဆေးရုံစရိတ်နဲ့ နာရေးကိစ္စအတွက် အိမ်ဂရန်ပေါင်ထားတာလည်း ခုထိမရွေးနိုင်သေးဘူးလေ”

“ငါသိပါတယ်၊ ဒက်ဒီတို့ကလည်း ကောင်းကောင်းတွေး ပြီးသားပါ၊ ငါ့ဒက်ဒီက ဘယ်လောက်ချစ်ဖို့ကောင်းသလဲဆိုရင် တတ် နိုင်သလောက်ပဲ ထည့်ကြပါစေတဲ့၊ လိုတဲ့ငွေကိုသူ အကုန်ထုတ်ပေး

www.burmeseclassic.com



မယ်တဲ့၊ သွားရေးလာရေး အစစအရာရာ အဆင်ပြေစေဖို့ သူစီစဉ်ပေးမယ်တဲ့"

"ဟာ. . တော်လိုက်တဲ့ ယောက္ခမကြီးကွာ"

"ဘာ!. . ဘာပြောတယ်"

"အဟီး. . စတာပါ၊ ဘာလဲ နင်က စိတ်ဆိုးလို့လား"

"မဆိုးပါဘူး၊ ခစ်. . ခစ်. . ခစ်. . သချာအောင်မေးတာငတုံးရဲ့"

"မဖြစ်ပါဘူးပုလဲရယ်၊ နင်နဲ့ငါက ဘုန်နဲ့ဘောက်၊ ထသတ်နေကြမှာသေချာတယ်၊ ဘယ်သူအရင် သေမလဲမသိဘူး"

"နင်အရင်သေမှာ သိလား ဉက္ကာပုံ. . ဉက္ကာစုတ်ရဲ့"

"ဒါဆို ငယ်ငယ်ရွယ်ရွယ်နဲ့ နင်မုဆိုးမ ဖြစ်မှာပေါ့"

"တော်တော်. . ဉက္ကာ"

ဘုန်နှင့်ဘောက်စကားဝိုင်းကို အဆုံးသတ်၍ အိမ်ပြန်ခဲ့ကြသည်။ သို့သော်. . ထိုခရီးစဉ်ကိုတော့ ရင်ခုန်စွာနှင့် အိပ်မက်အတူမက်ခဲ့ကြလေသည်။







# အခန်း(၃)

မုဆိုးကြီးစောလုံအလောင်းကို သင်္ဂြိုဟ်အပြီး. . . သူ့လွယ်အိတ်လေးကို တယုတယကိုင်ရင်း ဦးမြင့်လှိုင် အထဲကိုကြည့်မိသည်။ ကြေးနီလုံးလေး ငါးလုံးတွေ့၍ ယူထားလိုက်သည်။

"အင်းဗျာ. . ကိုမြင့်လှိုင်ကိုယ်တိုင်ပြောပြလို့သာ ယုံတော့တယ်ဗျာ. ."

တောအုပ်ကြီးဦးတင် ရေနွေးကြမ်းကို ခွက်ထဲငှဲ့ရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ပိသစ်ထုတ်လုပ်ရေးစခန်းတစ်ခုလုံး အံ့ဩဘနန်း ဖြစ်ခဲ့ကြရသည်။ ကျားပစ်သွားသောအဖွဲ့ သရဲခြောက်ခံရသည်ဆိုသော အဖြစ်က လူတိုင်းအတွက် အံ့ဩရသည်။

ဒီတစ်ခါတော့ တောအုပ်ကြီးဦးတင် ဦးဆောင်ကာ လူအင်အား၊ လက်နက်အင်အား အပြည့်အစုံဖြင့် တောထဲသို့ ထွက်လာခဲ့ကြသည်။ သစ်ခုတ်ရန်အတွက် လက်နက်ကိရိယာတွေကလည်း အစုံအလင်၊ သစ်ဆွဲရန်အတွက် ဗွယ်စုံဆင်ကြီးနှစ်ကောင်ပင် အပါခေါ်လာခဲ့သေးသည်။ ဦးမြင့်လှိုင်လည်း သူတို့အဖွဲ့နှင့် လိုက်ပါလာခဲ့ရသည်။

ကျိုက်ပိသစ်ထုတ်လုပ်ရေးစခန်းနှင့် ကဟီးလူးဘေးမဲ့သစ်တောကြိုးဝိုင်းက လေးမိုင်နှင့်နှစ်ဖာလုံ ကွာဝေး၏။ ကဟီးလူးတောစပ်အဝင်မှာပင် ထူးခြားဖြစ်စဉ်တစ်ခုက သူတို့အဖွဲ့ကို စောင့်ကြိုနေသည်။ အဖွဲ့ထဲတွင် ဦးမြင့်လှိုင် ပါနေ၍လည်း ဖြစ်ရပ်က ပိုထင်ရှားလာခဲ့ရသည်။

“ဟင်!. . ဒီအပင်ကြီး. . ဒီအပင်ကြီး”

“ဘာအပင်လဲ. . . ကိုမြင့်လှိုင်ရ၊ ဘယ်အပင်ကိုပြောတာလဲ”

ဦးမြင့်လှိုင်လက်ညှိုး ထိုးပြရာသို့ အားလုံးဝိုင်းကြည့်ကြသည်။ သူတို့တွေ့ခဲ့သော အပင်ကြီးက. . ကဟီးလူးတောစပ်ကို ရောက်နေချေပြီ။ ထိုအပင်ကြီး အမှန်တကယ် ရွှေ့လျားသွားလာနိုင်သည် ဆိုသောအချက်က ပေါ်လွင်နေ၏။

“ဒါ. . ကျုပ်တို့ပြောတဲ့ အပင်ကြီးပဲ”

ဦးမြင့်လှိုင်ပြောသောအပင်ကြီးကို အားလုံးတအံ့တဩ





ကြည့်နေကြသည်။ ဤအပင်ကြီးအကြောင်းကို အားလုံးကြားသိပြီးဖြစ်သော်လည်း အခုမှအားလုံးမြင်ဖူးကြသည်။ ယခုတော့ အရင်က မရှိသောနေရာတွင် ဧရာမအပင်ကြီးတစ်ပင် ရောက်နေလေပြီ။

တောအုပ်ကြီးဦးတင်က ထိုအပင်ကို ခုတ်ခိုင်းလိုက်၏။

လွှစက်ကိုဆွဲ၍ တက်သွားသူက ငတိုး. . .

အားလုံးက သူ့ကို လက်ပွားငတိုး ဟုခေါ်ကြ၏။ ညာလက်မ၌ လက်မအပွားတစ်ခုပါလာ၍ ထိုသို့ခေါ်ခြင်းဖြစ်သည်။ ငတိုးက လူကြမ်းစိတ်ကြမ်းသမား၊ ခပ်ပေပေ ခပ်ရွဲ့ရွဲ့သမား၊ သူများမလုပ်ရဲတာကို သူလုပ်နိုင်သည်ဟု ဂုဏ်ယူချင်နေသူ. . .။

အပင်ကြီး၏ခြေရင်းကို ငတိုးရောက်သွားပြီး ငတိုးက အပင်ကြီးကိုမော့ကြည့်ကာ တံတွေးတစ်ချက်ထွေးရင်း အော်ပြောလိုက်သည်။

“ထွီး!. . . မိစ္ဆာတွေနေတဲ့ အပင်ကြီးဆိုတာ ဒါလား၊ လူလိုပဲ လမ်းလျှောက်သွားတယ်ဆို. .၊ ကဲ. . . အားလုံးမြင်သာအောင် လျှောက်ပြလိုက်စမ်းပါအုံး”

ပတ်ဝန်းကျင်မှလေသည် ထူးခြားစွာငြိမ်သက်သွား၏။

သို့သော် အပင်ကြီးထိပ်ဘက်ရှိ အကိုင်းအခက် အရွက်များမှာ ‘တရှဲရှဲ’ မြည်သံနှင့်အတူ လှုပ်ယမ်းနေလေသည်။ ငတိုးက အကြောက်အလန့်မရှိ ဆက်ပြောနေ၏။

“ငါ့နာမည်ငတိုးကွ. . လက်ပွားငတိုးဆိုတာငါပဲ မှတ်ထား၊ ညဘက်တွေမှာ လျှောက်သွားတတ်တယ်ဆိုတော့ မသွားနိုင်အောင် မင်းခြေထောက်တွေကို ဟောဒီလွှစက်နဲ့ ဖြတ်ပစ်မယ်၊ ကဲ. . ခံနိုင်ရင်ခံပေတော့. . မိစ္ဆာအပင်ကြီးရေ”



www.burmeseclassic.com

www.burmeseclassic.com



လှစက်ကို ဝေါခနဲစက်နှိုးလိုက်ရာ နှစ်ဖက်ဓားသွားက မွှတ်နေအောင် စတင်လည်ပတ်နေလေပြီ။

"ဖြောင်း!. ."

ထိုအခိုက်မှာပင် အပင်ထိပ်ဖျားမှ သစ်ကိုင်းတစ်ခု ကျိုးကျလာ၏။ သစ်ကိုင်းက ငတိုး၏ ငယ်ထိပ်တည့်တည့်သို့. .

သို့သော် ငတိုးက အတော်အကင်းပါးပြီး သွက်လက်သူဟု ဆိုရပေမည်။ အချိန်မီခုန်ထွက်၍ ရှောင်တိမ်းနိုင်လိုက်သည်။

'ဒုန်း'ခနဲအသံကြီးသာ ထွက်ပေါ်လာပြီး. . ငတိုးက တစ်စုံတစ်ရာ အထိအခိုက်မရှိ၊ ကြည့်နေသူအားလုံးမှာလည်း ရင်တထိတ်ထိတ်နှင့်. .၊ သစ်ကိုင်းအစိမ်းကြီး ကျိုးကျသည်ဆိုတာတော့ သိပ်သဘာဝမကျကြ. .။

"ဩော်. . ဒင်းကဒီလိုလား. . ငါ့ကိုစမ်းတယ်ပေါ့၊ ကြိုက်ပြီဟေ့. . နင်ပြီးရင် ငါ့အလှည့်ပေါ့၊ ကဲ. . လာလေရော့. . ခံနိုင်ရင်ခံစမ်း"

"ဝေါ!. . ဝူး!. . ဝူး!. ."

ငတိုးက လှစက်ကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ အပင်ကြီးပေါ် တင်လိုက်တော့၏။ မွှတ်နေအောင် လည်နေသော လှသွားက အပင်ကြီးကို စတင်လှီးဖြတ်လေတော့သည်။ ဖွာခနဲထွက်လာသော သစ်သားစများနှင့်အတူ နီရဲရဲအရည်များ စီးကျလာကာ ငတိုးတစ်ကိုယ်လုံး နီရဲသွားသည်။

"ဟင်!. . ဘာတွေလဲဟ"

လှသွားက အပင်ကြီး၏ပင်စည်ကို အရှိန်ပြင်းစွာ လှီးဖြတ်ထိုးခွဲနေဆဲ အနီရောင်အရည်များက ပို၍ထင်ရှားစွာ ထွက်ကျလာ





၏။ ကြည့်နေကြသူများအားလုံး မျက်တောင်ပင်မခတ်ရဲကြ. .။

"ဝေါ!. . ဝူး!. . ကျွီ!. . ကျွီ!. . ကျွီ!. ."

"ဟာ. . ဒါ. . သွေးတွေပဲ၊ သွေးညှီနံ့က မွှန်ထူနေပါလား"

လှစက်ဆွဲနေရင်းက ငတိုးတစ်ယောက် မျက်လုံးပြူးသွားရပြီ။ ပိုအံ့သြစရာကောင်းတာက ပင်စည်ထဲမှထွက်လာသော အော်သံများဖြစ်သည်။ အော်သံများက ယောကျ်ား၊ မိန်းမတို့၏ အသံပေါင်းစုံဖြစ်သည်။ တစ်ခါတစ်ခါ ကလေးအသံလေးတွေပါ ပါ၏။ ကြားနေရသည်က ပီပီသသတော့မဟုတ်. . . ဗလုံးဗထွေး အော်သံများ၊ ညည်းတွားသံများ၊ ဒဏ်ရာရသော တိရစ္ဆာန်တစ်ကောင်၏ သေအံ့မူးမူး ညည်းတွားအော်ဟစ်သံများ ဖြစ်သည်။

ငတိုးတစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

အသံတွေက အနီးကပ်ထွက်ပေါ်လာနေသည်။

"ဘုရား. ဘုရား. . နားရှိလို့သာ ကြားရတယ်၊ မယုံနိုင်စရာပဲ"

ငတိုးမှာ လှဖြတ်နေရင်း ဘုရားတလိုက်မိသည်။ တော်ရုံမယုံတတ်သော သူ့လိုခပ်ရွဲ့ရွဲ့သမားပင် ဇောချွေးများပျံလာရပြီ။

ထိုစဉ်. . .

လှသွားက သစ်ပင်ထဲမှပြန်ကန်၍ လည်ထွက်လာကာ. . ငတိုး၏ ခါးလည်ကိုပိုင်းဖြတ်ပြီး အဝေးသို့လွင့်စင်သွားလေသည်။

"ဝေါ!. . ဝူး!. . ရှီး!. . အား!!. ."

ငတိုး၏ ခန္ဓာကိုယ်နှစ်ပိုင်းပြတ်ကြီးလည်း အပင်ခြေရင်း၌ မြင်မကောင်းအောင် ပြုတ်ကျသွားတော့သည်။

ထိုစဉ်. . .



www.burmeseclassic.com

"ဝုန်း!. . ဒုန်း!. . ဝုန်း!. . "

"အမလေး. . သစ်လုံးတွေလိမ့်လာပြီ ပြေးကြဟေ့"

တစ်ချိန်တည်းမှာပဲ ကဟီးလူးတောစပ်တွင် ဖြတ်ပြီးပုံထားသည့် သစ်လုံးများမှာ သူတို့အုပ်စုရှိရာဘက်သို့ တစ်လုံးချင်း လိမ့်လာတော့သည်။

သစ်လုံးပိသူကပိ၊ ပြေးသူကပြေးနှင့် အလဲလဲအပြိုပြို ဖြစ်ကုန်တော့သည်။

ထိုစဉ် ဦးမြင့်လှိုင် သေနတ်ကိုမောင်းတင်ကာ ပြောင်းဝထဲ မုဆိုးကြီးဆီမှယူထားသော အင်းစာရေးထားသည့် ကြေးနီလုံးလေးများကို ထည့်လိုက်သည်။ ထို့နောက် အပင်ဖြူကြီးဆီ ချိန်၍ လှမ်းပစ်ခွင်းလိုက်၏။ လူတစ်ယောက်ကို ထိမှန်သလို. . အပင်ကြီး အနောက်သို့ယိုင်သွားပြီး ငြိမ်ကျသွား၏။

ထိုအခါမှ ဦးမြင့်လှိုင်ပြေးသွားကာ လွှစက်ကိုကောက်ဆွဲ၍ အပင်ကြီးကို ထိုးခွဲလေတော့သည်။ အပင်ထဲမှ သွေးများပန်းထွက်ပြီး ဦးမြင့်လှိုင်တစ်ကိုယ်လုံးလဲ သွေးများဖြင့်ဖြစ်နေ၏။

အပင်ကြီးမှာ ယိမ်းထိုးနေလေပြီ။

အပင်လဲကျရန် အကောင်းဆုံးအနေအထားအရောက်တွင် လွှစက်ကိုရပ်ကာ အနီးရှိ သစ်သားဆို့တစ်ချောင်းကို ဟနေသော ပင်စည်အသားထဲ ရိုက်သွင်းလိုက်သည်။

နောက်ဆုံး. . အပင်ကြီးလဲကျလေပြီ။ ဦးမြင့်လှိုင်ဘက် လဲကျလာ၍ အမြန်ခုန်ရှောင်လိုက်ရသည်။

"ဝုန်း!. . "

တော်သေးသည်။ ဦးမြင့်လှိုင် အသက်ဘေးမှ သီသီလေး





လွတ်သွားခဲ့ရသည်။ အနားရှိလူများက ဦးမြင့်လှိုင်ကို ဝိုင်းထူပေးကြစဉ် တောအုပ်ကြီးဦးတင် ရောက်လာကာ. . .

"ဒီအပင်ကို သစ်ခွဲဖို့မလုပ်ကြနဲ့ သုံးမိတဲ့သူတွေ ဒုက္ခရောက်သွားနိုင်တယ်၊ ဒီအပင်က မကောင်းဆိုးဝါးတွေ ခိုအောင်းနေတဲ့ အပင်ဆိုတော့. . အပင်ကိုချုပ်ထားမှ ရလိမ့်မယ်"

ထို့နောက် စခန်းသို့ပြန်ကာ လိုအပ်သောပစ္စည်းများကို ပြန်ယူရပြန်သည်။ ဦးမြင့်လှိုင်တို့ ကဟီးလူးတောစပ်သို့ နောက်တစ်ကြိမ် ပြန်ရောက်လာကြသည်။ အချိန်က နေဝင်ချိန်သို့ပင် ရောက်နေလေပြီ. . ။

အပင်ကို ပရိတ်ကြိုးများဖြင့် ချည်နှောင်ကာ မြေကြီးထဲသို့ သစ်ငုတ်တစ်ချောင်း ရိုက်သွင်းပြီး ထိုသစ်ငုတ်တွင် ပရိတ်ကြိုးများကို ချည်နှောင်ထားလိုက်သည်။

"ကဲ. . ဒီအပင်က မကောင်းဆိုးဝါးတော့ ဘယ်မှပြေးလို့မရတော့ဘူး"

ရာသီဥတုကလည်း အေးလာ၍ သစ်ချောင်းများဖြင့် မီးပုံလေးလုပ်ပြီး အနွေးဓါတ်ယူကာ ခဏနားကြသည်။

"ကဲ. . တောထဲမှာတော့ အန္တရာယ်တွေအားလုံး ရှင်းသွားပြီ နောက်ဆို တောထဲကို ဘာမှကြောက်စရာမလိုဘဲ ဝင်လို့ရသွားပြီ၊ ဒီအပင်ကြီးကို မနက်ဖြန်ကျမှ မီးရှို့ပစ်ရမယ်"

"ဟင့်. . ဟင့်. . ဟင့်. . "

ထိုစဉ်. . . မိန်းမတစ်ယောက် ငိုနေသံကို သူတို့အားလုံး အတိုင်းသား ကြားလိုက်ရသည်။

"ဘယ်သူငိုနေတာလဲကွ ကြည့်ကြပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်လှိုင်ပြောတော့မှ အားလုံး ဓါတ်မီးများဖြင့် ထိုးကြည့်ကြသည်။ မြေပေါ် လဲနေသော အပင်ကြီးထိပ်ဘက်ရှိ သစ်ရွက်နီများကြားမှ ထိုငိုသံထွက်နေခြင်းဖြစ်သည်။ သူတို့အားလုံး အပင်ကြီးနားသွားကာ ထိုသစ်ရွက်များကြားထဲသို့ ဓါတ်မီးဖြင့် ဝိုင်းထိုးကြည့်ကြသည်။

မြင်လိုက်ရသည်က ဖြူဖွေးသန့်ရှင်းနေသော မိန်းမတစ်ယောက်၏ ဦးခေါင်းဖြစ်၏။ ပါးပြင်တွင် မျက်ရည်များစီးကျနေပြီး တောင်းပန်တိုးလျှိုးနေသော မျက်နှာသွင်ပြင်နှင့်. . .

"ကျွန်မကို လွှတ်ပေးကြပါ. . ဟင့်. . ဟင့်"

"အောင်မလေး!. . သရဲဗျို့. . သရဲ. ."

"ဟော့ကောင်တွေ မပြေးနဲ့. ."

ဓါတ်မီးများ ပစ်ချကာ ခြေကုန်သုတ်ပြေးရန်ပြင်နေသည့် သူ့တပည့်များကို ဦးမြင့်လှိုင် ဟန့်တားလိုက်ရသည်။

"ထင်းတွေယူခဲ့ကြ. . မနက်ဖြန်အထိ စောင့်မနေနဲ့တော့ အခုပဲ ဒီအပင်ကို မီးရှို့လိုက်ကြတော့ဟေ့"







# အခန်း (၄)

ဥက္ကာနှင့်ပုလဲ ပြောဆိုပြီး ဆယ်ရက်မြောက်နေ့တွင်ပင် ခရီးစထွက်ဖြစ်ခဲ့သည်။ စိတ်မြန်လက်မြန် လူငယ်တွေလည်းဖြစ်၊ အနောက်က ပံ့ပိုးကူညီမှုတွေပါရတော့ အစီစဉ်ကမြန်ဆန်လှသည်။ ရန်ကုန်ဘူတာကြီးမှ ရထားစီးကာ ဖားအံအထိ ချီတက်ရမည်ဖြစ်သည်။ သူတို့အုပ်စုက ငါးယောက်တိတိ. .။

ဥက္ကာ၊ ပုလဲ၊ ကေသွယ်၊ စိုးမင်းနှင့် ဖိုးကျော်တို့ သူငယ်ချင်း ငါးယောက်၏ လေ့လာရေးခရီးစဉ်ပင် ဖြစ်သည်။ ရထားစီးနေရင်း ပုလဲက သီချင်းနားထောင်နေသော သူ့နားကြပ်လေးကိုဖြုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ခုကို ရှာဖွေနေ၏။

"ဘာရှာနေတာလဲ ပုလဲရဲ့"

ပုလဲက သူရှာနေတာ တွေ့သွားသည့်ပုံစံဖြင့် စာအုပ်တစ်အုပ်ကိုထောင်ပြ၏။ ဥက္ကာ ထိုအရာကိုကြည့်ပြီး နှုတ်ခမ်းရွဲ့ကာ ပြန်အိပ်သွားလေ၏။

ပုလဲထောင်ပြလိုက်သည့် စာအုပ်က (Ghost Story) သရဲစာစဥ်ဖြစ်၏။ ပုလဲ မာတိကာကြည့်ကာ အရင်ဆုံး ဒေဝတာ၏ (မှော်ခေါင်းအုံး)ဆိုသော ဝတ္ထုတိုကို လှန်လိုက်လေ၏။

သူမကြိုက်သော စာရေးဆရာဖြစ်၍ ပုလဲ အရင်စဖတ်ခြင်းလည်းဖြစ်သည်။ စဖတ်သည်နှင့် ပုလဲ ထိုဇာတ်လမ်းထဲ မျောဝင်သွားတော့သည်။

. . . တစ်နေ့တစ်ဍ္ဍ. . .

ဒဂုံမြို့သစ်တောင်ပိုင်းသို့ 'ရဲမိုး'ဆိုသော လူငယ်တစ်ယောက်တစ်ယောက်တည်းပြောင်းရွှေ့လာ၏။ ပေလေးဆယ်xခြောက်ဆယ်မြေပေါ်ရှိ တစ်ထပ်ပျဥ်ထောင်အိမ်လေးကို လာငှားနေခြင်းဖြစ်သည်။

သူငှားနေသောခြံက ရပ်ကွက်အစွန်တွင် ကျနေသောကြောင့်. . လူနေတာဆိုလို့ သူ့ခြံနှင့်ဘေးခြံ နှစ်ခြံသာ ထီးထီးကြီးရှိနေသည်။ ကျန်နေရာများမှာ မြေကွက်လပ်များသာဖြစ်၏။ ဘေးခြံ၌ အဘိုးကြီးတစ်ယောက်ပဲနေ၏။ ရက်အနည်းငယ်ကြာလာတော့ ထိုအဘိုးကြီးနှင့် ရဲမိုးတို့ ခင်မင်သွားကြသည်။

သူ့နာမည်က ဦးမြဒင်ဖြစ်သည်။ အရက်အလွန်ကြိုက်သောအဘိုးကြီးဖြစ်ပြီး. . ရဲမိုးအလုပ်၍ ငွေစလေးရွှင်လာက အရက်တစ်ပိုင်း အမြဲဝယ်လာပေးတတ်သည်။ ဦးမြဒင်အိမ်တွင် ညဘက်အတူ





တူ စားကြသောက်ကြနှင့်. . တစ်နေ့. . .။

"အဘက သားသမီးတွေမရှိဘူးလား"

ဆေးပေါ့လိပ်ကြီးကို ပါးစပ်တွင်ကိုက်ကာ မီးညှိလိုက်ပြီး. . ရဲမိုးကို ပြုံးရင်းကြည့်လိုက်သည်။

"အဟင်း. . မောင်ရင်က အဘကိုဘယ်လိုထင်လို့လဲ"

"အဘအိမ်ကို ဆွေမျိုးသားချင်းတွေလည်း တစ်ယောက်မှမလာလို့ မေးကြည့်တာ. ."

"ဟား. . ဟား. . ဟား. . ဘယ်လာပါ့မလဲ မောင်ရင်ရယ်၊ အဘက တစ်ကောင်ကြွက်လူပျိုကြီးလေ"

"ဪ. ."

ရဲမိုး ခွက်လေးထဲထည့်ထားသော မြေပဲလှော်ကို ပါးစပ်ထဲပစ်ထည့်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိကာ ရှိုက်ဖွာလိုက်၏။

"အဘ ဘာအလုပ်လုပ်လဲ ထပ်မေးအုံးမှာလား မောင်ရဲမိုး"

"အင်း. . ဟုတ်တယ်အဘ၊ အဲဒီမေးခွန်းမေးဖို့ ကျွန်တော်စဥ်းစားနေတာ. ."

ဦးမြဒင်က ရယ်လျှက်. .

"အဘအလုပ်က အိပ်တဲ့အလုပ်ပဲလုပ်တယ် မောင်ရဲမိုး၊ စားပြီးအိပ်နေ ဘိက္ခုဝေ သေရင်ပက်လက် နတ်ပြည်တက်တဲ့. . ဟားဟား. ."

"အဟင်း. . အဘက ရယ်စရာအတော်ပြောတတ်တာဘဲ"

"မဟုတ်ဘူး. . တကယ်ကွ၊ အင်း. . . အဘငယ်ငယ်ကဘုန်းကြီးကျောင်းမှာ နေခဲ့ရတာ၊ ဆရာတော့်ဘေးမှာ အနီးကပ်ပေါ့၊ ဆရာတော်က အဘကိုအရမ်းချစ်တာ. . ဆရာတော်ဘွမ်းခံကြွ. .



www.burmeseclassic.com

www.burmeseclassic.com



နေ့ဆွမ်းစားပြီးရင် အဘက အမြဲအိပ်နေတတ်တာကိုး. . ဟား. . ဟား"

"တစ်နေ့ ဆရာတော် မကျန်းမမာဖြစ်ပါလေရော. .၊ အဘလည်းတတ်ကျွမ်းသလောက် နင်းပေးနှိပ်ပေးတာကလွဲပြီး ဆရာတော်အတွက် ဘာမှမလုပ်ပေးနိုင်ခဲ့ဘူး၊ ဆရာတော်ကလည်း. . မကျန်းမာတဲ့ကြားက နေ့စဉ်လုပ်နေကျ စာချတဲ့အလုပ်ကို မပျက်လုပ်ပေးခဲ့တယ်. ."

"အင်း. . အတော်ကြည်ညိုဖို့ ကောင်းတယ်နော်"

"ဆရာတော်က သူပျံလွန်တော်မူမယ့်နေ့. . အချိန်နာရီတွေကို ကြိုသိနေတာပဲလား မပြောတတ်ဘူး၊ ဆရာတော် စာချပြီးတာနဲ့ ကျိန်းဖို့ အခန်းထဲဝင်တော့တာဘဲ. .၊ မကျိန်းခင်လေး အဘကို လှမ်းခေါ်လိုက်သေးတယ်၊ သူ့ကိုနှိပ်ပေးဖို့ပေါ့. . .

နှိပ်ပေးရင်း အဘနဲ့ဆရာတော် စကားတွေပြောဖြစ်ကြတယ်၊ ဆရာတော်က ချောင်းတဟွတ်ဟွတ် ဆိုးနေတဲ့ကြားက အဘကိုမှာနေသေးတယ်. ."

ဦးမြင့်ဒင် စကားကိုခဏရပ်ကာ. . အရက်ခွက်ကို မော့သောက်ပြီးမှ စကားပြန်ဆက်သည်။

"လိမ်လိမ်မာမာ နေဖို့ပေါ့. .၊ ပြီးတော့. . အဘက အမြဲအအိပ်ပုတ်တဲ့ကလေးဆိုတော့. . ဆရာတော်က သူအုံးနေတဲ့ ခေါင်းအုံးလေးကို ဆွဲယူပြီး အဘကိုပေးတယ်၊ မင်းအိပ်တဲ့အခါကျရင် ဒီခေါင်းအုံးလေးနဲ့ အမြဲအိပ်ပေါ့ကွာဆိုပြီး ဆရာတော်က မှာသွားသေးတယ်. .၊ ခေါင်းအုံးလေးလည်း ပေးပြီးရော ဘုန်းဘုန်းကျိန်းတော့မယ်ဆိုပြီး အဘကို အခန်းထဲက ထွက်ခိုင်းတော့တာပါပဲ. .





အဘလည်း ဆရာတော်ပေးလိုက်တဲ့ ခေါင်းအုံးလေးကို ပိုက်ပြီး အခန်းထဲက ထွက်လာလိုက်တယ်. .၊ အဲဒီမှာပဲ ဆရာတော် ပြန်မနိုးလာတော့ဘူးပေါ့၊ ကံကုန်လို့ ပျံလွန်တော်မူသွားတယ်လေ"

ရဲမိုးက ရယ်ပြုံးလေးပြုံးလျှက်. .

"ဒါဆို. . ဆရာတော်က အဘကို သူအုံးခဲ့တဲ့ ခေါင်းအုံးလေး အမွေပေးခဲ့တာပေါ့. ."

ဦးမြဒင်က ခေါင်းညိတ်ပြရင်း. .

"ဟုတ်တာပေါ့ မောင်ရဲမိုးရယ်၊ အဲဒါနဲ့ဘဲ ဆရာတော်ပျံလွန်တော်မူတဲ့ညက သူပေးခဲ့တဲ့ ခေါင်းအုံးလေးနဲ့ ခေါင်းအုံးအိပ်ဖြစ်ခဲ့တယ်၊ အဘအိပ်ပျော်သွားပြီး သိပ်မကြာဘူး အိမ်မက်တစ်ခုကို မက်တယ်၊ ဆရာတော်က ဗောဓိပင်ညောင်ကြီးတစ်ပင်အောက်မှာ တရားထိုင်နေလေရဲ့၊ အဘလည်း ဆရာတော်တရားထိုင်တာ အနှောင့်အယှက် ဖြစ်မှာစိုးလို့ အနားမှာပဲ ထိုင်စောင့်နေလိုက်တယ်၊ ခဏနေတော့ မြဒင်ရေဆိုပြီး ဆရာတော်လှမ်းခေါ်တာ ကြားလိုက်ရတယ်၊

မော့ကြည့်လိုက်တော့ ဆရာတော်က မလှမ်းမကမ်း တစ်နေရာကို လက်ညှိုးထိုးပြတယ်၊ မြဒင် အဲဒီနေရာကို တူးလိုက်ကွာ. . တဲ့၊ ဆရာတော်ညွှန်ပြတဲ့နေရာကို အဘကြည့်လိုက်တော့. . အနီရောင်သမ်းနေတဲ့ နုန်းမြေတွေကို တွေ့ရတယ်"

"အဘလည်း ဘာလုပ်ရမှန်းမသိတော့ ဆရာတော်ဆီ ပြန်လှည့်ကြည့်လိုက်တဲ့အချိန်မှာ ဆရာတော်ရော ဗောဓိပင်ကြီးရော ရှိတော့ဘူးလေ၊ ဒါပေမယ့် ဆရာတော် တရားထိုင်ခဲ့တဲ့နေရာမှာ ဒင်္ဂါးပြားတစ်လက် ရောက်နေတယ်၊ အဘလည်း စဉ်းစားမနေတော့ အဲဒင်္ဂါးပြားယူပြီး စောစောက ဆရာတော်တူးခိုင်းတဲ့နေရာကို တူး



www.burmeseclassic.com

www.burmeseclassic.com



တော့တာပေါ့. . .

အဲဒီမှာ အိုးလေးတစ်လုံးကို တွေ့ရတော့တာပဲ၊ အရွယ်က ပရိတ်အိုးအရွယ်လောက်ပဲရှိတယ်၊ အထဲမှာအရောင်တွေ တဖျတ်ဖျတ်လက်နေလို့ အဘကြည့်လိုက်တော့. . အိုးအပြည့် ရွှေဒင်္ဂါးပြားတွေ. . အဘဖြင့် ငယ်ကလည်းငယ်သေးတာမို့ အရမ်းကိုပျော်သွားတယ်. . .၊

ဝမ်းသာအားရနဲ့ အိုးကလေးပိုက်ပြီးပြေးနေတုန်း. . အဘ အရှိန်လွန်ပြီး ချော်လဲသွားတယ်၊ အိုးလေးမြေကြီးပေါ် ကျကွဲသွားပြီး ရွှေဒင်္ဂါးပြားတွေလည်း ပြန့်ကျဲသွားတာပေါ့"

ရဲမိုးမှာ ဦးမြဒင်၏ အိမ်မက်အကြောင်းကို စိတ်ဝင်တစားနားထောင်လို့နေသည်။

"ရွှေဒင်္ဂါးပြားတွေ လိုက်ကောက်ရင်း. . အဘရဲ့ဘောင်းဘီအိတ်ထဲကို ရသလောက်ထည့်တယ်၊ အဲဒီအချိန်မှာ လေတွေတရကြမ်းတိုက်ချလာပြီး အဘအိပ်မက်က လန့်နိုးသွားခဲ့တယ်၊ နိုးလာတော့ ကျောင်းဝင်းထဲ မီးတွေထိန်လင်းနေပြီး လူတွေလည်းတရုံးရုံးနဲ့ တွေ့ရတော့တာပေါ့. . .

ဘုန်းကြီးပျံဆိုတော့ နယ်ကဒကာဒကာမတွေ ညတွင်းချင်းပေါက်ချလာတော့ အဲဒီဆူဆူညံညံအသံတွေနဲ့ အဘနိုးသွားတာ ဖြစ်လိမ့်မယ်. . .

အဘလည်း ခေါင်းအုံးလေးယူပြီး ထလာခဲ့တယ်၊ ဘောင်းဘီအိတ်ထဲက 'ချလွင်. . ချလွင်. . 'ဆိုတဲ့ အသံကြားမှ သတိထားမိသွားတယ်၊ ဘောင်းဘီအိတ်ထဲကို လက်နှိုက်ကြည့်လိုက်တယ်. .၊ လက်ထဲပြန်ပါလာတာက အိပ်မက်ထဲမှာတွေ့ခဲ့တဲ့ ရွှေဒင်္ဂါးတွေ ဖြစ်





နေတယ်လေ. .၊ အဘ မယုံနိုင်အောင် အံ့ဩသွားရတယ် မောင်ရဲမိုး"

"အဘပြောတာ တကယ်လား၊ ပုံပြင်လား"

ရဲမိုးက ဆေးလိပ်ကိုဖွာရှိုက်ရင်း မယုံသလိုလေသံဖြင့် မေးလာသည်။

ဦးမြဒင်က နေရာမှထသွားကာ ပစ္စည်းတစ်ခုသွားယူလာသည်။ ထို့နောက်. . ရဲမိုးလက်ထဲ အဝိုင်းပြားလေးတစ်ခု ထည့်ပေးလိုက်၏။ ထိုအရာကား. . ရွှေဒင်္ဂါးပြားလေးတစ်ခု. .။

ရဲမိုး ထိုဒင်္ဂါးပြားလေးကို သေချာစွာစစ်ဆေးအပြီး. .

"အဘ. . ဒါ အစစ်ကြီးဘဲ"

"ဟုတ်တယ်. . မောင်ရဲမိုး အဲဒါကြောင့် အဘ ဘာအလုပ်မှ လုပ်စရာမလိုဘဲ နေနိုင်တာပေါ့၊ ဆရာတော်ပေးခဲ့တဲ့ ခေါင်းအုံးလေးနဲ့အိပ်ပြီး. . . အိပ်မက်ထဲက ကိုယ်နဲ့မကွာရှိနေတဲ့ ပစ္စည်းတစ်ခုခုဟာ နိုးလာတဲ့အခါကျရင် လက်ထဲမှာပါလာတတ်စမြဲပဲ မောင်ရဲမိုးရယ်. .၊ အင်း. . နောက်ပိုင်းမှာတော့ အဘလည်း အဲဒီခေါင်းအုံးနဲ့ မအိပ်ရဲတော့ဘူးလေ. . "

ရဲမိုး မီးခိုးငွေ့တွေကို ကောင်းကင်သို့မှုတ်ထုတ်ရင်း. . သူ့လက်ထဲမှ ရွှေဒင်္ဂါးပြားကိုတစ်လှည့် ဦးမြဒင်ကို တစ်လှည့်ကြည့်ပြီး စဉ်းစားခန်းဝင်နေလေ၏။ ပြီးမှ. .

"ဒါဆို အဘလည်း မအုံးဖြစ်ဖူးဆိုတော့. . အဲဒီခေါင်းအုံးလေး ကျွန်တော့်ကိုခဏလောက်ငှားပါလား အဘရယ်"

ဦးမြဒင်က ပထမတော့ မသိချင်ယောင်ဆောင်နေ၏၊

သို့သော် ထပ်ခါတလဲလဲ ပြောလာသောကြောင့် ဦးမြဒင်



www.burmeseclassic.com

www.burmeseclassic.com



မငှားချင်ငှားချင်နှင့် ရဲမိုးကိုငှားလိုက်ရသည်။ ဆရာတော့်ခေါင်းအုံးလေးကို ဘယ်သူ့လက်ထဲမှ ထည့်ချင်ပုံမရ. . . ။

"သပ်သပ်ရပ်ရပ်တော့ အုံးအိပ်ပေါ့ကွာ၊ မသန့်ရှင်းတဲ့နေရာတော့ သွားမထားမိပါစေနဲ့. . မနက်ဖြန်မနက်ကျရင် အဘခေါင်းအုံးကိုတော့ ဆက်ဆက်ပြန်ပေးပေါ့ကွာ"

"ဟုတ်ကဲ့ အဘ၊ စိတ်ချပါ အဘ"

ရဲမိုးခေါင်းအုံးလေးပိုက်ကာ သူ့အိမ်သို့ပြန်သွား၏။ စိတ်ထဲက မယုံသလိုရှိသော်လည်း စမ်းကြည့်ချင်စိတ်က တဖွားဖွားပေါ်လာသည်။ သူအုံးအိပ်လျှင် ဘာတွေမက်မည်နည်း၊ ဘာတွေတွေ့မည်နည်း၊ ဘာတွေရလာမည်နည်း။ မအိပ်ခင်လေး ရဲမိုး ဘာရယ်မဟုတ် ခေါင်းအုံးလေးကို ဦးသုံးကြိမ်ချလိုက်၏။ ထို့နောက်. . . ထူးဆန်းသည်ဆိုသော ခေါင်းအုံးလေးကိုအုံးကာ အိပ်လိုက်တော့သည်။

အိပ်ပျော်သွားသည်နှင့် အိပ်မက်ထဲတွင် ရဲမိုးက ရေကူးဝတ်စုံနှင့်ဖြစ်၏။ ရေအောက်ကြမ်းပြင်တွင် သူ့လိုရေကူးဝတ်စုံနှင့်လူတွေ အများကြီးကိုလည်း တွေ့နေရသည်။ သူတို့မှာ ခေါင်းလောင်းကြီးတစ်လုံးကို သံကြိုးတွေဖြင့် သိုင်းချည်နေကြသည်။

"အင်း. . အင်္ဂလိပ်တွေ ရေထဲပစ်ချခဲ့တဲ့ ခေါင်းလောင်းကြီးများလား"

သူကတော့ ထိုသူတွေနဲ့ဝေးရာသို့ ကူးခတ်သွား၏။ တစ်နေရာအရောက် ရေအောက်ကြမ်းပြင်ရှိ သဲမှုန်များအကြား အရောင်တလက်လက် ဖြစ်နေတာကိုတွေ့၍ ရဲမိုးထိုနေရာသို့ ကူးသွားလိုက်သည်။ သဲမှုန်များကို လက်ဖြင့်ယက်ကာ ဖယ်ကြည့်ချိန်တွင် ရွှေ





ရောင်ဘီးကုပ်လေးတစ်ခုကို တွေ့ရလေသည်။

ဝမ်းသာအားရ ကောက်ယူလိုက်စဉ်. . အရှိန်ဖြင့် သူ့ဆီလာနေသော မည်းမည်းအရာတစ်ခု၊ ထိုအရာက ရဲမိုးအနား ရောက်လာမှ ငမန်းကြီးတစ်ကောင်ဖြစ်မှန်း သိလိုက်ရသည်။

ငမန်းက ရွှေရောင်ဘီးကုပ်လေးကိုင်ထားသော ရဲမိုး၏ညာဘက်လက်ကို ကိုက်ရန်ဟန်ပြင်စဉ်မှာပင် ရဲမိုးအိပ်ရာမှ လန့်နိုးသွားလေ၏။ ချွေးသီးချွေးပေါက်များကျလျှက် ရဲမိုးအိပ်ရာထက်တွင် ထထိုင်လိုက်သည်။ သူ့တစ်ကိုယ်လုံးတွင် ချွေးတော့မဟုတ် ရေတွေစိုနေ၏။ လက်ထဲတွင်လည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသော. . အရာတစ်ခု၊ ထိုအရာကို ရဲမိုး ဖြည်းညှင်းစွာ ဖွင့်ကြည့်လိုက်သည်။

"ဟင်!. ."

အိမ်မက်ထဲက ရွှေရောင်ဘီးကုပ်လေး သူ့လက်ထဲ ရောက်.နေလေပြီ။

"ဟာ. . ငါတော့ သူဌေးဖြစ်ပြီ"

ရဲမိုး လောဘတွေတက်သွားကာ ထိုခေါင်းအုံးနှင့် ထပ်အိပ်ဖို့ကြိုးစားသည်။ သို့သော်. . ဘာအိပ်မက်မှ ထပ်မမက်တော့၊ မနက်မိုးလင်းတော့ ပေးထားသည့်ကတိအတိုင်း ဦးမြဒင်ကို ခေါင်းအုံးပြန်ပေးလိုက်၏။

ရဲမိုး အလုပ်ကအပြန် ရွှေရောင်ဘီးကုတ်လေးကို ရောင်းလိုက်တော့. . ငွေကြေးမြိုးမြိုးမြက်မြက် ရလိုက်သဖြင့် လောဘကိုအသောမသတ်နိုင်အောင် ဖြစ်သွားရသည်။ အရက်အကောင်းစားတွေဝယ်ကာ အိမ်မပြန်သေးဘဲ ဦးမြဒင်အိမ်ကို အရင်ဝင်သည်။

"ဘယ်လိုလဲ. . ငွေစလေးတွေ အတော်ရွှင်နေတယ်နဲ့တူ



www.burmeseclassic.com

www.burmeseclassic.com



တယ် မောင်ရဲမိုး"

"ဟုတ်တယ်. . အဘရဲ့. . "

ရဲမိုးလည်း သူ့အိပ်မက်ကိုပြောပြရင်း ရွှေဘီးကုပ်လေး ရလာပုံကိုပါ ဦးမြဒင်အား ပြောပြလိုက်လေ၏။

"ဟား. . ဟား. . မောင်ရင် အခုတော့ ယုံသွားပြီမဟုတ်လား"

သို့နှင့် ထိုနေ့ညလည်း ဦးမြဒင်ကို အယုံသွင်းကာ ခေါင်းအုံးထပ်ငှားလာခဲ့ပြန်သည်။

"နောက်နေ့မနက်တော့ ဆက်ဆက်ပြန်ပေးပေါ့ မောင်ရဲမိုးရယ်"

ဦးမြဒင်က မှာနေကျစကားကို ဆိုလေ၏။

"ဟာ. . စိတ်ချပါ အဘရယ်"

ဒီညလည်း ရဲမိုး ဦးသုံးကြိမ်ချကာ ခေါင်းအုံးအိပ်လေ၏။ အိပ်ပျော်သွားသည်နှင့် ရဲမိုးအိပ်မက်တစ်ခုကို မြင်မက်လေတော့သည်။ သူတစ်ကိုယ်လုံး ရွှံ့တွေပေကျံနေကာ သူ့လက်ထဲတွင်လည်း ပေါက်တူးတစ်လက် ရောက်နေ၏။ ဘေးဘီမှ သူ့လိုပဲ အလုပ်လုပ်နေသူတွေကို ကြည့်ခြင်းအားဖြင့် သူကျောက်တွင်းတစ်ခုသို့ ရောက်နေမှန်း သိလိုက်ရသည်။ သို့သော် ဘယ်နေရာမှန်းတော့ သူမသိ. .

"ဟေ့ကောင်. . အလုပ်မလုပ်ဘဲ ဘာတွေငေးနေတာလဲ တူးစရာရှိတာတူးလေ. . "

အရာရှိဝတ်စုံနှင့်လူက သူ့ကိုဟိန်းဟောက်လာ၏။

ရဲမိုးလည်း မထူးတော့ပြီမို့ ပေါက်တူးကို ပေါက်ချလိုက်လေတော့သည်။





"ဒေါက်!. . "

"ဟင်!. . "

မာကျောသောအရာတစ်ခုကို ပေါက်မိသွား၍ ရဲမိုး ပေါက်တူးကိုပစ်ချကာ မြေဆွေးတွေကိုဖယ်ကြည့်သည်။ လက်တစ်ဆုပ်စာခန့်ရှိသော နီရဲနေသည့် ကျောက်တုံးတစ်တုံး. . ၊ သေချာကြည့်မှ အရည်အသွေးကောင်းသော ပတ္တမြားကြီးမှန်း ရဲမိုးသိလိုက်ရသည်။

"ဟေ့ကောင်. . မင်းဘာတွေ့လို့လဲ၊ မင်းလက်ထဲက ဘာလဲ"

ရဲမိုး ထိုပတ္တမြားကြီးကို အင်္ကျီကြားထဲ ဝှက်ထားလိုက်၏။

"မင်းကိုမေးနေတာ မကြားဘူးလား"

အနားရောက်လာသော အရာရှိက သူ့လက်ထဲကိုင်လာသောတုတ်ဖြင့် ရဲမိုးကျောပြင်ကို လွှဲရိုက်လိုက်လေ၏။

"ဖြောင်း!. . "

"အား!. . အမလေး. . သေပါပြီဗျာ"

ရဲမိုး အိပ်ရာမှ လန့်နိုးသွားလေတော့သည်။ ကျောပြင်တွင် စပ်ဖျင်းဖျင်းနှင့် နာနေတုန်းဖြစ်၏။

"အား!. . ကျွတ်. . ကျွတ်"

ခါးကော့ကာ နောက်ကျောကို ဖွဖွလေးစမ်းမိသည်။

ထိုစဉ်. .

"ဒုတ်!. . "

သူ့အင်္ကျီကြားထဲမှ ထွက်ကျလာသောအရာကြောင့် ရဲမိုး ရှက်လုံးပြူးသွားရသည်။ ပတ္တမြားလုံးကြီးဖြစ်နေ၍ဖြစ်၏။

ထိုပတ္တမြားကြီးကို ကောက်ကိုင်လိုက်ပြီး အရှုံးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပမာ. .

"ဟီ. . ဟီ. . ငါတော့ ဒီတစ်သက်စားလို့ကုန်မှာ မဟုတ်တော့ဘူး"

ရဲမိုးခေါင်းအုံးလေးကိုဖက်ကာ ပျော်ရွှင်နေလေ၏။ မနက်ရောက်တော့ ဦးမြဒင်ဆီ ခေါင်းအုံးသွားပေးရင်းနှင့် ရဲမိုး လောဘဇောမသတ်နိုင်သော စကားတို့ကို ဆိုလေ၏။

"အဘ. . ဒီခေါင်းအုံးလေးက အတော်ထူးဆန်းပြီး အတော်အစွမ်းထက်တာပဲနော် အဘ"

"အဟင်း. . ဟင်း"

ဦးမြဒင်က ပြုံးကာ သူ့ကိုကြည့်ရင်း. .

"ပြောစမ်းပါဦးကွ. . မနေ့က ဘာရလာလို့လဲ"

"အင်း. . ရတာကတော့ ရွှေဒင်္ဂါးနှစ်ပြားလောက်ပါ အဘရယ်"

ရဲမိုးလိမ်ပြောလိုက်၏။ ထို့နောက်. .

"အဘ. . . အဘရဲ့ ခေါင်းအုံးလေးကို ကျွန်တော့်ကိုပြန်ရောင်းပါလား"

ထိုစကားကြား၍ ဦးမြဒင်က ရဲမိုးကို မျက်မှောင်ကြုတ်ကြည့်ပြီး. .

"မောင်ရင်. . ဘာလို့ဒီစကားကိုပြောရတာလဲ၊ မောင်ရင့်မျက်နှာမှာ လောဘအရိပ်အရောင်တွေကို အဘတွေ့နေရတယ်၊ ပြီးတော့. . ဒီနေ့ကနေစပြီး ခေါင်းအုံးငှားဖို့အကြောင်း အဘကိုလာမပြောပါနဲ့တော့. . ၊ အဘ မောင်ရင့်ကို ဘယ်တော့မှငှားမှာ မဟုတ်တော့ဘူး"





ဦးမြဒင်၏ ပြတ်သားစွာပြောလိုက်သောစကားကြောင့် ရဲမိုးဘာမှဆက်မပြောရဲအောင်ဖြစ်သွားသည်။ ထို့နောက်. . ဦးမြဒင်ကိုတောင်းပန်ကာ ရဲမိုးပြန်ထွက်လာခဲ့တော့သည်။ အလုပ်ကပြန်လာတော့လည်း ဝယ်လာနေကျ အရက်ပုလင်းဖြင့် ဦးမြဒင်အိမ်သို့ ဝင်ခဲ့လိုက်သည်။ အရင်လို ဘာမှမဖြစ်သလိုပုံစံဖြင့် ပြန်နေပြလိုက်သည်။ ဦးမြဒင်လည်း ခေါင်းအုံးအကြောင်း မပြောသည်ကလွဲ၍ အရင်လိုပင်. . ။

ဒါပေမယ့် ညရောက်တော့ ရဲမိုး ဇာတိပြလာသည်။

တစ်ဖက်အိမ်က ဦးမြဒင်အိပ်ချိန်ကို ဒီဘက်မှ မအိပ်သေးဘဲ ထိုင်စောင့်နေ၏။ ဦးမြဒင်အိမ်ကလေး မီးပိတ်သွားပြီး သန်းခေါင်အချိန်လောက်ရောက်ကာမှ ရဲမိုး ခြေသံလုံလုံနှင့် ထွက်လာလိုက်သည်။ ခိုးစရာလည်း ဘာမှမရှိသော ဦးမြဒင်အိမ်တံခါးက ဟောင်းလောင်းပွင့်လို့နေသည်။

အိမ်ထဲတွင် ဦးမြဒင်၏ ခြင်ထောင်တစ်လုံးမှလွဲ၍ ဘာပစ္စည်းမှမရှိ။ ရဲမိုး ခြင်ထောင်အနား ချဉ်းကပ်သွား၏။ ခြင်ထောင်ထဲ၌ အဖိုးတန်ခေါင်းအုံးလေးကို ရင်ဝယ်ပိုက်ကာ အိပ်ပျော်နေရှာသော ဦးမြဒင်ကိုတွေ့ရလေသည်။

ရဲမိုး ခြင်ထောင်ကိုလှန်ကာ ဦးမြဒင်လက်ထဲမှ ခေါင်းအုံးကိုခပ်ဖွဖွလေးဆွဲယူသည်။ ထိုစဉ် အအိပ်ဆတ်သော ဦးမြဒင် လန့်နိုးသွား၏။

"ဟင်!. . မင်း. . မင်း. . ဒါဘာလုပ်တာလဲ"

ရဲမိုးလည်း မထူးတော့ပြီမို့ လက်ထဲမှ ခေါင်းအုံးနှင့်ပင် ဦးမြဒင်မျက်နှာကို အုပ်ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး!. . ဝါး!. . "

အသက်ရှုကျပ်နေပြီဖြစ်သော ဦးမြဒင်မှာ တစ်ဝူးဝူးတစ်ဝါးဝါးအော်ရင်း ရုန်းကန်နေ၏။ ရဲမိုးအလျှော့မပေးဘဲ ခေါင်းအုံးနှင့် ဖိမြဲဖိထားလေသည်။ နောက်ဆုံး ဦးမြဒင် အကြောဆွဲသလိုဖြစ်ကာ ငြိမ်ကျသွားလေတော့သည်။ ခေါင်းအုံးကို ဖယ်ကြည့်လိုက်မှ မျက်လုံးကြီးပြူးကာ ပါးစပ်ဟလျှက် အသက်မရှိတော့ပြီဖြစ်သော ဦးမြဒင်ကို တွေ့၍ ရဲမိုးသဘောကျကာ ပြုံးလိုက်မိသည်။

အသံတိတ်လူသတ်သမား ရဲမိုး. . ခေါင်းအုံးလေးကိုင်ကာ သူ့အိမ်သို့ ပြန်လာလိုက်သည်။ ပတ်ဝန်းကျင်ကလည်း လူသူမရှိသည်မို့ ရဲမိုးအတွက် အခွင့်ရေးကောင်းဖြစ်သွား၏။

ထို့နောက် ရဲစခန်းသို့ ဖုန်းလှမ်းဆက်ကာ အကြောင်းကြားလိုက်သည်။ မကြာခင်မှာပဲ ရဲများရောက်လာ၏။ မှုခင်းစစ် ဆရာဝန်များ၏စစ်ချက်အရ အသက်ရှူကြပ်၍ သေခြင်းသာဖြစ်သည်ဟု မှတ်ချက်ပြုကြသည်။ ဦးမြဒင်အလောင်းတွင် ဘာဒဏ်ရာမှ မတွေ့သဖြင့် ထိုသို့မှတ်ချက်ပြုခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ရဲမိုးလည်းအမှုမပတ်ဘဲ သက်သာရာရသွားခဲ့သည်။ ထိုညတော့ သူပိုင်သွားပြီဖြစ်သော ခေါင်းအုံးလေးကို အုံးကာ ရဲမိုး စိတ်ချလက်ချအိပ်လေတော့သည်။

ဒီတစ်ခါ အိပ်မက်က အရင်ကနှင့်မတူဘဲ ထူးဆန်းနေ၏။ သူ ဝက်ခြံတစ်ခုထဲသို့ ရောက်နေ၏။ ဝက်ခြံဆို၍. . . ဝက်တွေထားသော ဝက်ခြံတော့မဟုတ်၊ တရားခံဝင်နေရသော တရားရုံးက ဝက်ခြံဖြစ်နေသည်။ ရဲမိုး သူ့လက်ကိုငုံ့ကြည့်တော့ လက်ထိတ်ခတ်ထားတာကိုလည်း တွေ့ရ၏။





"ဘာတွေလည်း. . ငါဘယ်ရောက်နေတာလဲ. . "

"မောင်ရင် တရားရုံးကိုရောက်နေတာလေ"

တရားသူကြီးက စင်မြင့်ပေါ်မှနေ၍ လွန်စွာဟိန်းသော အသံကြီးဖြင့် ပြောလေ၏။

"ဟင်!. . "

ရဲမိုး သေချာကြည့်မှ. . တရားသူကြီးမှာ သူသတ်ခဲ့သော ဦးမြဒင်မှန်း သိရလေသည်။

"မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲ"

ဟု တရားသူကြီးဝတ်စုံနှင့် ဦးမြဒင်က မေးလိုက်လေ၏။

"ကျွန်. . ကျွန်တော့် နာမည်. . ရဲ. . ရဲမိုးပါ"

ဟု ရဲမိုးက ဝက်ခြံအတွင်းမှနေ၍ ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်ဖြေလိုက်လေသည်။

"မင်း ဘာဘာသာဝင်လဲ"

"ဗုဒ္ဓဘာသာဝင်ပါ"

"အေး. . ဗုဒ္ဓဘာသာဝင်ဆိုရင်. . ကံ. . ကံ၏အကျိုးကိုတော့ မောင်ရင်သိမှာပေါ့"

"သိ. . သိပါတယ်ဗျာ"

ရဲမိုး ဝက်ခြံလေးထဲတွင် အလွန်ပင် ကြောက်လန့်နေလေပြီ

"ဒါဆို မောင်ရင့်အိမ်ဘေးက ဦးမြဒင်ကို ဘာဖြစ်လို့ သတ်ရတာလဲ၊ လူ့လောကမှာ မောင်ရင်လိမ်လို့ရပေမယ့် ဒီနေရာမှာတော့ မောင်ရင်လိမ်ပြောလို့မရပါဘူး"

ပြောနေသော တရားသူကြီးဦးမြဒင်ကို မော့မကြည့်ရဲတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရဲမိုး ခေါင်းကိုသာငုံ့ထားမိလေသည်။

"ကျွန်. . ကျွန်တော် သူ့ရဲ့ခေါင်းအုံးလေးလိုချင်လို့ သတ်မိတာပါ. ."

"တဲ. . ဟုတ်ပြီ အမိန့်ချမယ်၊ တရားခံမောင်ရဲမိုးဟာ သူသတ်ခဲ့ကြောင်းဝန်ခံတယ်၊ အဲဒီ့အတွက် သူ လျော်ကြေးပြန်ပေးရလိမ့်မယ်၊ လူ့အသက်တစ်ချောင်းကိုသတ်ရင် အသက်တစ်ချောင်း လျော်ကြေးပြန်ပေးရမယ်၊ ဒါကြောင့် တရားခံမောင်ရဲမိုးကို မသေမချင်း ဆွဲကြိုးချ. . သတ်စေ"

"ဒုန်း!. ."

ခုံကိုရိုက်လိုက်သော တူချက်ကြီးကြောင့် ရဲမိုးနားစည် ကွဲမတတ်ခံစားလိုက်ရသည်။ ရဲများ သူ့ကိုဝက်ခြံအတွင်းမှ ဆွဲခေါ်သွားကြသည်။ သူတို့ခေါ်သွားရာနောက် ရဲမိုးလိုက်သွားရလေသည်။

အခန်းကျယ်ကြီးတစ်ခုအလယ်တွင် ကြိုးပေးသည့် စင်ကြီးကို ရဲမိုးမြင်လိုက်ရသည်နှင့် သေရတော့မည်ကိုကြောက်ကာ တစ်ကိုယ်လုံးတုန်ယင်နေတော့၏။ ကြိုးစင်ပေါ် တစ်လှမ်းချင်းတက်နေသော ခြေလှမ်းတို့က နောက်ပြန်လှည့်၍မရသော နောင်တခြေလှမ်းတွေနှင့်. . .

အပေါ်ရောက်သည်နှင့် ခေါင်းကို အဝတ်မည်းကြီးတစ်ခုအုပ်ချလိုက်ကာ သေမင်းဆီပို့သော တံခါးမောင်းခလုတ် ဆွဲဖြုတ်သံကို ထပ်ကြားလိုက်ရသည်။ သူအောက်သို့ ပြုတ်ကျသွားသည်နှင့် လည်ပင်းတစ်ခုလုံးဆွဲညှစ်ထားသလို အသက်ရှူမရအောင် တင်းကျပ်သွားလေ၏။

တစ်ချိန်တည်းမှာပဲ ရဲမိုး အိပ်ရာက လန့်နိုးသွားလေသည်။





သို့သော်. . . လည်ပင်းတစ်ခုလုံး တင်းကျပ်နေပြီး အသက်ရှူမရအောင် တင်းကျပ်လို့နေသည်။ အိပ်မက်ထဲမှ စွဲမြဲတင်းကျပ်စွာ စည်းနှောင်နေသော ဆွဲကြိုးကြီးက သူ့လည်ပင်းမှာ ပါလာလေပြီ။

အလွန်းတင်းကျပ်လွန်းသဖြင့် ကြိုးကိုဖြည်လို့မရတော့. . ။

နောက်ဆုံး သူသတ်ခဲ့သော ဦးမြဒင် သေခဲ့ရသလို ရဲမိုးသေရရှာတော့၏။

ပုလဲစာအုပ်ပိတ်လိုက်သည်နှင့်. . .

"ပုလဲရေ ဖားအံ့ဘူတာ ဆိုက်တော့မယ်ဟေ့"

ဥက္ကာလှမ်းပြောလိုက်မှ ပုလဲ သတိရသွားကာ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်သည်။

'ဖားအံမြို့မှ ကြိုဆိုပါ၏' ဆိုသောဆိုင်းဘုတ်လေးကို မြင်လိုက်ရသည်နှင့် ပုလဲစိတ်ထဲ ပျော်မြူးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

ဖားအံ့ရောက်သည်နှင့် ပုလဲ၏ဦးလေးက တပည့်တစ်ယောက်ကို ဂျစ်ကားတစ်စီးဖြင့် ကြိုခိုင်းလိုက်သည်။ သစ်တောတံဆိပ်ကပ်ထားသောဂျစ်ကားဖြစ်၍ အလွယ်တကူ ရှာတွေ့ခဲ့သည်။

"ဦးမြင့်လှိုင် နေမကောင်းဖြစ်နေလို့ ဦးလေးကို အခေါ်လွှတ်လိုက်တာ၊ ကဲ. . ကားပေါ်တက်ကြ. . ရေ့ဆက်အတော်သွားကြရဦးမှာ. . ."

ဖားအံ့မြို့မှစထွက်ကတည်းက ပုလဲနှင့် ကေသွယ်တို့ဇာကင်မရာကိုယ်စီဖြင့် ရှုခင်းများကို တဖျတ်ဖျတ်ရိုက်နေတော့၏၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ပြရှခင်း၏ မွန်းကျပ်မှုအောက်မှ လွတ်ထွက်လာကြသူများ ပီပီ နယ်မြို့ပြ၏ ကျေးလက်ရှုခင်းများက သူတို့ကိုကောင်းစွာဖမ်းစား လွှမ်းမိုးနေတော့သည်။

တမျှော်တခေါ် အစိမ်းရောင်လယ်ကွင်းများနှင့် အတန်းလိုက်ညီညာစွာ ပျံသန်းနေသော ဗျိုင်းအုပ်ဖြူဖြူများကလည်း ပုလဲအတွက်တော့ ကဗျာတစ်ပုဒ်အလား၊ ပန်းချီကားတစ်ချပ်အလားဖြစ်နေ၏။ ချောင်းရိုးတစ်လျှောက် ဘဲတစ်အုပ် ကူးခပ်လာသည်ကိုလည်း သူ့ကင်မရာကအလွတ်မပေး. . တဖျတ်ဖျတ်ရိုက်နေ၏။

"ဟော. . ဟိုမှာ နွားမကြီး အီးပါနေတယ်၊ ရိုက်. . ရိုက်ပုလဲ. . ရိုက်"

"သေလိုက်ပါလား၊ နင်ပဲရိုက်"

"ဟီး. . ဟီး. . ဟီး"

တစ်ယောက်နှင့်တစ်ယောက် အစအနောက်သန်သူများပီပီ သူတို့အုပ်စုက ပျော်စရာတော့အကောင်းသား၊ တောင်ကုန်းတောင်တန်းတွေကိုမြင်တော့ ကေသွယ်မှာ အပျော်ကြီးပျော်နေ၏။

ထို့ကြောင့် စိုးမင်းက. .

"ကေသွယ်က တောင်စောင့်နတ် ဝင်စားတာကွ" ဟုစ၏။

သူ့စကားကို ဖိုးကျော်က ဝင်ပင့်ပြန်သည်။

"အဲဒီတောင်စောင့်နတ်က ပက်ကျိကိုက်ပြီး စုတေတာကွ"

ဤတွင် ကားသမားဦးလေးကြီးက ခပ်ပြုံးပြုံးဖြင့် သတိပေးစကား ဆိုလေသည်။

"သမီးတို့သားတို့ အခုလို တောလမ်းတောင်လမ်းကို သွားနေချိန်မှာ ပေါက်ကရတွေမပြောကြရဘူးကွဲ့၊ တောစည်းတောင်





စည်းကကြီးတယ်. . အပြောအဆိုဆင်ခြင်ရမယ်"

ဦးလေးကြီးစကားကို လူမှုရေးအရသာ နားလည်လိုက်လျောပေးလိုက်ကြရသည်. . သိပ္ပံကျောင်းသားကျောင်းသူတွေ ဆိုတော့လည်း သိပ်လက်မခံချင်ကြ. . .။

"ဦးလေး. . အခုသွားမယ့် သစ်တောကြိုးဝိုင်းအမည်က ဘာတဲ့လဲဦးလေး"

ကေသွယ်က လိမ္မာပါးနပ်စွာဖြင့် စကားလမ်းကြောင်း လွှဲလိုက်ခြင်းဖြစ်ပုံရသည်။

"ဩော်. . ဒါလား၊ 'ကဟီးလူးဘေးမဲ့တော' လို့ခေါ်တယ်ကွဲ့၊ ဖားအံသထုံနယ်နမိတ်အတွင်းမှာ ရှိတာပေါ့"

ယခုသူတို့သွားနေသော တောလမ်းခရီးမှာလည်း မြေနီလမ်းဖြစ်ပြီး မညီညာကြမ်းတမ်းလှသောကြောင့် လူးလိမ့်နေရသည်။ ဖုန်တွေကလည်း တထောင်းထောင်း၊ ကားဆို၍လည်း သူတို့ကားတစ်စီးသာရှိ၏။

သုံးဘီးထော်လာဂျီများကိုသာ ရံဖန်ရံခါ တွေ့ရတတ်၏။ လမ်းဘေးနှစ်ဖက်တွင်လည်း တောင်နံရံကြီးများ သစ်ပင်ကြီးများက ပိတ်ဆို့ကာဆီးထား၏။

"လေ့လာမှတ်သားစရာတွေ အများကြီးနော်၊ ခုတ်လို့မကုန်နိုင်တဲ့ မြန်မာ့သစ်တောကြီးတွေ. ."

နေပျောက်ပင် မထိုးနိုင်အောင် ပင်ချင်းယှက်ကာ အုပ်ဆိုင်းဖြာနေသည့် ကားလမ်းဘေးတစ်ဖက်တစ်ချက်မှ အဖိုးတန်သစ်တောများကိုကြည့်ကာ သူတို့ဝမ်းမြောက်ဂုဏ်ယူနေမိကြသည်။

"ဦးလေး. . ဒါနဲ့ ဘယ်အချိန်လောက်မှ စခန်းကိုရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲရှင့်. . "

"သြော်. . . အင်း. . နောက်ထပ်သုံးနာရီခွဲ၊ လေးနာရီလောက်မောင်းရင် ရောက်ပါပြီ၊ ဗိုက်ဆာနေကြပြီ ထင်တယ်၊ အခုတော့ သမီးတို့မှာပါတဲ့ မုန့်တွေကိုပဲ အဆာပြေစားထားနှင့်ဦး၊ သမီးရဲ့ဦးလေး ဦးမြင့်လှိုင်က ဟိုမှာ ညစာစားပွဲတစ်ခု စီစဉ်ထားတယ်ကွဲ့"

"အင်း. . အစကတော့ ဒီလောက်ဝေးလိမ့်မယ်လို့ မထင်မိဘူး"

ဥက္ကာ စတင်ညည်းတွားလေပြီ။ ပုလဲက မျက်စောင်းလေးထိုးရင်း. . .

"အို. . . ဒါက တောထဲကိုသွားနေတာပဲ၊ ဘာပဲဖြစ်ဖြစ် အတွေ့အကြုံသစ်တစ်ခုရတာပေါ့ ဥက္ကာရဲ့"

သူတို့ ကဟီးလူးသစ်တောစခန်းကို ရောက်သည်နှင့် ညနေလည်းစောင်းနေပြီမို့ ခင်းကျင်းထားသော ညစာစားပွဲကို တွေ့ရလေ၏။

"သမီးအဖေ စောစောကဖုန်းဆက်သေးတယ်၊ သူ့သမီး ရောက်ပြီလားတဲ့. . "

"အဖေ့ကိုပြောလိုက် ဘာမှစိတ်မပူနဲ့လို့"

ထိုည. . ညစာစားပွဲတွင် ဦးမြင့်လှိုင်က. . .

"အင်း. . လူငယ်ဆိုတာ အခုလိုဗဟုသုတ ရှာမှီးသင့်တယ်လို့ ဦးကတော့ယူဆတယ်၊ သမီးတို့လိုပဲ မကြာမကြာလာလေ့ရှိတဲ့အဖွဲ့တွေလည်းရှိတယ်၊ အခုတောင် သမီးတို့နဲ့ ဆယ်ရက်လောက်ပဲကွာမယ်၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒက ကလေးသုံးယောက်တောင် တောထဲဝင်သွားကြသေးတယ်၊ သူတို့က သတ္တိတော့ကောင်း





ကြတယ်"

"အဲဒီအဖွဲ့က ပြန်မလာကြသေးဘူးလား ဦး"

"သူတို့ပြန်မထွက်လာသေးဘူး၊ အတွင်းပိုင်းမှာပဲ ရှိနေကြသေးတယ်၊ ဒီ ကဟီးလူးစခန်းကနေ ဆယ်မိုင်ကျော်ကျော်လောက်ဆက်သွားရတဲ့နေရာမှာ ဗိုလ်တဲဟောင်းတွေရှိတယ်၊ အင်္ဂလိပ်ခေတ်က ကျန်ခဲ့တာတွေပေါ့၊ လူမနေဘူးဆိုပေမယ့် အဆောက်အဦးတွေက အခိုင်အမာရှိသေးတယ်၊ ဘူမိဗေဒအဖွဲ့က အဲဒီဗိုလ်တဲတစ်လုံးလုံးမှာတည်းပြီး လေ့လာရေးတွေ လုပ်နေကြတယ်လေ၊ ဗိုလ်တဲနဲ့မလှမ်းမကမ်းမှာ အလွန်လှတဲ့ စမ်းချောင်းလေးတစ်ခုလည်း ရှိသေးတယ် သမီးရဲ့"

ကဟီးလူးတောထဲဝင်ဖို့ အဖော်တွေရှိနေသဖြင့် ပုလဲတို့အားတက်သွားရသည်။

"ရိက္ခာတွေ၊ ကိရိယာတွေ အပြည့်အစုံနဲ့လာကြတာ၊ ဒါပေမယ့် ဒီစခန်းကနေလည်း တစ်ပတ်တစ်ခါ ရိက္ခာပို့ပေးမယ်လို့ ပြောထားတယ်လေ၊ အဓိက,ကတော့ အသီးအရွက်နဲ့ဆန်ပေါ့ သမီးရယ်"

ထိုအဖွဲ့ကို ဥက္ကာတို့တဖွဲ့လုံး စိတ်ဝင်စားသွားကြသည်။ ဒီလိုတောနက်ထဲသို့ စွန့်စားလေ့လာရသော ရသမျိုးကို သူတို့လည်းလိုချင်ကြသည်။ ထိုကြောင့်လည်း ပုလဲက. .

"သမီးတို့က သူတို့လိုသွားနေချင်တာ ဦးရဲ့၊ ဒါမှတကယ့်တောတောင်သဘာဝကို လေ့လာလို့ရမှာ"

"အာ. . မဟုတ်တာသမီးရယ် အန္တရာယ်များပါတယ်၊ ဒါကအတွေ့အကြုံမရှိဘဲ တောထဲမှာ နေလို့မရဘူး၊ အခုဒီနေရာမှာတောင် အန္တရာယ်တွေရှိနေနိုင်တာ. . "



www.burmeseclassic.com

www.burmeseclassic.com



“သမီးတို့က တောထဲသွားဖို့လာတာ၊ အဖေခွင့်ပြုလို့တောင် ရောက်လာပြီပဲ၊ သမီးတို့ ကိုယ့်ဟာကိုယ် ကာကွယ်နိုင်ပါတယ်၊ သမီးတို့ကိုခွင့်ပြုပေးပါ ဦးရယ်၊ ပြီးတော့ သမီးတို့တစ်ဖွဲ့ထဲမှ မဟုတ်တာ ဘူမိအဖွဲ့လည်း တောထဲမှာ ရှိနေတဲ့ဟာကို . ။ သမီးတို့အဖွဲ့က သီးသန့်နေမှာမှ မဟုတ်ဘဲ၊ ဘူမိအဖွဲ့နဲ့ သွားပေါင်းနေမှာပါ၊ ဘာမှ စိတ်မပူနဲ့၊ ဒါမှ လာရကျိုးနပ်မှာပါပေါ့ ဦးရဲ့”

ပုလဲက မရမကပူဆာရင်း ဇွတ်ပြောနေသည်။

ဦးမြင့်လှိုင် ကလေးတွေကို တားမရ၍ အတော်စိတ်ညစ်သွားသည်။

“ခက်တယ်ကွာ လူငယ်တွေဆိုတာ စွန့်စားလိုကြတာ ဦးသိပါတယ်၊ တောစည်းတောင်စည်းတွေရှိတယ် . . အကြောင်းမသိရင် ဒုက္ခရောက်နိုင်တယ်”

“သူများတွေတောင် သွားလာနေသေးတာပဲဦးရာ၊ ဒီရောက်ပြီးမှ အဲလိုမသွားရရင် ဘယ်လိုလုပ်တန်တော့မှာလဲ . . .”

ပုလဲ နားပူနားဆာလုပ်လွန်းသည့်အဆုံး ဦးမြင့်လှိုင် သဘောတူ လိုက်ကြရတော့သည်။ ထိုအတွက် လိုအပ်သော ရိက္ခာနှင့် ဆေးဝါးများ၊ အသုံးဝင်နိုင်သည့် ကိရိယာတန်ဆာပလာများနှင့်အတူ လူတစ်ယောက်ကိုပါ လမ်းပြအဖြစ် ထည့်ပေးလိုက်၏။

နံနက်စောစောမှာပင် သူတို့အဖွဲ့ တက်ကြွစွာဖြင့် ခရီးထွက်လာခဲ့ကြသည်။ သွားရမှာက ကဟီးလူဘေးမဲ့ကြိုးဝိုင်းအစရှိ သစ်တောစခန်းမှ ဗိုလ်တဲဟောင်းများရှိရာ အတွင်းပိုင်း တောစခန်းအထိ ဖြစ်သည်။ လမ်းပြဟုဆိုသော်လည်း အသက်ခပ်ကြီးကြီး အဖိုးကြီးတစ်ယောက်ဖြစ်၏။ ထိုအဖိုးကြီးလက်ထဲတွင် နှစ်လုံးပြူးကြီး ကိုင်





ထားသဖြင့် . .

“သေနတ်ပါ ယူလာတယ်ဆိုတော့ ဒီတောထဲမှာ အန္တရာယ်ရှိလို့လား အဘ”

ဖိုးကျော်၏အမေးကြောင့် ဦးဖိုးခွားက . . .

“ဟာ . . ဘယ်နှယ့်ပြောတာတုန်း ငါ့မြေးရယ်၊ ဒါ ပျော်ပွဲစားထွက်တဲ့နေရာ မဟုတ်ဘူး၊ တောဆိုတော့ တောရဲ့အင်္ဂါရပ်တွေရှိတယ်၊ တောရိုင်းတိရစ္ဆာန်တွေရှိတယ်၊ တောဝက်တွေရဲ့ အန္တရာယ်ရှိတယ်၊ သမင်တစ်ကောင်းလုံးကို မျိုချနိုင်တဲ့ စပါးကြီး မြွေတွေလည်းရှိတယ် . . အင်း . . နောက်ပြီး . . ”

သူတို့ကြောက်သွားမည်စိုး၍ ဦးဖိုးခွားလည်း ဆက်မပြောတော့ . . ။

ဒီတော့မှ အားလုံးအသံတိတ်သွားကြသည်။ မြွေဆို၍ . . မိန်းကလေးတွေမှာ မျက်လုံးပြူးကုန်ကြသည်။ တောက နက်သထက်နက်လာပုံရ၏။ သစ်ပင်ကြီးများ၊ သစ်ပင်အုပ်များ စိပ်လာသည်။

နေပြောက်မထိုးနိုင်၍ အအေးဓာတ်က သိသာစွာ လွှမ်းမိုးနေ၏။ လူသွားလမ်းဟူ၍မရှိ။ ကျော်ခွကာ သွားနေရသည်။

ခြေတစ်ဖဝါးစာမျှသာရှိပြီး နံဘေးတွင် ချောက်ကြီးဖြစ်နေသော တောင်နံရံများကိုလည်း ပတ်လျှောက်ကြရသည်။ ခါးလောက်နက်သောချောင်းကိုလည်း ကူးကြရပြန်သည်။ ကြောက်လန့်မှုနှင့်အတူ ပျော်ရွှင်တက်ကြွမှုကိုလည်း သူတို့ခံစားနေရ၏။ တောကောင်တို့၏ ဟိန်းသံများ၊ မာန်ဖီသံများ၊ မျောက်များ၏ အုပ်စုဖွဲ့အော်သံများကြောင့်လည်း လန့်ကြရပြန်သည်။

“ဝူး! . . ဝူး! . . ”



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆင်ရိုင်းကြီးတစ်ကောင် လာနေတာတွေ့၍ လမ်းပြက အားလုံးကို အပင်အကွယ်တွင် ဝင်ပုန်းခိုင်းလေသည်။ ဆင်ရိုင်းကြီး အဝေးရောက်သွားမှ သူတို့ခရီးဆက်ကြရသည်။

အပင်ရိပ်ရသော တစ်နေရာအရောက် သူတို့မောလာသဖြင့် စခန်းချကြလေသည်။

"စောစောကဆင်ကြီးက အစွယ်အရှည်ကြီးဘဲနော် အဘ"

ကေသွယ်၏အပြောကြောင့် လမ်းပြဖြစ်သူ ဦးဖိုးခွားမှာ သဘောကျသွားပုံရ၏။ ခေါင်းတဆတ်ဆတ်ညိတ်ကာပြုံးရင်း. . .

"ဆင်တွေက အစွယ်ပဲရှည်တာမဟုတ်ဘူး၊ အသိဉာဏ်လည်း အတော်ရှိတယ်၊ သင်ပေးထားရင် အရမ်းမှတ်နိုင်တဲ့ကောင်တွေလေ၊ ပြီးတော့. . လူတွေရဲ့ စိတ်နေသဘောထားကို ကောင်းကောင်း နားလည်ကြတယ်၊ များသောအားဖြင့် အုပ်စုလိုက်နေတတ်ကြတဲ့ သတ္တဝါတွေပေါ့၊ ဆင်အုပ်စုတိုင်းမှာ ဆင်ခေါင်းဆောင်ရှိတယ်ကွဲ့. . ."

"ဟာ. . တယ်မိုက်ပါလား သူတို့က ခေါင်းဆောင်တွေဘာတွေနဲ့"

စိုးမင်းက သဘောကျသွား၏။ ဥက္ကာကတော့ သူ့ဝါသနာအတိုင်း မှတ်စုစာအုပ်ကိုထုတ်၍ လိုက်လံရေးမှတ်နေတော့သည်။ ဤသို့ဖြင့် ဦးဖိုးခွားနှင့် သူတို့အုပ်စုမှာ ဆင်အကြောင်း စကားစမြည်ပြောကြလေ၏။

"ဆင်အုပ်စုဟာ ခေါင်းဆောင်ရဲ့ အမိန့်ကိုနာခံကြတယ်၊ ဆင်တစ်ကောင်ဟာ တစ်နေ့ကို သစ်ရွက်သစ်ခက် ပိဿာချိန် (၂၀၀) ကနေ (၂၅၀)အထိ စားကြတယ်ကွဲ့၊ သူတို့ဟာ ဘယ်လောက်မတတ်





စောက်တဲ့တောင်ဖြစ်ဖြစ် ဖြည်းဖြည်းချင်း ရောက်အောင်တက်နိုင်ကြတယ်၊ ရေးကူးလည်းကောင်းတယ်ကွဲ့"

"ဗျာ. . ဘယ်လို ဆင်တွေဟာ ရေးကူးတတ်တယ်၊ ဟုတ်လား အဘ"

"ဟုတ်တယ်. . ရေးကူးတတ်တယ်၊ ရေကိုလည်း ကြိုက်ကြတယ်၊ ဆင်တွေဟာ ဉာဏ်ကောင်းပေမယ့် တကယ်တန်းကျတော့ ကြောက်တတ်တဲ့ သတ္တဝါတွေလေ. .၊ မျက်စိအမြင်အာရုံ သိပ်မကောင်းပေမယ့် အနံ့ခံအာရုံကတော့ ဘာကောင်းသလဲမမေးနဲ့ ငါ့တူ၊ နှာမောင်းဆိုရင်လည်း သိပ်သန်မာသလို မြေပေါ်ကျနေတဲ့ အပ်တစ်ချောင်းကိုတောင် ကောက်ယူနိုင်တယ်၊ ဒီနှာမောင်းမှာ ကြွက်သားပိုင်းပေါင်း လေးသောင်းလောက်ရှိတယ်လို့ ပညာရှင်တွေက ပြောဖူးတယ်၊ ဒီပမာဏဟာ တို့လူသားတွေရဲ့ တစ်ကိုယ်လုံးက ကြွက်သားအားလုံးထက် အဆ(၇၀)များတယ်လေ"

ဦးဖိုးခွားမှာ သူကျွမ်းကျင်ရာကို ပြောနေရ၍ ကျေနပ်အားတက်နေပုံရ၏။ ပါလာသောရေကို တစ်ငုံသောက်လိုက်ပြီးမှ စကားဆက်ပြန်သည်။

"ဆင်တွေကိုပစ်ရင် နာကျင်မှုအနည်းဆုံးနဲ့ မြန်မြန်သေစေဖို့အတွက် ပြောင်းဝ(၀. ၄)လက်မထက်ငယ်တဲ့ ရိုင်ဖယ်နဲ့ ပစ်ရတယ်၊ ဦးနှောက်ကိုထိမှ ဗိုင်းခနဲလဲသေတာ၊ ဒီလိုမပိုင်ရင် မပစ်သင့်ဘူး၊ ဘာလို့လဲဆိုတော့ သေလောက်တဲ့နေရာမဟုတ်ရင် ဆင်ဟာ ဒဏ်ရာရပြီး ဒီဒဏ်ရာကြောင့် စိတ်ခက်ထန်လာလိမ့်မယ်၊ အဲဒီနောက်မှာ ဆင်ရိုင်းဆင်မိုက်ကြီး လုံးလုံးဖြစ်သွားတော့တာပေါ့"

ဒီနေ့ဒီအချိန် ကမ္ဘာပေါ်မှာ ဆင်အမျိုးအစား (၂)မျိုးပဲရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်၊ ဒါတွေကလည်း အိန္ဒိယ၊ မြန်မာ၊ ယိုးဒယားစတဲ့ အာရှနိုင်ငံတွေမှာတွေ့ရတဲ့ အိန္ဒိယဆင်မျိုး၊ နောက်တစ်မျိုးက အာဖရိကဆင်မျိုးပေါ့"

"မှတ်သားစရာပဲအဘ၊ ဒါနဲ့ ကျွန်တော်သိသလောက် ဆင်တိုင်းမှာ အစွယ်မပါဘူးဆို. . ."

ဥက္ကာက သူသိချင်တာကိုလှမ်းမေး၏။

"ဟုတ်တယ်ကွဲ့ တို့နိုင်ငံမှာဆိုရင်တော့ အထီးတွေမှာသာ အစွယ်ပါတာများတယ်"

"ကျွန်တော်တို့အတွက်တော့ ဗဟုသုတအများကြီးပါပဲ အဘရယ်"

ထို့နောက် စကားတပြောပြောနှင့် ခရီးဆက်ခဲ့ကြလေတော့သည်။







# အခန်း (၆)

"အဲဒီနားမသွားနဲ့. . ."

ဦးဖိုးခွားက ပြောလည်းပြော ဖမ်းလည်းဆွဲလိုက်သဖြင့် ပုလဲနောက်သို့လန်ကာ ယိုင်သွား၏။

"အဲဒီရှေ့မှာ ချောက်ကြီးရှိတယ်. . အနက်ကြီးပဲ၊ သစ်ရွက်တွေ နွယ်ပင်တွေဖုံးနေလို့ မတွေ့ရတာ၊ ကျသွားရင်တော့. . ရှင်ဖို့လမ်းစမရှိဘူး သမီးရေ"

ပုလဲရင်ဘတ်လေးဖိုကာ သူတို့အုပ်စုထဲ ပြန်ဝင်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခရီးအတန်ပေါက်ခဲ့ပြီးနောက် ရွာတန်းရှည်ကြီးတစ်ခုသို့ ရောက်လာခဲ့၏။ ရွာတွင်တော့ သက်ရှိဆို၍ တစ်ယောက်မှမရှိတော့။

လမ်းပြဦးဖိုးခွားက ထိုရွာအနားတွင် စခန်းချရန်ပြော၍ အားလုံးဝိုင်းဖွဲ့ကာ တစ်ဝမ်းတစ်ထွာ ဖြည့်ကြလေသည်။ ထိုအချိန်တွင် ဦးဖိုးခွားမှာ ရွာတန်းရှည်ဘက်လှည့်ကာ ဆွေးဆွေးမြေ့မြေ့လေသံလေးဖြင့်. .

"တစ်ချိန်က ဒီရွာလေးကို အဘရောက်ဖူးတယ်၊ အဘတစ်ယောက်တည်းတော့ မဟုတ်ဘူး၊ အဘရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ပေါ့. .၊ သူ့နာမည်က မင်းအောင်တဲ့. ."

"ဟုတ်. . အဘ. . ကျွန်တော်လည်း လူမရှိတဲ့ ရွာလေးအကြောင်း မေးချင်နေတာ"

ဤသို့ဖြင့် ဦးဖိုးခွား သူတို့အကြောင်းကို ပြောပြလေတော့၏။

"ဟေ့ကောင်. . ဖိုးခွား"

"ဘာလဲ. . သောက်စရာရှိတာ သောက်စမ်းပါကွာ"

"ခင်ဗျား လူချမ်းသာကြီး မဖြစ်ချင်ဘူးလား"

မင်းအောင်က ထန်းရည်ကိုမော့သောက်ရင်း ပြော၏။

"မင်းအောင်. . ခင်ဗျား ကျုပ်ကို မဟုတ်ကဟုတ်ကတွေ ပြောတော့မယ်"

မင်းအောင်က ဖက်ကြမ်းဆေးပေါလိပ်ကြီးကို မီးဖွာရှိုက်လိုက်ရင်း. .

"ဒီဇာတ်လမ်းက တကယ်ပါဗျ၊ ကျုပ်ကြားထားတာ သိပ်မကြာသေးဘူး. . .၊ အဲဒီနေရာက ဒီကပါးလူးတောထဲမှာ ရှိတာတဲ့၊ ဆင်လိမ္မာတွေချည်း မွေးထားတယ်လို့ကြားတယ်၊ ထူးဆန်းနေတာက အဲဒီရွာကြီးက သူကြီးတစ်ယောက်သေတိုင်း သူ့အလောင်းနဲ့ သူပိုင်ရွှေငွေပစ္စည်းတွေကို ဆင်လိမ္မာပေါ်မှာ တင်လွှတ်တတ်သတဲ့. .၊

အဲဒီ ဆင်လိမ္မာဟာ သူကြီးအလောင်းနဲ့ ပစ္စည်းတွေပါသယ်ပြီး တောနက်ထဲဝင်သွားရော. . အဲ. . ဆင်ကြီးပြန်လည်းလာရော သူ့ကျောပေါ်မှာ ဘာမှပါမလာတော့ဘူး၊ အလောင်းနဲ့ ပစ္စည်းတွေ ဘယ်မှာချထားခဲ့တယ်ဆိုတာကိုလည်း ဘယ်သူမှ မသိကြတော့ဘူးတဲ့. ."

ဖိုးခွားက မယုံသလိုလေသံဖြင့်. .

"ဒီတော့ ခင်ဗျားပြောချင်တာက တောနက်ကြီးရဲ့တစ်နေရာရာမှာ သင်္ချိုင်းဒါမှမဟုတ်. . ရတနာသိုက်ရှိနေရမယ် ဆိုပါတော့. ."

"သူတို့ဓလေ့ထုံးစံက နှစ်ပေါင်းရာချီ လုပ်ခဲ့တာဆိုတော့. . အခုဆိုရင် ရတနာတွေဟာ ဘယ်နည်းတော့မလဲ"

သို့နှင့် သူတို့နှစ်ယောက် တောတိုးကာ ခက်ခဲကြမ်းတမ်းသောခရီးကို စခဲ့၏။ နောက်ဆုံး ကပါးလူးတောထဲမှ ဆင်လိမ္မာများရှိသော ရွာတန်းရှည်လေးသို့ သူတို့ရောက်လာခဲ့သည်။

ရွာထဲဝင်ကာ သူကြီးအိမ်သို့ တန်းသွားလေသည်။ သူကြီးကို လက်ဆောင်ပစ္စည်းများပေးကာ ရင်းနှီးအောင် ပေါင်းကြလေသည်။ နောက်ဆုံး သူကြီးအိမ်တွင်နေခွင့်ရကာ ညတိုင်း ခေါင်ရည်သောက်ဖြစ်ကြသည်။ ညစဉ်ညတိုင်း သူကြီးသောက်သော ခေါင်ရည်ထဲတွင် မင်းအောင်က အဆိပ်ခတ်လေတော့သည်။

ရက်ပေါင်းအတန်ကြာသော် တစထက်တစ. . သူကြီးအား

www.burmeseclassic.com



နည်းလာကာ လဲလေတော့၏။

သို့နှင့်တစ်ည. .

"အီး. . ဟီး. . ဟီး. ."

လထိန်ထိန်သာသော အချိန်တွင် ငိုသံကြီးကြားလိုက်ရ၍ မင်းအောင် အိပ်ရာမှအမြန်ထလေ၏။

"မဟုတ်မှလွဲရော သူကြီးတော့ သေပြီနဲ့တူတယ်"

ဦးဖိုးခွားမှာ ပြောနေရင်းက ရေဆာသဖြင့် ရေပုလင်းဖုံး ဖွင့်ကာ မော့သောက်လေသည်။ အားလုံးကတော့ စိတ်ဝင်တစား နားထောင်နေကြ၏။

"ဒီလိုနဲ့ နောက်နေ့မနက်လည်း ရောက်ရော ကျုပ်တို့လည်း ရွာအပြင်တောစပ်ကိုထွက်ပြီး အသုဘအခမ်းအနားကို စောင့်ကြည့် နေကြတာပေါ့. . .

သူကြီးအလောင်းကို ဆင်ပေါ် ဆွဲတင်နေတာ တွေ့ရတယ်၊ ပြီးတော့ အိုးလေးတွေ. .၊ အဲဒီအိုးလေးတွေထဲကို သူကြီးပိုင်တဲ့ လက်ဝတ်ရတနာတွေ ထည့်နေကြတယ်လေ၊ ရတနာအိုးလေးတွေ တင်အပြီးမှာတော့ ဆင်ကြီး ရွာထဲကထွက်သွားလေရဲ့၊ အသုဘကို ရွာထဲက ဘယ်သူမှလိုက်မပို့ကြဘူး. . .

ဆင်ကြီးတစ်ကောင်တည်း တောထဲတိုးဝင်လာတယ်၊ အဲဒီ မှာ မင်းအောင်က အပင်ပေါ်တက်ပြီး ဆင်အလာကိုစောင့်တယ် ဆင်လည်းအပင်အောက်ရောက်ရော. . သူ ဆင်ပေါ် ခုန်ချပြီး လိုက် သွားလေရဲ့. . .

ကျုပ်လည်း မကြာခင်ချမ်းသာတော့မယ်ဆိုတဲ့အတွေးနဲ့ မမောနိုင်မပန်းနိုင်ဘဲ ဆင်ကြီးနောက်က ပြေးလိုက်ရတာပေါ့. . .





တဖြည်းဖြည်းနဲ့ ကျုပ်တို့ဘယ်ကို ရောက်လာသလဲဆိုတော့ ချောက် ကမ်းပါးကြီး တစ်ခုအနားကို ရောက်လာခဲ့ကြတယ်၊ ဆင်ကြီးက ရုတ်တရက် သူ့ရှေ့ခြေထောက်နှစ်ချောင်းကို ကွေးပြီး ဝပ်ချလိုက် တယ်လေ၊ အဲဒီမှာ သူကြီးအလောင်းရော. . မင်းအောင်ပါ အဲဒီ ချောက်ကြီးထဲ ပြုတ်ကျသွားတယ်လေ. .၊ ကျုပ်လည်း ဒီမြင်ကွင်းကို မျက်လုံးထဲက အခုထိမထွက်ဘူးဖြစ်နေတယ်၊ ကျုပ်သူငယ်ချင်း မင်းအောင်လောဘက သူ့ကိုသေမင်းဆီ အပြီးခေါ်သွားခဲ့တာပဲ. ."

"အဘ ဒီရွာတန်းလေးမှာ ဘာလို့လူတွေမနေကြတော့တာ လဲ"

ဖိုးကျော်အမေးကို ဦးဖိုးခွားက တွေးတွေးဆဆဖြင့်. .

"တောထဲဆိုတော့. . . သားရဲဆွဲခံရတာတို့၊ ပိုးထိတာတို့၊ အမှောင့်ပယောဂတို့နဲ့ သေတာများလာလို့ ပြောင်းရွှေ့သွားတာ နေမှာပေါ့"

အမှောင့်ပယောဂဆိုသောကြောင့် ဥက္ကာက မေးမည်အ ပြု. . .

"ကဲ. . ခရီးဆက်ကြရအောင်"

ဟု ဦးဖိုးခွားပြောလိုက်သဖြင့် ဥက္ကာ မမေးဖြစ်တော့။

သူတို့အဖွဲ့ လျှောက်နေတာ အချိန်အတော်ကြာနေလေပြီ။ မောဟိုက်၍ ချွေးများစိုရွှဲနေပြီး ခြေထောက်တွေလည်း နာကျင်နေ ပြီ။ ဒူးတွေပင် ခွေညွှတ်ချင်နေပြီ။

"အဘ ဗိုလ်တဲကို မရောက်သေးဘူးလား"

"နီးနေပါပြီ ဟိုတောအုပ်လေးကျော်ရင် ရောက်ပြီ"

"မင်းတို့ကံကောင်းတယ် ပြောရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးခွားက ထိုသို့ပြောလာ၍ ဥက္ကာက မျက်မှောင်ကြုံ့ရင်း ပြန်မေး၏။

"ဗျာ. . ဘယ်လိုကြောင့်လဲ အဘ"

"လွန်ခဲ့တဲ့ တစ်လလောက်က ဒီကဟီးလူးတောထဲမှာ ဆိုးဆွားတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့တယ်"

သူ့စကားကြောင့် အားလုံးအံ့သြ စိတ်ဝင်စားသွားကြသည်။

"ဒီဖြစ်ရပ်ဆိုးသာဖြစ်နေရင် မင်းတို့ကို အခုလိုသွားခွင့်ပေးမှာ မဟုတ်ဘူး၊ ဘူမိအဖွဲ့လည်း ဗိုလ်တဲမှာရှိနေလို့ ခွင့်ပြုပေးလိုက်တာ"

အားလုံးရဲ့စကားသံတွေကလည်း တိတ်ဆိတ်သွားပြီး ကိုယ့်အတွေးနဲ့ကိုယ် ရင်ဝယ်ပိုက်၍ ဆက်လျှောက်လာခဲ့ကြသည်။

သို့သော် ထွက်လာကာစက တက်ကြွမှုမျိုးတော့ မဟုတ်တော့. . .

တောအုပ်က အပင်တွေ အတော်စိပ်လာ၏။ သွားလာနေသူမို့သာ ဤသို့လမ်းပြနိုင်ခြင်း ဖြစ်ပုံရသည်။ တောပန်းမျိုးစုံကလည်း အရောင်အသွေးစုံလင်စွာ ပွင့်လန်းနေကြသည်။

"သမီးတို့. . တွေ့တဲ့ပန်းတွေ လျှောက်မခူးကြနဲ့နော်၊ အချို့အပင်တွေမှာ အဆိပ်ရှိတယ်. ."

ဦးဖိုးခွားကလည်း လမ်းပြနေရင်းမှ စိတ်မချဟန်ဖြင့် နောက်လှည့်မှာနေ၏။ နာရီဝက်ခန့် ဆက်လျှောက်အပြီးမှာတော့ ဗိုလ်တဲတစ်လုံးကို စမြင်ရလေသည်။ တောင်ကုန်းတစ်ခု၏ အခြေတွင် ဆောက်လုပ်ထားခြင်းဖြစ်၏။

ဘိလပ်မြေ၊ အုတ်တို့နှင့် ဆောက်လုပ်ထားသော်လည်း





နှစ်ကာလကြာမြင့်ပြီဖြစ်၍ တချို့နေရာများ၌ ကျိုးပဲ့ကြေမွနေသည်၊ အနီရဲရဲသုတ်ထားသော ဆေးရောင်များမှာလည်း အခုတော့ အရောင်လွင့်ပျယ်နေလေပြီ။ စခန်းတွင်တော့ ဘယ်သူမှမရှိ. .။ သူတို့အား ဗိုလ်တဲကို ညွှန်ပြအပြီး လမ်းပြဦးဖိုးခွား နှုတ်ဆက်လေသည်။

"ကဲ. . အဘပြန်အုံးမယ်၊ နောက်ငါးရက်လောက်ကျမှ ဒီကို ရိက္ခာတွေသယ်ပြီး ပြန်လာခဲ့လိုက်မယ်"

နှုတ်ဆက်ပြီးပြန်သွားသော ဦးဖိုးခွားကျောပြင်ကိုကြည့်ကာ သူတို့အားလုံး ကျန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ဥက္ကာတို့မရောက်ခင် အဖြစ်အပျက်လေးတစ်ခု ဖြစ်သွားခဲ့၏။ ထိုအဖြစ်ကား. . .

မျောက်အူသံ ဆင်အော်သံတို့ တစ်ခါတစ်ရံ ထွက်ပေါ်လာသည်ကလွဲ၍ ကဟီးလူးဘေးမဲ့တောတစ်ခုလုံး တိတ်ဆိတ်နေသည်။

ထိုတိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော လူသုံးယောက်. . .

သူတို့ကား ကဟီးလူးတောထဲသို့ စောစီးစွာရောက်နှင့်နေကြသော ဘူမိကျောင်းသားသုံးယောက်ပဲဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမြင်နီးပေမယ့် ခရီးဝေးသည့်တောင် ဆိုတဲ့စကား. . တကယ်မှန်တယ်နော်"

"အေးလေကွာ တောင်ကိုမြင်နေရတာကြာပြီ၊ ခုထိကို မရောက်နိုင်ဘူး"

"ခဏ. . နားကြမယ်ကွာ"

ပင်ပန်းနွမ်းနယ်လာဟန်နှင့် တစ်ယောက်ကပြောလိုက်ရာ ဟန်လုပ်ငြင်းသူ တစ်ယောက်မှမရှိဘဲ ပြိုင်တူလိုပင် ကျောပိုးအိတ်များချကာ အဆင်ပြေရာတွင် နားနေလိုက်ကြ၏။ ရေဘူးထုတ်သောက်သူသောက်၊ ဦးထုပ်နှင့် ယပ်ခတ်သူခပ်နှင့် ပင်ပန်းမှုတွေကို ဖြေဖျောက်နေကြသည်။

"အဲဒီမှာလည်း ထုံးကျောက်နဲ့ လိပ်သည်းကျောက်ပဲ တွေ့ရမှာပါကွာ"

"ငါတော့ ကျောက်တွေမရှာချင်တော့ဘူး၊ ဒီကိုလာတုန်းက လမ်းပြဦးဖိုးခွားပြောပြတဲ့ သူကြီးသင်္ချိုင်းဟောင်းဆိုတာပဲ ရှာချင်တော့တယ်ကွာ"

"အေး. . ဟုတ်တယ်၊ အဲဒါကမှ သူဌေးဖြစ်မြန်မှာ"

ဘူမိဗေဒနောက်ဆုံးနှစ်ဖြစ်သည့် ကျောင်းသားများဖြစ်သော သူရ၊ မြင့်နိုင်၊ ကျော်စွာတို့သုံးယောက် အနားယူရင်း စိတ်ကူးတွေယဉ်နေကြသည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ကျင့်သုံးခဲ့သည့်ဓလေ့မို့ သူကြီးပေါင်းအယောက်သုံးဆယ်ကျော် မြှုပ်နှံပြီးဖြစ်ကြောင်းလည်း သူတို့သိထားသည်။

"အဲဒီသင်္ချိုင်း တွေ့လိုက်ရင်တော့ အချိုကြီး ပွပေါက်တိုးမှာပဲ"





သို့နှင့် ကဟီးလူးသစ်တောကြိုးဝိုင်းမြေပုံကိုထုတ်၍. . ဆင်လိမ္မာရှိခဲ့သည့်ရွာဟောင်းဆီ အရောက်သွားကြသည်။ ထိုရွာမှ နာရီဝက်အကွာအဝေးကို စက်ဝိုင်းဝိုင်းလိုက်ပြီး ရှာဖွေရမည့် နယ်မြေဇုန်အဖြစ် သတ်မှတ်လိုက်၏။

ရတနာသိုက်ရှာဖွေဖို့ တိုင်ပင်နေစဉ်မှာပင် မြင့်နိုင် ရုတ်တရက် ထရပ်လိုက်သည်။ သူ့ပုံစံက ဗျာယီဗျာယာ ဖြစ်နေသည်မို့. . .

"ဟေ့ကောင် ဘာလဲ. . ဘာဖြစ်လို့လဲ"

"အဟဲ. . အစာဟောင်းစွန့်ချင်လို့ စအိုတွန်နေပြီကွ၊ တောတိုးလိုက်ဦးမယ်"

"ဟား. . ဟုတ်ပ၊ နံဟောင်နေတာပဲကွာ"

ကျော်စွာ တွန်းထိုးနှင်ထုတ်လိုက်မှပဲ မြင့်နိုင် တောထဲအပြေးအလွှား တိုးဝင်လာခဲ့၏။ ခပ်ဝေးဝေးထိ လျှောက်လာခဲ့ပြီးမှ မြင့်နိုင် တောထိုင်လိုက်သည်။ အမတ်ကြီး ဦးပေါ်ဦး ပြောခဲ့သည့် အရသာအရှိဆုံး ဇိမ်အရှိဆုံး လုပ်ငန်းကြီးကို လုပ်ကိုင်ရတာ တစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားရသည်။

ကိစ္စပြီးအောင် အားထုတ်နေစဉ် အနီးတစ်ဝိုက်မှ ကိုင်းပင်ခြုံတောတွေ လှုပ်ရှားသွားတာ မြင်မိ၍ ဟိုကောင်တွေ နောက်ပြီဟု တွေးကာ ပြုံးလိုက်မိသည်။ ဒုက္ခမပေးနိုင်အောင် တစ်ရှူးလိပ်ထုတ်၍ မြန်မြန်သန့်ရှင်းရေး လုပ်လိုက်၏။

ကိုယ်ကဦးအောင် ပြန်လည်နောက်ပြောင်နိုင်ရန် ကိုင်းပင်များ လှုပ်ရှားနေသည့်နေရာသို့ ကိုယ်ကိုကိုင်းကာ အသံတိတ်ချဉ်းကပ်လာခဲ့သည်။ အဆက်မပြတ် လှုပ်နေသည့် ကိုင်းတောထဲ ဒိုက်ထိုးခုန်ဝင်လိုက်၏။ သို့သော် သူခုန်အုပ်မိသည်က လူမဟုတ်ဘဲ ယုန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ဖြစ်နေသည်။ ယုန်မှာ ကြည့်နေရင်းက ပြေးထွက်သွားပြီး တစ်စုံတစ်ယောက်ပေါ်သို့ ခုံတက်သွားသည်။ မြင့်နိုင် မျက်လုံးပြူး သွား၏။

တွေ့ရသည့်မြင်ကွင်းကို မယုံနိုင်ဟန်နှင့် မျက်လုံးများကို ပွတ်သပ်ပြီး ပြန်ကြည့်လိုက်သည်။ ယုန်လေးကို ရင်ခွင်ပိုက်ထားသူက မိန်းမလှလေးတစ်ယောက် ဖြစ်နေ၏။ လှရုံသောက်နှင့်တော့ ပြဿနာမရှိ၊ အဝတ်အစား ဗလာနတ္တိနှင့်မို့ မြင့်နိုင် မျက်လုံးပြူးကာ အသက်ရှုမြန်သွားရသည်။

မိန်းမပျိုက ယုန်ကိုပိုက်ထားရင်း သူ့အား လက်ယပ်လှမ်းခေါ်လိုက်သည့်အခါမှာတော့ မြင့်နိုင် ဘာကိုမှတွေးမနေတော့ဘဲ. . ထိုမိန်းမပျိုထံ ခြေလှမ်းကျဲကြီးများနှင့် တိုးကပ်သွားတော့၏။

မိန်းမပျိုက ယုန်ကိုလွှတ်ချလိုက်ပြီး အပင်ကွယ်ကာ ပုန်းခိုလိုက်သည်။ ဒါကိုမြင်ပြီး မြင့်နိုင် ပိုလို့မချင့်မရဲဖြစ်ကာ အပင်နောက်သို့ ပြေးဝင်ခဲ့သည်။ သူ့ကိုစောင့်မျှော်နေသလို အပင်မှီကာ အလှပြနေဟန်နှင့် မိန်းမပျိုကိုတွေ့ရ၍ မြင့်နိုင် အမောဖောက်သွားသည်။

မိမွေးတိုင်းဖမွေးတိုင်း လှချင်တိုင်းလှနေသည့် မိန်းမပျို၏ တပ်မက်စရာ ခန္ဓာကိုယ်အစိတ်အပိုင်းများကို အစုန်အဆန်ကြည့်ရင်း မြင့်နိုင် တံတွေးတဂွပ်ဂွပ် မျိုချနေရသည်။

"ရှင် ယောကျ်ားမဟုတ်ဘူးလား"

"ဗျာ!"

မြင့်နိုင်လည်း မထူးတော့ပြီမို့ အခွင့်အရေးကိုလက်လွှတ်မခံတော့ဘဲ မိန်းမပျိုလေးနားကပ်သွားကာ တင်းကျပ်စွာဖက်လိုက်၏။ မိန်းမပျိုလေးကလည်း ပြန်သိုင်းဖက်ရင်း သူ့လည်ကုပ်အား ချွန်





ထက်သော အစွယ်များဖြင့် ကိုက်ချလိုက်လေတော့သည်။

"အား!. ."

မြင့်နိုင်၏ ငယ်သံပါအောင်အော်သံက တစ်တောလုံး ဟိန်းသွားတော့၏။

"ဟ. . . ဘာသံလဲဟ"

"ဟိုကောင် တောထိုင်တာ ကြာလှချည်လား"

"အေးလေ. . ဘာများဖြစ်နေလဲ"

အတူတူလာခဲ့ကြသူချင်းမို့ ပူပန်စိတ်နှင့် တောတိုးကာ ရှာရတော့သည်။ မြင့်နိုင်ဟု တစ်လှည့်စီ တကျော်ကျော်ခေါ်ကာ လှည့်ပတ်ရှာကြသည်။

"ဒီကောင် အန္တရာယ်တစ်ခုခုနဲ့ ကြုံနေလို့လား"

"ဒီတောမှာ ကျားလည်းရှိတယ်ပြောတာပဲ၊ ကွိုင်တော့ ပူပြီထင်တယ်"

"မမှောင်ခင် တွေ့အောင်ရှာမှဖြစ်မှာ"

တစ်နေရာအရောက် အသေကောင်တစ်ကောင်အား လှမ်းတွေ့လိုက်ရလေသည်။

"ဘာကောင်ကြီးလဲ"

"လူ. . လူများလား၊ ပုံစံက ရှည်မျောမျောနဲ့. . ."

သတ္တဝါကို မမြင်ရသော်လည်း လူနှင့် ဆင်တူသည်ဟု ထင်မိသဖြင့် ပို၍စိုးရိမ်သွားကြသည်။

"ဟင်. . မြင့်. . မြင့်နိုင်"

"ဟာ. . သူငယ်ချင်း"

ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော သူငယ်ချင်း မြင့်နိုင်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသဖြင့် နှစ်ယောက်သား ထိတ်လန့်တုန်လှုပ်သွားကြသည်။

"သူငယ်ချင်း ဘယ်လိုဖြစ်ရတာလဲကွာ"

ထိုမြင်ကွင်းအား မကြည့်ရက်တော့သဖြင့် ကျော်စွာတို့ ကျောခိုင်းကာ ထွက်ခွာခဲ့ရတော့၏။ ကဟီးလူး သစ်ထုတ်လုပ်ရေး စခန်းသို့ အမြန်သွားကာ အကျိုးအကြောင်းပြော အကူအညီတောင်းရန်မှအပ တခြားနည်းလမ်းမရှိတော့။ ကျော်စွာနှင့် သူရတို့ ခြေလှမ်းများက အားအင်ကုန်ခမ်းနေသလို စိတ်ဓါတ်လည်း ပျက်ပြားနေကြတော့သည်။

သို့သော် မမှောင်ခင်လေးမှာပင် ဗိုလ်တဲကြီးဆီသို့ သူတို့ ပြန်ရောက်လာကြသည်။ ကဟီးလူးသစ်ထုတ်စခန်းသို့ နေ့တစ်ဝက်ခရီးခန့် လိုသေးသည်မို့ ဒီမှာပဲ ညအိပ်နားရတော့မည်ဖြစ်သည်။

သူတို့နှစ်ယောက် စကားမပြောဖြစ်၊ ကျောပိုးအိတ်ထဲမှ အရက်ပုလင်းများထုတ်ယူကာ တိတ်ဆိတ်စွာ သောက်နေလိုက်ကြသည်။ ဒီည သူတို့မူးနေမှသာ နေလို့ထိုင်လို့ ရတော့မည်ဖြစ်သည်။ နှစ်ယောက်သား ရီဝေရုံမက မူးယစ်သည့်အဆင့်သို့ ရောက်သွားကာ ကျောပိုးအိတ်ကိုယ်စီ ခေါင်းအုံးရင်း အိပ်ပျော်သွားတော့၏။

ထိုအချိန်တွင် အပြင်လောကတစ်ခုလုံးလည်း အမှောင်ထုက စိုးမိုးသွားပြီဖြစ်သည်။

အမှောင်ညကို အသက်သွင်းနေသည်က ပုစဥ်းရင်ကွဲများ၊ ညဥ့်ငှက်များ၊ အမှောင်အားကိုး အစာရှာသည့် တောကောင်များသာဖြစ်သည်။ လမွန်းတည့်ချိန်လောက်တွင် ကျော်စွာ လူးလွန့်လာသည်။

သူ့ရင်တွေ ပူလောင်နေသလို. . ဆီးအိမ်တစ်ခုလုံးလည်း





တောင့်တင်းနေ၏။ အပေါ့သွားမှ ဖြစ်တော့မည်မို့ ဟန်ချက်ထိန်းကာ ဗိုလ်တဲပေါ်မှ ဆင်းလာခဲ့၏။ ဗိုလ်တဲဘေးဘက်သို့ ပတ်လျှောက်လာခဲ့ကာ အပင်တစ်ပင်နားရပ်၍ အပေါ့သွားလိုက်သည်။ ထိုအချိန်မှာပင် သူ့နောက်အပင်ထက်မှ တစ်စုံတစ်ခု ညင်သာစွာ လျှောဆင်းလာသည်။

ကျော်စွာကိစ္စပြီး၍ နောက်ပြန်လှည့်လိုက်ချိန်မှာတော့. .

"အောင်မလေးဗျ!. ."

ရုတ်တရက်တွေ့လိုက်ရ၍ ကြက်သီးထကာ လန့်သွားရသော်လည်း မိန်းမလှလေးတစ်ယောက်ဖြစ်နေ၍ အံ့သြသွားရပြန်သည်။ အားပျော့ပျော့ လရောင်အောက်တွင် မိန်းမလှလေးမှာ အဝတ်အစား လုံးဝမပါပေ။

ကျော်စွာ အမူးတွေပြေသွား၏။

"မင်း. . မင်း. . ဘယ်သူလဲ"

"ကျွန်မ ခရီးသွားရင်း ဒီတောထဲမျက်စိလည်လာလို့"

"မင်းအဝတ်တွေကော. ."

မိန်းမလှလေးက မခို့တရို့လေး ပြန်ပြုံးပြကာ. .

"ကျွန်မ ဒီနားကချောင်းစပ်မှာ ရေဆင်းချိုးတုန်း အဝတ်တွေပျောက်သွားတာပါရှင်၊ ဖြစ်နိုင်ရင်လေ ရှင့်မှာပါလာတဲ့ အဝတ်တစ်စုံလောက် ကျွန်မကိုပေးပါလားဟင်"

အကူအညီတောင်းနေခြင်းဖြစ်၍ ကျော်စွာ ကြောက်စိတ်အနည်းငယ်လျော့သွားကာ ယုံကြည်သွားမိသည်။ သို့နှင့် ကျော်စွာ အပေါ်အင်္ကျီကိုချွတ်၍ သူမအားလှမ်းပေးလိုက်သည်။

သူမက အင်္ကျီကိုမယူဘဲ ကျော်စွာကိုလှမ်းဖက်လိုက်၏။

www.burmeseclassic.com



အထိအတွေ့တို့က သူ့ကို ပြန်လည်မူးဝေသွားစေသည်။

တစ်စုံတစ်ရာတော့ မှားယွင်းနေပြီဟု သိလိုက်၍ ရုန်းကန်မိချိန်တွင် သူ့လည်ပင်းမှ ပြင်းပြစွာနာကျင်သည့် ဝေဒနာကို ခံစားလိုက်ရသေးတော့၏။

ခဏအတွင်းမှာပင် ကျော်စွာ အားအင်ကုန်ခမ်းချိနဲ့သွားသလို ခံစားလိုက်ရပြီး တစ်ကိုယ်လုံး ပျော့ခွေသွားသည်။ မြင့်နိုင် ဘာကြောင့်သေရသလဲဆိုတာ နားလည်သလိုလို ရှိလာသည့်အခိုက်မှာပင် သူလည်းသေရတော့မည်မှန်း သိလိုက်သည်။

ထို့အတူ ဗိုလ်တဲပေါ် တက်သွားသော ဝတ်လစ်စလစ် မိန်းမလှလေးတစ်ယောက်ကြောင့် အိပ်ပျော်နေသည့် သူရအတွက်ပါ စိုးရိမ်မကင်း ဖြစ်သွားသော်လည်း သူကိုယ်တိုင် သေဘေးမှမလွတ်နိုင်တော့ကြောင်းသိသွားကာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်စွာနှင့် ရုန်းကန်ဖို့ ကြိုးစားလိုက်သော်လည်း. . . ။







# အခန်း (၈)

အဝေးက လှမ်းမြင်နေရသော်လည်း ဗိုလ်တဲကြီးဆီရောက်အောင် ပုလဲတို့ အတော်လျှောက်ခဲ့ရသည်။ ဗိုလ်တဲရှေ့အရောက်တွင် အထဲမှစကားပြောသံများကို ကြားလိုက်ရ၍ သူတို့ဝမ်းသာသွားရသည်။ ထိုစဉ် ဗိုလ်တဲထဲမှ ထွက်လာသော လူသုံးယောက်ကို လှမ်းတွေ့လိုက်သည်။ သူတို့က ပုလဲတို့အုပ်စုအား အံ့အားသင့်စွာကြည့်နေကြသဖြင့် ပုလဲက. . .

"ကျွန်မတို့က လေ့လာရေးအဖွဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. ."

ဘူမိအဖွဲ့သားတစ်ယောက်က အသက်မပါသောအသံ၊ အသက်မပါသောအပြုံးတို့နှင့် ဆီးကြိုလိုက်သည်။ ဘာပဲဖြစ်ဖြစ် ပုလဲတို့အတွက်တော့ ဒီဗိုလ်တဲတွင် စခန်းချမှဖြစ်မည်ဖြစ်သည်။ ပုလဲတို့ဗိုလ်တဲကြီးပေါ်အတက်. . .

"ဒီမှာက ကျွန်တော်တို့ နေနေတာဆိုတော့. . ခင်ဗျားတို့ဟိုဘက်ဗိုလ်တဲလေးမှာ နေရာယူပေးပါလား"

ဒီလိုပြောလာတော့လည်း သူတို့အားလုံး ဗိုလ်တဲလေးဆီရွှေ့ရတော့သည်။

ညရောက်တော့ လကထိန်ထိန်သာလျှက်ရှိ၏။ လေတစ်ချက်ဝှေ့လိုက်တိုင်း သစ်ရွက်ခြောက်များက တဖြောက်ဖြောက်ကြွေနေလေ၏။ ညရောက်လေ အအေးဓာတ်က ကြီးစိုးလာလေမို့ ဥက္ကာနှင့်ဖိုးကျော်မှာ သစ်ကိုင်းခြောက်များရှာ၍ မီးဖိုရသည်။

ထိုစဉ် ဘူမိအဖွဲ့သားသုံးယောက် ရောက်လာကာ မီးမဖိုရန်တားမြစ်လေသည်။ မီးအလင်းရောင်ကို သူတို့မကြိုက်ကြောင်း ပြောလေ၏။ ဥက္ကာတို့လည်း အချင်းမများချင်၍ မီးမဖိုတော့ဘဲ ထားလိုက်တော့သည်။ ဒီတော့မှ သူတို့ထဲကတစ်ယောက်က. .

"ကဲ. . . အခုဆို အားလုံးက တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေ ဖြစ်ကြပြီ၊ ကျုပ်တို့က ခင်ဗျားတို့လို လူငယ်တွေကိုကြိုဆိုပါတယ်၊ ဒီလိုနေရာကို လာဝံ့တဲ့အတွက်လည်း ချီးကျူးပါတယ်၊ အတွေ့အကြုံအသစ်တွေ လိုချင်တယ်ဆိုတဲ့ ခင်ဗျားတို့တွေအတွက်တော့ အကောင်းဆုံးအတွေ့အကြုံသစ်တွေ ကျိန်းသေရကြမှာပါ"





"ဒါနဲ့. . ဒီနားမှာ စမ်းချောင်းတစ်ခု ရှိတယ်ဆို"

ပုလဲကဝင်မေးလိုက်သည်။

"အင်း. . ရှိတယ်လေ၊ ဘာဖြစ်လို့လဲ"

မြင့်နိုင်အမေးကို ပုလဲက. .

"ကျွန်မတို့ အဲဒီစမ်းချောင်းကို သွားကြည့်ချင်တယ်၊ လမ်းပြပေးလို့ရမလား"

ခရီးရောက်မဆိုက် ပုလဲစကားကြောင့် ဥက္ကာက. .

"ဟာ. . ပုလဲကလည်း တောကြီးထဲမှာ မှောင်နဲ့မည်းမည်းညဘက်ဆို တောကောင်တွေထွက်တယ်လေ၊ ဒီမှာ လူတွေဆုံနေလို့ မလာတာ၊ မသွားပါနဲ့လား"

ဥက္ကာက မသွားဖို့စကားဆိုသည်။

"ပြဿနာမရှိပါဘူး ညီလေးရာ သူသွားချင်ရင် သွားပါစေ၊ ဒီအနီးနားဝန်းကျင်မှာ လူကိုအန္တရာယ်ပေးတဲ့ တောကောင်တွေ မရှိပါဘူး၊ ဒီ့ထက်တောပိုနက်တဲ့နေရာတွေမှာပဲ သူတို့ကျက်စားကြတာပါ၊ ငါတို့ဆို ညဘက်လျှောက်သွားနေတာပဲ. . ဘာမှကြောက်စရာမရှိပါဘူး၊ အဟင်း. . အဟင်း. ."

မြင့်နိုင်စကားကို သူတို့အဖွဲ့မှ ကျော်စွာကလည်း ထောက်ခံပြောလေသည်။

"ဟုတ်တယ် ညီလေး. . ဘာမှကြောက်စရာမရှိဘူး၊ ဟိုဘက်မှာ စမ်းချောင်းလေးရှိတယ်၊ ရေကလည်းကြည်တယ်၊ အရမ်းလည်းသာယာတယ်"

"ဟာ. . ဒါဆိုသွားကြမယ်လေ"

ပုလဲ အားတက်သရောဖြစ်နေ၍ ဥက္ကာမတားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူတို့အုပ်စု ထွက်လာခဲ့ကြသည်။ ဓါတ်မီးကိုယ်စီပါနေ၍ သိပ်တော့ပြဿနာမရှိ။ ပုလဲ၊ ကေသွယ်၊ ဖိုးကျော်၊ စိုးမင်းတို့ကို ဘူမိအဖွဲ့မှမြင့်နိုင်က ဦးဆောင်ခေါ်သွားသည်။ ဥက္ကာနှင့် ဘူမိကျော်စွာကတော့ နောက်ဆုံးမှ စကားတပြောပြောနှင့် လိုက်ပါလာခဲ့၏။ သူရဆိုသူတစ်ယောက်သာ ဗိုလ်တဲကြီးတွင် ကျန်ခဲ့လေသည်။

အမှန်တကယ်လည်း တောကောင်ကြီးတွေ မတွေ့။

တစ်ခုပဲ သတိထားရသည်။ မြွေတွေပဲဖြစ်၏။

"တို့မှာ လက်နက်တစ်ခုတောင် မပါဘူးနော်၊ အရေးအကြောင်းဆို ဘယ်လိုလုပ်ကြမလဲ၊ ဥပမာကွာ ညဘက်မှာ စမ်းချောင်းကို ရေလာသောက်တဲ့ တောကောင်တွေနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ. . ."

စိုးမင်း စကားကြောင့် ပုလဲက တခစ်ခစ်ရယ်ရင်း. . .

"ကြံဖန်ပြီး စိတ်ပူမနေပါနဲ့ စိုးမင်းရာ"

နောက်ဆုံးမှာတော့ ဥက္ကာနှင့်ကျော်စွာတို့ ခြေလှမ်းနှစ်ဆယ်ခန့် ပြတ်ကျန်ခဲ့ပြီဖြစ်၏။

"ဟေ့လူ. . သွက်သွက်လျှောက်ရအောင်. .၊ ကျုပ်တို့ နှစ်ယောက်တည်း ပြတ်ကျန်ခဲ့အုန်းမယ်. ."

ဥက္ကာ အခုမှ ရှေ့ကိုကြည့်မိပြီး စိုးရိမ်စွာဆိုသည်။

"ရပါတယ်ကွာ ဒီလမ်းကို မျက်စိမှိတ်ပြီး သွားလို့ရပါတယ်၊ ငါသွားနေကျပါ"

"ဒါနဲ့ ဒီကိုတောကောင်တွေမလာဘူးလား"

"လာလည်းလာမှာပေါ့၊ သူ့ဟာသူလာတာ ဘာဖြစ်လဲ ညီလေးရာ၊ ကြောက်စရာဆိုတာ. . ငါတို့မှာ မရှိတော့ပါဘူး. ."





သူ့စကားက ဘယ်လိုအဓိပ္ပါယ်ဆောင်နေသည်မသိ. . . စိတ်ထဲမှာတော့ တမျိုးကြီးခံစားနေရသည်။ ကျော်စွာ့ကိုကြည့်ရတာ သူအားမရ၊ ပိုးဟပ်ဖြူတစ်ကောင်လို သူ့ခန္ဓာကိုယ်က သွေးမှရှိပါလေစ။ ပြီးတော့ ကျော်စွာ့အပြုံးက အမှောင်ထဲမှာ အေးစက်လွန်းနေသည်။

ထူးခြားနေပြီဆိုတာ သိနေပေမယ့် ဘာထူးခြားတယ် ဆိုတာတော့ ဥက္ကာမသိ။ ပြီးတော့ အေးစိမ့်စိမ့် အငွေ့သက်များ. .။

ထိုအခိုက်. . .

မြေပြင်ပေါ်တွင် ထောင်နေသော တစ်ထွာခန့်ရှိသည့် သစ်ငုတ်ချွန်တစ်ခု. . .

"ဟာ. . ဟေ့. . ဟေ့လူ သတိထား၊ အောက်မှာ သစ်ချွန်ကြီး"

သွားပြီ. . တားမြစ်မှုက နောက်ကျသွားခဲ့ပြီ။ ကျော်စွာ၏ ခြေထောက်က ထိုသစ်ချွန်ပေါ်သို့ တည့်တည့်ကြီး တက်နင်းချလိုက်လေပြီ။

"ဟာ!"

ယဲ့သံပါအောင် စူးစူးဝါးအော်သံ ထွက်ပေါ်လာမည်ဟု ထင်ထားခဲ့သည်။ သို့သော်. . မည်သည့်အော်သံမျှ မကြားရ။

သစ်ချွန်က သူ့ခြေထောက်နှင့် လွဲချော်သွားလေသလား. . ကျော်စွာ အချိန်မီ ရှောင်ရှားလိုက်နိုင်လေသလား။

မဟုတ်ပါ. . .။

သစ်ချွန်က ကျော်စွာ၏ ခြေဖဝါးကိုထုတ်ချင်းပေါက် ထွက်သွား၏။ စီးထားသောဖိနပ်ကိုဖေါက်၍ ခြေဖဝါးမှဝင် ခြေဖမိုးမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်အောင်. . သစ်ချွန်က စိုက်ဝင်နေသည်။

ထူးဆန်းအံ့ဩစရာတစ်ခုက သွေးတစ်စက်မျှမထွက်။ နာကျင်မှု အရိပ်လက္ခဏာလည်းမမြင်။ သို့သော် သူ့ခြေထောက်က သစ်ချွန်စိုက်ဝင်နေ၍ လှုပ်မရ။ ကျော်စွာက သူ့ကိုကြည့်ရင်း ပြုံးပြသည်။ သူ့အပြုံးက တည်တည်ငြိမ်ငြိမ်ပင်. . ။

"ခင်. . ခင်ဗျား. . မနာဘူးလား၊ ဘာမှလဲမဖြစ်ပါလား"

သူ့အမေးကို မနာဘူးဆိုသောပုံစံဖြင့် ကျော်စွာခေါင်းခါပြသည်။

"အီး!. . "

"စွပ်!. . "

ကျော်စွာက ခြေထောက်ကိုအားစိုက်၍ ဆွဲထုတ်သည်။ ဥက္ကာလည်း မကြည့်ရဲကြည့်ရဲဖြင့် သူ့ခြေထောက်ကို စုံကိုင်၍ ဆွဲထုတ်ပေးတော့မှ ခြေထောက်တွင်စိုက်ဝင်နေသောသစ်ချွန် ကျွတ်သွားသည်။ သူ့ဖိနပ်မှာတော့ မတ်စေ့ခန့်အပေါက်ကြီး။

ထူးဆန်းအံ့ဩစရာကောင်းတာက ကျော်စွာ့ခြေထောက်တွင် မည်သည့်အပေါက်မျှ မတွေ့။ ဖြူဖတ်ဖြူရော်ဖြင့် ရာဘာတုံးလို သူ့ခြေထောက်၌ သွေးပင်မစို့. . . ။

"ဘာမှမဖြစ်ဘူး ညီလေး ဆက်လျှောက်ကြအောင်"

ခပ်အေးအေးအမူအရာဖြင့် ပုံမှန်အတိုင်း ဆက်လျှောက်သွားသော ကျော်စွာ့ကျောပြင်ကိုကြည့်ရင်း ဥက္ကာတစ်ယောက် ကြက်သေသေရင်း ကျန်ရစ်ခဲ့သည်။ ထူးဆန်းသော ပဟေဠိများက သူ့ရင်ထဲ အဆမတန် ပေါက်ဖွားနေ၏။

"အိမ်မက်ဖြစ်ပါစေ" ဟုဆုတောင်းသော်လည်း အိပ်မက်





မဟုတ်မှန်း အသေအချာကို သိနေသည်။

စက်ရုပ်တစ်ရုပ်လို လေးလံသောခြေလှမ်းများဖြင့်. . စမ်းချောင်းရှိရာသို့ သူလိုက်ခဲ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၉)

သူတို့ ဗိုလ်တဲဆီပြန်ရောက်တော့ ညဆယ်နာရီခွဲနေလေပြီ။ ဤဗိုလ်တဲလေးမှာတော့ သူတို့ငါးယောက်သာရှိ၏။ အိပ်ခန်းတစ်ခန်းပါ၍ ကေသွယ်နှင့် ပုလဲတို့အတွက် အဆင်ပြေသွားသည်။

ယောကျ်ားလေးသုံးယောက်ကတော့ ရှေ့ဧည့်ခန်းမှာပင် တန်းစီအိပ်ကြရမည်ဖြစ်သည်။

သို့သော် ယခုလက်ရှိ၌ ငါးယောက်စလုံး ဝိုင်းဖွဲ့ထိုင်ရင်း စကားပြောနေကြ၏။ ဝါကျင့်ကျင့်ဖယောင်းတိုင်မီးရောင်က အလုံ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသောအခန်းလေး၌ ဖြာကျနေ၏။

“အဖြစ်အပျက်တွေက ထူးခြားလွန်းလို့ ယုံနိုင်စရာတောင် မရှိဘူး၊ ဒီဘူမိဗေဒအဖွဲ့ဟာ ပုံမှန်တော့မဟုတ်ဘူး၊ ထူးခြားနေတာ တော့အမှန်ပဲ. . .”

ဥက္ကာစကားကို ကေသွယ်ကလည်း ထောက်ခံ၍. .

“ငါတို့တွေမောနေပေမယ့် မြင့်နိုင်ဆိုတဲ့ကောင်ကတော့ မောဟန်မပြဘူး၊ အိုကွာ. . အသက်ရှုနေမှန်းတောင်မသိရဘူး. .၊

နောက်ပြီး လျှောက်လာရင်း မြင့်နိုင်က ကျောက်စရစ်ခဲ လေးတစ်လုံးကိုကောက်ပြီး ငါ့ရှေ့မှာတင် ပါးစပ်ထဲထည့်ပြီး မျိုချ လိုက်တယ်၊

ရှင်ဘာလုပ်လိုက်တာလည်းလို့ ငါကမေးလိုက်တော့. . သူက ဗိုက်ဆာလို့ဆိုပြီး ငါ့ကိုပြန်ပြောတယ်လေ၊ ငါမြင်နေရတယ် သူမျိုချလိုက်တဲ့ ကျောက်စရစ်ခဲလေးက သူ့လည်ချောင်းထဲ တိုးဝင် သွားပြီး ပခုံးကတဆင့် လက်မောင်းတစ်လျှောက် အရေပြားအောက် မှာ ပြေးနေတော့တာပဲ. .၊

နောက်ဆုံး လက်ဝါးထဲကိုတိုးဝင်သွားပြီး သူက လက်သီး ဆုပ်ကို ဖြန့်ပြတယ်၊ အဲဒီကျောက်စရစ်ခဲကို သူ့လက်ဝါးထဲက ပြန် တွေ့လိုက်ရတယ်လေ၊ ပါးစပ်ကမျိုချပြီး လက်ဝါးက ပြန်ထွက်လာ သလိုမျိုးဟဲ့. . အမလေး. . ငါဖြင့်ကြောက်လိုက်တာ”

ကေသွယ်က ပြောရင်းသူ့လက်မောင်းမှ ကြက်သီးများကို သပ်ချနေ၏။ စိုးမင်းက သူ့မေးစေ့ကို ပွတ်သပ်နေရင်း. . .

“နင်တို့ပြောမှ ငါလည်းပြန်စဉ်းစားမိတယ်၊ အမှုမဲ့အမှတ်မဲ့ ဆိုပေမယ့် ပြန်စဉ်းစားလိုက်ရင် အံ့ဩစရာကောင်းနေတယ်၊ ငါက





ပထမတော့ ဘာမှသတိမထားမိဘူး၊ မြင့်နိုင်နဲ့ ရယ်ရယ်မောမော သွားနေခဲ့တာ၊ ဒါပေမယ့် ရေထဲဆင်းကြတော့ အဲဒီမှာသတိထား မိတယ်၊ ရေတွေကို ခြေထောက်နဲ့ခတ်ပြီး တဝုန်းဝုန်း လုပ်ကြတယ် လေ၊ ငါ့ကိုယ်မှာရေတွေစိုရွှဲသွားပေမယ့် မြင့်နိုင်ကိုယ်မှာ ရေလုံးဝ မစိုဘူး၊ ဒါကိုအစကတော့ အမှုမဲ့အမှတ်မဲ့ဖြစ်ခဲ့တယ်၊ အခုပြန်ပုံဖော် ကြည့်မှ သိလာတယ်. . . အဟုတ်ပဲ ရေလုံးဝမစိုဘူး၊ ပြီးတော့. . တစ်ချက်တစ်ချက်မှာ သူ့မျက်နှာက စိမ်းဖန့်ဖန့်ကြီး အေးတိအေးစက် နဲ့ အသက်မပါသလိုပဲ”

“ပုလဲ နင်ကကော ဘာပြောစရာရှိသေးလဲ”

“ငါကတော့ ဘယ်သူနဲ့မှ အနီးကပ်မတွဲခဲ့ဘူး၊ ငါ့ကင်မရာက အမှောင်ထဲမှာလည်း ရိုက်လို့ရတယ်ဆိုတော့ နင်တို့ကို မှတ်တမ်း တင် ဓါတ်ပုံရိုက်ပေးနေခဲ့တယ်၊ ပုံတွေက မနည်းဘူး. . ပုံနှစ်ဆယ် ‘လောက်ရှိလိမ့်မယ် ဒါပေမယ့်. . ပုံတွေကိုပြန်ဖွင့်ကြည့်တော့ နင်တို့ ပုံတွေပဲပါတယ်၊ သူတို့ပုံတွေ မပါဘူး”

“ဟေ. . အဟုတ်ပဲလား၊ ပြစမ်း နင့်ကင်မရာ”

ကင်မရာကို ပြန်ဖွင့်ကြည့်တော့ စတွေ့ပါပြီ။

ဥက္ကာ၊ စိုးမင်း၊ ဖိုးကျော်နှင့် ကေသွယ်တို့၏ သဘာဝဟန်ပန် အမူအရာများကို မြင်တွေ့ရသည်။ သို့သော် ဘူမိအဖွဲ့မှ မြင့်နိုင်နှင့် ကျော်စွာ၏ ပုံတွေကိုတော့ လုံးဝမတွေ့ရပေ။ ၎င်းတို့နေရာတွင် ဖြူဖြူအကွက်များသာ ပေါ်နေ၏။

ဘာတွေလဲ ဘာတွေဖြစ်နေတာလဲ. . သူတို့တတွေက ဘာ တွေလဲ၊ အဖြေမရှိသော ပဟေဠိများ၊ သဘာဝမကျသော ဖြစ်ရပ်များ ကိုသာ ရင်မောစွာ တွေ့ကြုံနေကြရသည်။ ပျော်စရာခရီးသည် ယခု



www.burmeseclassic.com

www.burmeseclassic.com



တော့ လှို့ဝှက်မှုများ၊ မာယာများနှင့် ပြည့်နှက်နေချေပြီတကား။

"ဒါ တောခြောက်တာတို့ . . တောမှောက်တာတို့များလား"

"မဟုတ်ဘူး ဖိုးကျော်. . တောခြောက်တောမှောက်တယ် ဆိုတာက အသံကြီးတွေမြည်လာတာ၊ လေမတိုက်ဘဲ သစ်ပင်တွေ လှုပ်ယမ်းနေတာမျိုး၊ နေ့ဘက်ကြီးမှာ ချက်ချင်းမှောင်အတိကျသွား တာမျိုးလို့ ငါဖတ်ဖူးတယ်"

"ကဲ. . အခု ညဆယ့်နှစ်နာရီထိုးတော့မယ် အိပ်ဖို့ပြင်ကြ တော့. . ."

တစ်ခန်းတည်းရှိသော အိပ်ခန်းတွင် ပုလဲနှင့်ကေသွယ်တို့ နှစ်ယောက် အိပ်ကြရသည်။ မတင်မကျ ပဟေဠိများဖြင့် ခေါင်းရှုပ် စွာ အိပ်ရာဝင်ခဲ့ကြရ၏။ သူတို့အားလုံး အိပ်မောကျသည်နှင့် လေ တိုးသံများက ပိုမိုကျယ်လောင်လာသည်။ ဥက္ကာကတော့ အိပ်မပျော် ခေါင်းထဲမှာ အတွေးပေါင်းစုံတို့နှင့် ပြည့်နှက်နေ၏။

"ရှပ်!. . . ရှပ်!. . . ရှပ်!. . ."

ခြေသံတစ်ခု၊ သစ်ပင်အချင်းချင်း ပွတ်တိုက်သံ လေသံများ ကြောင့် သေချာစေရန် ခေါင်းထောင်၍ နားစွင့်လိုက်သည်။

လူခြေသံဖြစ်၏။

ဥက္ကာမှာ ငေါက်ခနဲ ထထိုင်လိုက်မိသည်။ စိုးမင်းနှင့်ဖိုး ကျော်ကတော့ တခေါခေါနှင့် အိပ်မောကျနေလေပြီ။ ဓါတ်မီးကို ဘယ်လက်ကကိုင်၍ ညာလက်တွင် အခန်းထောင့်မှ တုတ်ချောင်း တစ်ခုကို အသင့်ဆုပ်ကိုင်ထားလိုက်သည်။

ခြေသံက နီးသထက်နီးလာသည်။ ဥက္ကာတို့ဗိုလ်တဲလေးကို ပတ်လျှောက်လာသောခြေသံမှန်း သိနေရသည်။ မီးစုန်းပါသော





နာရီကိုကြည့်တော့ ညတစ်နာရီခွဲရန် ငါးမိနစ်သာလိုပြီ။

ဤလိုအချိန်မျိုးတွင် မည်သူများဖြစ်နိုင်ပေမည်နည်း။ လူ ကောင်းလား၊ လူဆိုးလာဟု မခွဲခြားနိုင်ခင်မှာ သတိတော့ထားရ မည်။ မိမိတို့အဖွဲ့တွင် မိန်းမပျိုနှစ်ယောက်လည်းပါသည်။ သူတို့၏ အရက်သိက္ခာကို ကာကွယ်ရမည်။

ခြေသံက ဗိုလ်တဲတံခါးဝတွင် ရပ်သွား၏။ တံခါးခေါက်သံ များ ပေါ်လာလေမလား။ နားစွင့်ရင်း တံခါးအနီးသို့ ဥက္ကာတိုးကပ် သွားသည်။ ထိုအခိုက်မှာပင် မှန်ပြူတင်းပေါက် အပြင်ဘက်မှ ဖြတ် သွားသော ခေါင်းတစ်လုံးကို ရိပ်ခနဲတွေ့လိုက်ရ၏။

ဆံပင်စုတ်ဖွားနှင့်မို့ ကျော်စွာများဖြစ်လေမလား တွေးမိကာ ပြူတင်းပေါက်မှန်နား တိုးကပ်ကြည့်လိုက်၏။

"ဟာ!. . ဘုရား. . ဘုရား. . ခေါင်းပြတ်ကြီး"

ခန္ဓာကိုယ်မပါ။ ခေါင်းချည်းသက်သက်ကို မှုံဝါးဝါး ကြယ် ရောင်များအောက် တွေ့လိုက်ရ၏။ ခေါင်းပြတ်ကြီးက လျှင်မြန်စွာ ပင် ဝေ့ဝဲထွက်ခွာသွားသည်။

ဥက္ကာတစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်းထသွား၏။ ဆံပင်မွေးညှင်းများပင်ထောင်ကာ ဒေါသလည်းထွက်လာ၏။ ဖြစ်လို ရာဖြစ်သဘောဖြင့် တံခါးမကြီးကို 'ဝုန်း'ခနဲ ဆွဲဖွင့်၍ ဓါတ်မီးထိုးကြည့် လိုက်သည်။

ဘာဆိုဘာမှမတွေ့၍ ကြောင်တောင်တောင်လည်း ဖြစ် သွား၏။

"ဘာဖြစ်တာလဲ ဥက္ကာ"

အားလုံးအထိတ်တလန့်နှင့် ထလာကြသဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



"လူရိပ်တွေ့လို့ . . ."

ပုလဲတို့ ကြောက်သွားမည်စိုး၍ . . သူဒီအတိုင်းပြောလိုက်သည်။

"ဒီကိစ္စ ပေါ့လို့မဖြစ်တော့ဘူး အစစအရာရာ သတိထားဖို့လိုလာပြီ၊ ဒီညတော့ ရသလောက် အိပ်လိုက်ကြဦး"

အသီးသီးကိုယ့်နေရာကိုယ် ပြန်အိပ်ကြသော်လည်း ရဲရဲမအိပ်ရဲတော့။ ကျီးလန့်ကျီးစားဖြစ်နေရပြီ။ ပျော်ရွှင်ဖွယ်ရာခရီး မဖြစ်တော့ပါ။ ရန်သူက အလစ်ဝင်တိုက်ခိုက်မည်ကို သတိထားစောင့်ကြပ်နေရသော ကွန်မန်ဒိုအဖွဲ့လို ဖြစ်နေ၏။

ကဟီးလူးဘေးမဲ့စခန်း၏ ပဟေဠိများကား . . ပို၍အားကောင်းစွာ ရှင်သန်ပေါ်ပေါက်နေဆဲပင်တည်း။







# အခန်း(၁၀)

တစ်ညလုံးအိပ်မပျော်ကြ 'မြန်မြန်မိုးလင်းပါစေ' ဟုသာ ဆုတောင်းနေမိကြသည်။ မနက်ခြောက်နာရီထိုးတော့ ဉက္ကာတို့တဖွဲ့လုံး ဘူမိအဖွဲ့ရှိရာ ဗိုလ်တဲကြီးဆီသို့ လျှောက်လာခဲ့၏။ ခြေလှမ်းသုံးဆယ်မျှကွာဝေးသော ဗိုလ်တဲကြီးကိုရောက်တော့ လူရိပ်လူယောင်ပင်မတွေ့၊ အသံဗလံလည်းမကြားရ၊ ပကတိတိတ်ဆိတ်နေ၏။

"အိပ်နေကြတုန်းပဲလား မသိဘူး"

www.burmeseclassic.com



စိုးမင်းက သော့ခလောက်ကြီး ခတ်ထားသော တံခါးမကြီးကိုမြင်မှ. . .

"တစ်ယောက်မှမရှိဘူး တံခါးပိတ်ပြီး အကုန်ထွက်သွားကြတဲ့ပုံပဲ ဘယ်အချိန်ကတည်းကများ ထသွားကြပါလိမ့်"

"သူတို့အလုပ်ကိစ္စနဲ့ တစ်နေရာရာကို ထွက်သွားကြလားမှ မသိတာ"

"ငါတို့လည်း. . သူတို့နောက်ကို ခြေရာခံလိုက်ကြည့်ရင် ကောင်းမယ်"

အားလုံးကတော့ဒီအတိုင်း ငုတ်တုပ်ထိုင်စောင့်နေမည့်အစား အဖြေတစ်ခုခု၊ သဲလွန်စတစ်ခုခု ရှာချင်ကြ၏။

"ငါတို့ကိုကရှည်တာ ငါ့ဦးလေးရဲ့ သစ်တောစခန်းမှာနေရင် အကောင်းသား၊ သူတို့စခန်းမှာဆိုရင် လုံခြုံတယ် လေ့လာစရာတွေလည်း လေ့လာလို့ရမယ်"

"ကဲပါ. . ပုလဲရယ် ဖြစ်ပြီးမှတော့ ကြုံလာသမျှ ရင်ဆိုင်ကြတာပေါ့"

"ရိက္ခာလာပို့မယ့် ဦးဖိုးခွားလာရင် ကောင်းမယ်၊ ငါတို့ ပြန်လိုက်သွားလို့ရတာပေါ့"

"ဒီမှာ. . ငါပြောမယ် ကိုယ်ဖြစ်ချင်တာကို ကိုယ်ရွေးချယ်ခဲ့ကြပြီးပြီ နောင်တရမနေကြနဲ့၊ ဒါလည်း ငါတို့လိုချင်တဲ့ စွန့်စားခန်းအရသာတစ်မျိုးပဲလို့ မှတ်ကြစမ်းပါ၊ အခုငါတို့တတွေ ဘာတွေကို အကောင်းဆုံး လုပ်နိုင်မလဲဆိုတာပဲတွေး. . ."

ဥက္ကာစကားက သဘာဝကျသဖြင့် အားလုံးခေါင်းညိတ်ကြသည်။





"ဒီအတိုင်းစောင့်နေလို့ ရိက္ခာတွေကုန်သွားရင် ဘယ်လို လုပ်မလဲ စခန်းကိုပြန်ရောက်နိုင်မယ့်လမ်းကြောင်းကို လေ့လာရမယ်"

နေ့လယ်ပိုင်းရောက်သည့်တိုင် ဘူမိအဖွဲ့က ပေါ်မလာ၊ ဘယ်သွားလို့ ဘယ်လာမှန်းလည်းမသိ ပျောက်ချင်းမလှ ပျောက်နေ၏။

"ဟာ. . ဟော့ကောင်ဥက္ကာ မင်းမှာစစ်သုံးမှန်ဘီလူးကြီး ပါလာတယ် မဟုတ်လား"

"အေး မင်းပြောမှ ငါသတိရတယ်၊ ဟုတ်တယ် ဒါကြီးက အခုနေ အများကြီးအသုံးဝင်မှာ. . ဟုတ်ပြီ. . ဟုတ်ပြီ"

ဥက္ကာက မှန်ပြောင်းကို သတိရသွားပြီး ခရီးဆောင်အိတ်ထဲမှ သွားထုတ်ယူလာခဲ့သည်။ ထိုနောက် ဥက္ကာနှင့် ဖိုးကျော်တို့ ဗိုလ်တဲလေး၏ ခေါင်မိုးပေါ်သို့ တက်ကြသည်။

"ဒီကနေ ပုလဲဦးလေးတို့ရှိတဲ့ သစ်တောစခန်းကို လှမ်းမြင်ရရင်ကောင်းမယ်ကွာ"

တကယ်တမ်းကျတော့ သူတို့ထင်သလို မမြင်ရ။ ဗိုလ်တဲမှာ များစွာမြင့်မားလွန်းသည်မဟုတ်၍သော်လည်းကောင်း၊ တောင်တန်းများက မြွေလိမ်မြွေကောက်ပမာ တည်ရှိနေ၍လည်းကောင်း သစ်ပင်ကြီးများ၊ တောအုပ်များ ကာဆီးထား၍သော်လည်းကောင်း ထင်သလောက် မမြင်ရခြင်းဖြစ်၏။

ဥက္ကာက ဗိုလ်တဲကြီးဆီသို့ မှန်ဘီလူးဖြင့် လှမ်းကြည့်လိုက်သည်။ ဗိုလ်တဲမှာရှည်လျားပြီး မှန်ပြူတင်းပေါက်များကို သံဆူးမြှားဖြင့် ကာထား၏။ ဥက္ကာက မှန်ဘီလူးကို ဗိုလ်တဲကြီးထိပ်မှစ၍. .



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းချင်းဆွဲ၍ ကြည့်လိုက်သည်။ စစ်သုံးမှန်ဘီလူးကြီးဖြစ်၍လည်း ဆွဲအားကောင်းလှ၍ တဖြည်းဖြည်းချင်းဆွဲ၍ ကြည့်လိုက်သည်။ တစ်နေရာအရောက်တွင် မှန်ပြူတင်းမှတဆင့် လူရိပ်များကို တွေ့လိုက်ရသည်။

"ဟင်. . ဘယ်သူတွေလဲ၊ ဟာ. . ဒါ. . ဒါ. . ကျော်စွာနဲ့ သူရပဲ"

"ကြည့်စမ်းပါဦး သူတို့ ဘာတွေလုပ်နေကြသလဲလို့"

"ဘာမှမလုပ်ဘူး၊ ငါတို့ကိုများ တွေ့လို့လားမသိဘူး၊ ငါတို့ဘက်ကို နှစ်ယောက်စလုံး ကြည့်နေကြတယ်၊ မြင့်နိုင်ကိုတော့ မတွေ့ဘူး"

ဥက္ကာတို့နှစ်ယောက် ပြန်ဆင်းလာကာ ဘဝင်မကျဖြစ်နေကြသည်။

"အံ့သြစရာပဲ၊ သူတို့နှစ်ယောက်က ဘာလို့ဒီအထဲမှာ ကျန်ခဲ့တာလဲ၊ ဘာလို့ အပြင်ကသော့ခတ်သွားတာလဲ"

"ငါလည်း ဒါကိုသိချင်နေတာပဲ၊ အခုပုံစံက တမင်ပိတ်လှောင်ထားသလိုပဲ၊ သူတို့နှစ်ယောက်က အပြစ်တစ်ခုခု ကျူးလွန်မိလို့ ဒဏ်ခတ်ထားတဲ့သဘောလား. . ."

"ဘာပဲဖြစ်ဖြစ် ငါတို့အားလုံး သူတို့ဆီကိုသွားကြမယ်၊ အခြေအနေသိရတာပေါ့"

"အေး. . သွားကြမယ်၊ လာ အခုပဲသွားကြမယ်"

အားလုံးစိတ်တူကိုယ်တူဖြင့် ဗိုလ်တဲကြီးသို့ ချီတက်ကြတော့သည်။ စိုးမင်းကတော့ အားလုံးရဲ့နောက်ဆုံးက ခပ်ကုတ်ကုတ်လေး လိုက်ပါလာခဲ့သည်။ ဗိုလ်တဲကြီးရှေ့အရောက် ဥက္ကာက စတင်အော်



ခေါ်တော့သည်။

"ကျော်စွာရေ. . ဟေ့. . သူရ"

တကျော်ကျော်ဟစ်အော်သော်လည်း တုန့်ပြန်သံမကြားရ။ အားလုံးက ဗိုလ်တဲကိုပတ်ကြည့်ကြသည်။ ပြူတင်းပေါက်အနီး မျက်နှာကပ်၍ ဝိုင်းကြည့်ကြသည်။ လူသူအရိပ်အယောင်မျှမတွေ့။

"ဘယ်သူမှလည်းမရှိဘူး၊ နင်တို့တွေ့ခဲ့တာ. . ဟုတ်ကော ဟုတ်ရဲ့လားဟာ"

ပုလဲက သံသယစိတ်ဖြင့် မေးတော့သည်။

"ဟာ. . ငါတို့က မဟုတ်ဘဲနဲ့ ညာပြောမလား၊ တကယ့်ကို တွေ့ခဲ့ပါတယ်ဆို"

"ဟုတ်တယ် ပုလဲ၊ ဒီမျက်နှာတွေကို ခွေးချီသွားတောင် မှတ်မိတယ်"

"ဒါဆို သူတို့နှစ်ယောက်က ငါတို့ကို ဘာလို့ထွက်မတွေ့တာလဲ၊ ဘာလို့ပုန်းရှောင်နေတာလဲ"

"ဘယ်သိပ့ါမလဲကွာ ငါလည်းသိချင်တာပေါ့"

လျှို့ဝှက်ချက်က များသထက်များလာခဲ့ပြီ။

ဗိုလ်တဲသို့ရောက်ပြီး ဒုတိယနေ့တွင်ပင် ခေါင်းခဲရလောက်အောင် ပဟေဠိပုစ္ဆာများကို ကြုံတွေ့ခဲ့ကြရလေပြီ။

"ငါတို့တွေ့နေရတာတွေက လူတွေမှဟုတ်ရဲ့လား၊ ငါတော့ ကျောချမ်းလာပြီကွာ"

"ဟုတ်တယ် ကေသွယ်၊ ခက်တာက ငါတို့ဘယ်လို ပြန်ရမယ်ဆိုတာ မသိတာပဲ၊ ဒီတော့. . ဒီအတိုင်းနေလို့တော့မဖြစ်ဘူး ဘတ်နိုင်သမျှ နည်းလမ်းရှာဖို့ လိုလာပြီ၊ ဒီအဖွဲ့ဟာ ငါတို့ကို တစ်

www.burmeseclassic.com

ခုခုလှည့်စားဖို့ ကြံနေတာတော့အမှန်ပဲ”

မည်သို့ဆိုစေ၊ ဥက္ကာတို့အဖွဲ့ တဖြည်းဖြည်းနှင့် ဘေးကျပ်နံကျပ်ထဲသို့ သိမ်မွေ့စွာကျရောက်နေပြီဆိုသည့် အချက်ကိုကား သူတို့အားလုံး ကောင်းစွာသတိပြုလိုက်မိကြပြီဖြစ်၏။







# အခန်း(၁၁)

“ဟာ . . . ဥက္ကာ ဟိုမှာကြည့်စမ်း”

ပုလဲက တစ်နေရာကိုညွှန်ပြ၍ ကြည့်လိုက်တော့ ဧရာမအပင်ကြီးတစ်ပင် . . ပင်စည်က ဖြူဖွေးနေ၏။ ဖြောင့်ဖြူး၍ အကိုင်းမရှိသောပင်စည်က ရှည်လျားမြင့်မားစွာရှိနေ၏။ ထူးခြားတာက ထိုပင်စည်မှ အဖြူရောင်အခိုးအငွေ့များ အန်ထွက်နေသည်။

“ဘာလဲ ပုလဲ၊ ဒါသစ်ပင်လေ . . ဘာဆန်းလို့လဲ”

“ဟုတ်တယ် . . သစ်ပင်မှန်းတော့ ငါသိတာပေါ့၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါပြောချင်တာက ဒီအပင်ကြီးက အရင်ဒီနေရာမှာမှ မရှိတာ၊ အခုမှ ဘယ်ကဘယ်လို ရောက်လာရတာလဲ"

သူတို့၏ ဗိုလ်တဲနှစ်ခုအကြားရှိလမ်းကြောင်း၌ အရင်က ထိုအပင်မျိုးမရှိ၊ နေ့ချင်းညချင်း ရောက်လာပုံက ဆန်းကြယ်လွန်းနေသည်။ ပေသုံးဆယ်ခန့်မြင့်သော အပင်ကြီး. . . ။

"ငါ့အမြင်ကတော့ ကောင်းတဲ့အချက်မဟုတ်ဘူး၊ မကောင်းတဲ့အချက်လို့ ငါမြင်တယ်၊ သဘာဝမကျတဲ့ကိစ္စတိုင်းမှာ အထုပ်အရှုပ်တွေပါနေတာ နင်တို့လည်းအသိပဲ၊ ငါပြောရဲတယ်. . ဒီအပင်ကြီးဟာ ကောင်းကျိုးပေးမယ့်အပင် မဟုတ်လောက်ဘူး၊ ကြည့်နေ ဘယ်နေ့ဘယ်အချိန်မှာ ဘယ်ပုံစံနဲ့ ငါတို့ကို ဒုက္ခပေးမလဲမသိဘူး"

"ဟဲ့. . ဟဲ့. . ဟိုအဖွဲ့တွေ ပြန်ရောက်နေပြီဟေ့"

ကေသွယ်ပြောလိုက်မှ အားလုံးအကြည့်တွေ ဘူမိအဖွဲ့ဆီ ရောက်သွားကြသည်။ မြင့်နိုင်၊ ကျော်စွာ၊ သူရ သုံးယောက်လုံး ပြန်လာကြခြင်းဖြစ်သည်။ ပိတ်ထားသော သော့ဂလောက်ကြီးအား ဖွင့်နေကြ၏။ ဥက္ကာနှင့်ဖိုးကျော်တို့ မယုံသလို မျက်လုံးကိုပွတ်ရင်း ကြည့်ကြသည်။ မြင့်နိုင်က သွေးသံရဲရဲ သမင်တစ်ကောင်ကို တရွတ်တိုက်ဆွဲလာခြင်းဖြစ်သည်။ ကျော်စွာနှင့်သူရကတော့ သူတို့အုပ်စုကို မချိပြုံးလေး ပြုံးပြသွားသေးသည်။

ဒီလိုနှင့် ညရောက်လို့ အိပ်တော့လည်း အိပ်မပျော်တပျော် အချိန်မှာပင် အသံတစ်ချို့ကြောင့် ဥက္ကာ လန့်နိုးလာခဲ့ရသည်။

"ဂျစ်!. . ဂျစ်!. . ဂျစ်!. . "

အသံတွေက ပြုတင်းပေါက်မှန်ကို ခြစ်နေသောအသံမျိုး။ ထထိုင်၍ နားစွင့်ကြည့်သည်။ အသံက ပုလဲတို့အခန်းဘက်မှ ဖြစ်နေ





သည်။

"ဘာသံပါလိမ့်"

အသာကလေးထကာ ခါတ်မီးကိုဖွင့်တော့ မီးကမလင်း. .

"တောက်!. . အရေးထဲ ဒီခါတ်မီးက ဘာဖြစ်ရတာလဲ"

နှစ်ချက်သုံးချက် ရိုက်ပုတ်လိုက်တော့မှ မီးလင်းလာသည်။ ဥက္ကာ၏ ခြေလှမ်းတွေက ပုလဲအခန်းဝအရောက် ရပ်တန့်သွား၏။

'မိန်းကလေးတွေရဲ့အခန်းထဲ မဝင်သင့်' ဟူသော အတွေးကြောင့် သူ့ခြေလှမ်းတွေ တန့်သွားရခြင်းဖြစ်သည်။ ထိုအခိုက်မှာပင် 'အား'ခနဲ စူးစူးဝါးဝါးအော်သံနှင့်အတူ. . . ပုလဲ အခန်းထဲမှ ဝရုန်းသုန်းကား ပြေးထွက်လာသည်။

"ဟင်. . ပုလဲ. . ပုလဲ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲပုလဲ"

ပုလဲမှာ အခန်းဝ၌ရောက်နေသော ဥက္ကာကိုတွေ့၍ အနည်းငယ်အားတက်သွားဟန်ရှိသည်။ သို့တိုင်အောင် မျက်စိမျက်နှာပျက်နေပြီး မောဟိုက်နေ၏။

"နင်. . ဘာဖြစ်လာတာလဲပုလဲ၊ ဘာတွေ့လို့လဲ ပြောစမ်းပါအုံး"

တော်ရုံနှင့် မကြောက်တတ်သော သတ္တိကောင်းသော ပုလဲမှာ ကြောက်လန့်နေသည့်အတွက် ဥက္ကာ အတွေးရခက်သွား၏။

"ဟို. . ဟို. . အထဲမှာ မြင့်နိုင်"

ပုလဲက အခန်းထဲလက်ညှိုးထိုးပြရင်း ထစ်ထစ်ငေါ့ငေါ့ဆို၏။

"ဘာ. . မြင့်နိုင် ဟုတ်လား. . တောက်!. . "

ဥက္ကာ ဘာမှမစဉ်းစားတော့. . ၊ ဝုန်းခနဲ အိပ်ခန်းထဲ ပြေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားတော့၏။

ခြင်ထောင်ထဲကို ဓါတ်မီးနှင့် ထိုးကြည့်သည်။ မြင့်နိုင်ကို မတွေ့၊ ငုတ်တုပ်ထိုင်နေသော ကေသွယ့်ကိုသာ အံ့ဩစွာတွေ့လိုက်ရသည်။ ငူငူငိုင်ငိုင် ကြောင်တောင်တောင်နှင့် ကျောက်ရုပ်ကြီးလို မလှုပ်မယှက် ထိုင်နေသော ကေသွယ်. . ။

ပြူးတင်းတံခါးတွေကလည်း ပိတ်လျက်သား. . ။

"ဟဲ့. . ကေသွယ်၊ ကေသွယ် ငါခေါ်တာကြားလား၊ နင် ဘာလုပ်နေတာလဲ"

ပုလဲလည်း အခန်းထဲလိုက်ဝင်လာ၏။ ဖိုးကျော်နှင့် စိုးမင်းလည်း ယခုမှနိုးလာကြပုံပေါ်သည်။ အိပ်ချင်မူးတူးဖြင့် အခန်းထဲ ဝင်လာကြ၏။

"ကေသွယ်. . ဟဲ့ဘာဖြစ်နေတာလဲ ဒီမှာကြည့်စမ်း"

သူ့ပုခုံးကိုဆွဲကိုင်လှုပ်ခါတော့မှ ကေသွယ်မှာ တအင်းအင်းဖြင့် လူးလွန့်လာသည်။ အခုမှ အိပ်ရာကနိုးထလာရသလိုမျိုး။

"ဟဲ့. . . ပုလဲ ဘယ်မှာလဲ မြင့်နိုင်ကိုမတွေ့ပါလား၊ နင်. . အိပ်မက်မက်နေတာလားပုလဲ"

ပုလဲက မျက်လုံးကိုပွတ်သပ်ရင်း. . .

"ငါ. . ငါအိပ်မပျော်သေးဘူး ထင်တာပဲ၊ ကေသွယ့်ဆီက အင်းခနဲ အသံတစ်ချက်ထွက်လာလို့ လှည့်ကြည့်လိုက်တော့ ငါမြင်တာ မြင့်နိုင်ကိုပဲ. . . ကေသွယ့်ကိုမမြင်ဘူး၊ ကေသွယ့်နေရာမှာ မြင့်နိုင်ကို တွေ့လိုက်ရတယ်"

အာရုံထင်မှားမှုတစ်ခုလို့ပဲ ဉက္ကာ သတ်မှတ်လိုက်သည်။

သို့သော် ကေသွယ်၏ပုံစံကလည်း ပုံမှန်မဟုတ်။ နည်းနည်း





ထူးခြားနေသည်။ ငုတ်တုပ်ထထိုင်နေတာကိုက သူတစ်ခုခု ကြုံခဲ့ရတာသေချာပြီ။

"ကေသွယ် နင်ကကော ဘာလို့ငုတ်တုပ်ထထိုင်နေတာလဲ ဘာတွေ့လို့လဲ"

ကေသွယ်က တစ်ယောက်ချင်းစီ၏မျက်နှာကို မမြင်ဖူးသလို လိုက်ကြည့်နေ၏။ ချက်ချင်းပြန်မဖြေ၊ သူ့စိတ်ထဲ ရှုပ်ထွေးနေဟန်တူသည်။ အတန်ကြာမှ စကားသံထွက်လာ၏။

"ဟို. . ဟိုလေ. . ငါ့ဆီကို မြင့်နိုင်ရောက်လာတယ်"

"ဟော!. . "

"မြင့်နိုင်က ငါ့အပေါ်ကနေ မိုးပြီးကြည့်နေတယ်. . ၊ သူ့တစ်ကိုယ်လုံး လေထဲမှာမြောက်နေတယ်၊ ပြီးတော့ အောက်ကိုနိမ့်ဆင်းလာပြီး ငါ့ကိုယ်ထဲပူးဝင်လာတယ်၊ ခန္ဓာကိုယ်ချင်းထပ်ပြီး စိမ့်ဝင်ဖို့ ကြိုးစားတယ်၊ ငါလှုပ်လို့မရဘူး. . အော်လို့လည်းမရဘူး"

"အိမ်မက်များလား ကေသွယ်ရယ်"

သူ့အဖြစ်က တကယ်ဟုတ်မဟုတ်ဆိုတာ ဝေခွဲလို့မရ. . ၊ တိုက်ဆိုင်နေတာတစ်ခုက ပုလဲက မြင့်နိုင်ကို တွေ့လိုက်သည်တဲ့. . ။

သို့ဆိုလျှင်. .

"ဒါနဲ့ ကေသွယ်. . နင်အခုဘယ်လိုနေသလဲ. . ဘယ်လိုခံစားနေရလဲ"

"ဟင့်အင်း ဘာမှမဖြစ်ဘူး. . ပုံမှန်အတိုင်းပဲ"

'ဟူး'ခနဲ အားလုံးသက်ပြင်းကိုယ်စီ ချကြရသည်။

"ဟုတ်ပြီ. . ဒီမယ် ငါပြောမယ်၊ ဒီဘူမိအဖွဲ့ဟာ ဘာတွေလဲဆိုတာ အခုချိန်ထိငါတို့ ကွဲကွဲပြားပြား အတိအကျမပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ လူတွေလား နာနာဘာဝတွေလားဆိုတာ ငါတို့မသိသေးဘူး၊ ဒါပေမယ့် နာနာဘာဝ. . ပရလောကနဲ့ပတ်သက်ပြီး ငါသိသလောက်ပြောပြရရင် ဒီကောင်တွေဟာ ကံနိမ့်သူရဲ့ခန္ဓာကိုယ်ထဲ စိမ့်ဝင်တာ. . ပူးကပ်တာမျိုး. . လုပ်ကောင်းလုပ်နိုင်ကြပါလိမ့်မယ်၊

ဒါပေမယ့် အဓိကအချက်က ကာယကံရှင်လက်ခံကောင်က အဓိကပဲ၊ ကာယကံရှင်က လက်မခံရင် သူတို့ဘာမှလုပ်လို့မရဘူး၊ အဓိကက စိတ်ဓာတ်မပျော့ညံ့ဖို့ပဲ၊ နောက်တစ်ချက်က. . ဒီနာနာဘာဝတွေကို လုံးဝမယုံကြည်တဲ့သူ၊ မကြောက်တဲ့လူတွေကိုလည်း ဒီကောင်တွေက ဘာမှမလုပ်နိုင်ဘူး၊ ဒီတော့ ငါတို့ဟာ ခေတ်ပညာတတ် သိပ္ပံကျောင်းသားတွေဖြစ်တယ်၊ ဒီအတွက်. . ငါတို့က ဒီနာနာဘာဝတွေကို လုံးဝလက်မခံသလို လုံးဝလည်းမယုံကြည်ဘူး”

ဥက္ကာက အားလုံးကြောက်သွားမည်စိုး၍ အားပေးစကားပြောရှာသည်။ အားလုံးပြန်အိပ်ဖို့ ပြင်ကြသည်။

ပုလဲမှာ ခေါင်းအုံးမရှိ၍ ကျောပိုးအိတ်ခေါင်းအုံးကာ အိပ်နေရသည်ကိုသိသော ဥက္ကာက ခေါင်းအုံးလေးတစ်လုံးကို ဖုန်ခါပြီး သူမကိုလာပေး၏။

“ဒါ ဗိုလ်တဲထုတ်တန်းပေါ်ကတွေ့တာ၊ ဖုန်ခါလိုက်ရင် အုံးလို့ရနိုင်တယ် ပုလဲ”

ခေါင်းအုံးလေးက ဖုန်တွေပေနေသော်လည်း. . ဖြူဖွေးတောက်ပြောင်နေသည်။ ပုလဲလည်း ခေါင်းအုံးလေးကို လှမ်းယူကာ အခန်းထဲဝင်သွားလေ၏။

တိတ်ဆိတ်နေသော ညဉ့်နက်သန်းခေါင်အရောက်. . .

“အမလေး!. . ဟူး. . ”





ဥက္ကာ အိပ်မက်ဆိုးတွေ မက်နေရာက လန့်နိုးသွားသည်။ ဘေးဘီကြည့်တော့ အားလုံးအိပ်မောကျနေလေပြီ။ ချွေးစေးများထွက်လျှက် သက်ပြင်းမောကိုချအပြီး ဥက္ကာ သေးပေါက်ချင်လာ၏။

မျက်လုံးဖွင့်ကာအထ. . . သူ့ပေါ်အုပ်မိုးနေသည့် အရိပ်မည်းကြီးတစ်ခုကြောင့် ထိတ်လန့်သွားရသည်။ သေချာကြည့်တော့ ဘူမိအဖွဲ့မှ သူရဆိုသူဖြစ်နေသည်။

“ဟာ. . ဟေ့လူ ခင်ဗျားကလည်း လန့်လိုက်တာဗျာ”

“အဲ. . ဆောရီး၊ နိုးမလို့လုပ်တုန်း နိုးသွားတာကိုး”

ဘေးမှနှစ်ယောက်ကတော့ တစ်ခူးခူးနှင့်. . ဆင်အော်တာတောင် နိုးမည့်ပုံမပေါ်ပေ။

“ခင်ဗျား ဘယ်လိုဝင်လာတာတုန်း. . ”

သူရက တံခါးဆီလက်ညှိုးထိုးပြ၏။ တံခါးမကြီးမှာ ဟောင်းလောင်းကြီးပွင့်နေလေသည်။

“ခင်းဗျားတို့ တံခါးကြီးပွင့်နေလို့ ကျုပ်လာပြောတာ”

ကျေးဇူးပါပဲဟုပြောကာ သူရဆိုသူကို နှင်လွှတ်နေရသေးသည်။ သူရထွက်သွားမှ အပေါ့သွားရန် ဗိုလ်တဲထဲမှ ထွက်လာခဲ့သည်။

သင့်ရာနေရာတွင် အပေါ့သွားရင်း ဘာကြောင့်မှန်းမသိဘဲ ဥက္ကာကျောချမ်းကာ ကြက်သီးတွေ အလိုလိုထနေတော့သည်။

ထို့ကြောင့် ဖုန်းဖွင့်ကာ ပရိတ်တရားကိုဖွင့်လိုက်၏။

ထိုအချိန်၌ ပုလဲလည်း အိပ်တစ်ဝက်နိုးတစ်ဝက်နှင့် ဟိုလူးဒီလိမ့် ဖြစ်နေသည်။ အခန်းထဲပြန်ဝင်လာကတည်းက ဖုန်အလိမ်းလိမ်းတက်နေသော ခေါင်းအုံးလေးကို အတော်ခါယူလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းသွားတော့မှ ခေါင်းအုံးပေါ် အင်္ကျီတစ်ထည်တင်ကာ စိတ်ချလက်ချ အိပ်တော့၏။

ပုလဲတစ်ယောက် အိပ်ပျော်သွားသည်နှင့် တောနက်ကြီးတစ်ခုထဲသို့ ရောက်သွားလေ၏။ သူမ လမ်းလျှောက်နေခြင်းတော့မဟုတ် ပြေးနေရခြင်းဖြစ်သည်။ ပြေးနေသောခြေထောက်ကို ငုံ့ကြည့်ရင်း သူမ အံ့သြသွားသည်။

"လိုက်ဟေ့. . လိုက်ဟ. . မလွတ်စေနဲ့"

အသံကြား၍ ပုလဲ နောက်သို့လှည့်ကြည့်မိသည်။ လူသုံးယောက် သူမနောက်သို့ တဟုန်ထိုးပြေးလိုက်နေသည်။ ပြေးရင်းမောလာသဖြင့် ပုလဲဆက်မပြေးတော့ဘဲ အရာရာကို ရင်ဆိုင်ရန်ဆုံးဖြတ်ကာ သူ့အလိုလိုပြေးနေသော ခြေထောက်တို့ကို ရပ်တန့်ပစ်လိုက်သည်။ အနီးအနားရှိ သစ်ကိုင်းခြောက်တစ်ခုကို လှမ်းကောက်လိုက်ရင်း လက်ထဲမြဲမြဲဆုပ်ကိုင်ထားလိုက်သည်။

နောက်ကလူများ အနားရောက်လာမှ ဘူမိအဖွဲ့သားတွေဖြစ်နေမှန်း ပုလဲသိလိုက်ရသည်။ သူတို့ထဲမှ မြင့်နိုင်ဆိုသူက အတင့်ရဲစွာဝင်လာသဖြင့် ပုလဲ သစ်ကိုင်းခြောက်နှင့် ရိုက်ချလိုက်သည်။

"ဖျောင်း!. ."

"အင့်!. ."

မြင့်နိုင် နောက်သို့လဲကျသွား၏။ ထိုအချိန်လေးမှာပင်. . ဦးဥတ္တမသာရ(ရေဆူဆရာတော်)၏ ပရိတ်တရားသံက တစ်တောလုံးပြန့်နှံ့လာ၏။ တရားသံကြားသည်နှင့် ထိုသူများ မခံမရပ်နိုင်အောင် ပူပြင်းလောင်မြိုက်နေသလိုမျိုး ရှုံ့တွကာ တစ်ကိုယ်လုံး ပွတ်သပ်နေကြသည်။ ခဏလေးအတွင်းမှာပင် ဘူမိအဖွဲ့သားများအားလုံး ပျောက်သွားလေတော့သည်။





အပေါ်သွားအပြီး ပရိတ်တရားဖွင့်ထားသည့် ဖုံးကိုကိုင်ကာ ဥက္ကာ သူ့သူငယ်ချင်းတွေရှိရာ ဗိုလ်တဲလေးဆီ ပြန်လျှောက်လာ၏။ ထိုအချိန်တွင် ဘူမိအဖွဲ့သားသုံးယောက်မှာ ဝရုန်းသုန်းကားနှင့် ထိုဗိုလ်တဲထဲမှ ပြေးထွက်လာသည်ကို လှမ်းတွေ့လိုက်ရလေ၏။

"ဟေ့. . ဟေ့. . ခင်ဗျားတို့ ဘာဝင်လုပ်တာလဲ. . ဟေ့ဟေ့. . လူတွေ"

သူပြောတာကို ဂရုပင်မစိုက်အားဘဲ သူတို့၏ဗိုလ်တဲကြီးဆီ တဟုန်ထိုးပြေးကြလေသည်။

ဥက္ကာ ဗိုလ်တဲလေးထဲရောက်တော့ အားလုံးအိပ်မောကျနေသဖြင့် နှိုးမနေတော့ဘဲ သူ့အိပ်ရာသူ ဝင်အိပ်လိုက်တော့သည်။ ပရိတ်တရားတော်သံက ဗိုလ်တဲလေးအတွင်း လွှင့်ပျံ့လျက်ပင် ရှိသေး၏။

ထိုစဉ်မှာပင် ပုလဲလည်း နိုးလာတော့သည်။ လက်ထဲမှာ တစုံတရာရှိနေတာ သတိပြုမိ၍ ကြည့်လိုက်ရာ သစ်ကိုင်းခြောက်ကြီးဖြစ်နေ၏။ ထိုသစ်ကိုင်းခြောက်ကြီးကို လွှတ်ချလိုက်ရင်း ပုလဲ ဇောချွေးပျံလာလေပြီ။

ခေါင်းအုံးကိုတစ်လှည့်. . သစ်ကိုင်းခြောက်ကိုတစ်လှည့်ကြည့်ရင်း. . ပုလဲ ဇဝေဇဝါဖြစ်ရလေတော့သည်။

'မှော်ခေါင်းအုံး'များလား. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

ဗကြီးပြကြီးလိုမဟုတ်ဘဲ ကျေးဌက်သာရကာမျိုးစုံ၏ တွန်ကျူးသံတို့ ဆူညံနေသည်မို့ ရောင်နီပျို့ကာစမှာပင် ဥက္ကာတို့ နိုးလာခဲ့ကြသည်။ ပုလဲလည်း အခန်းထဲထိုင်ရင်း ခေါင်းအုံးလေးကို မမှိတ်မသုန် ကြည့်နေမိ၏။

လေ့လာရေးခရီးစဉ်အစ ရထားစီးခဲ့စဉ်က သူမဖတ်ခဲ့သော မှော်ခေါင်းအုံးအကြောင်းကို သတိရသွားကာ ဇဝေဇဝါ ဖြစ်နေလေသည်။ ထိုစဉ် . . ကေသွယ်ပါ နိုးလာပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . ငူငူငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ"

ဂရုတစိုက်နှင့်မေးမည့်သူ ပေါ်လာ၍ ပုလဲ အားတက်သွားကာ ညကအိပ်မက်နှင့် လက်ထဲသစ်ကိုင်းခြောက် ပါလာသည့်အကြောင်းပါ အပြည့်အစုံ ပြောပြလိုက်သည်။ ကေသွယ် အံ့ဩသလို မယုံနိုင်အောင်လည်း ဖြစ်နေ၏။

သူတို့နှစ်ယောက်ထဲ အတွေးနှင့် ဆုံးဖြတ်ပိုင်းခြား၍ မရသည့်အတွက် ဥက္ကာတို့နှင့် တိုင်ပင်ရအောင် အခန်းပြင် ထွက်လာကြ၏။ ကေသွယ်က ပုလဲ၏အဖြစ်ဆန်းကို ထပ်မံဖောက်သည်ချသည်။ ဥက္ကာတို့ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်ကုန်၏။

သို့နှင့် မနက်စာစာကို တက်သုတ်ရိုက်စားသောက်ပြီး လေ့လာရေးထွက်ခဲ့ကြပြန်သည်။ ဖိုးကျော်က သွားရင်းလာရင်းနှင့် သူသိထားသမျှ တောသဘာဝတွေကို ဖောက်သည်ချသည်။ တောထဲတောင်ထဲ ကိုယ့်နာမည်ခေါ်သံကြားရင် မထူးမိဖို့ သင်းခွေချပ်က လူယောင်ဆောင်ပြီးခေါ်တာကို ပြန်ထူးမိလျှင် အသက်ဆုံးရှုံးတတ်ကြောင်းပြောပြသည်။

အစာကျူးသော မြွေကြီးများက အကောင်လိုက်မျိုပြီးလျှင် နှစ်လသုံးလလောက် သင့်ရာမှာ အိပ်စက်နေလေ့ရှိကြောင်း၊ တစ်ခါတစ်ရံတွင် ဝါးတောထဲအိပ်မိသည့် မြွေ၏ကိုယ်လုံးအား ဝါးမျှစ်စို့တွေဖောက်ဝင်ကာ အပင်ပေါက်လာလေ့ရှိကြောင်း၊ မြွေကြီး အိပ်ရာနိုးသည့်အခါ သူ့တစ်ကိုယ်လုံး ဝါးပင်တွေက တံစို့ထိုးထားသကဲ့သို့ ဖြစ်နေ၍ သွားလာလို့မရတော့ကြောင်း၊ ထိုအဖြစ်ကြောင့် မြွေကြီး တွေစိတ်ဆိုးပြီး ရုန်းကန်လှုပ်ရှားကြသည်တွင် မြွေလည်းသေ၊ ဝါးပင်တွေလည်း ပြိုလဲပျက်စီးကြကြောင်း ဖိုးကျော်က ရှင်းပြသည်။





သို့နှင့်ခရီးဆက်ခဲ့ကြရာ တောင်ကုန်းပေါ်မှ တောအုပ်အတွင်းသို့ ရောက်လာကြသည်။ အမောပြေ ခဏတဖြုတ် နားကြ၏။ စိုးမင်း အပေါ့သွားဦးမည်ပြောကာ တောတိုးလေသည်။ ဥက္ကာက ရေသောက်အနားယူရင်း ပုလဲကို စိတ်မချသော အကြည့်တွေနှင့် မမှိတ်မသုန် ကြည့်နေလေသည်။ ထိုအချိန်တွင် စိုးမင်း အူယားဖားယားပြေးလာ၏။

"ဟော့ကောင်တွေ. . သိပ်ထူးဆန်းတဲ့ အပင်တစ်ပင် တွေ့တယ်၊ လာကြည့်ကြစမ်း"

စိုးမင်း၏ ပျာယီးပျာယာပုံစံကြောင့် ဥက္ကာတို့ စိတ်ဝင်စားသွားကာ သူခေါ်ရာနောက် လိုက်ခဲ့ကြသည်။ အပင်ကြီးရှိရာအရောက် သူတို့အုပ်စု ခြေလှမ်းတွေတုန့်သွားပြီး တအံ့တဩ ဝိုင်းကြည့်ကြသည်။

အပင်ကြီးမှာ ဝါးတစ်ရိုက်ခန့်သာရှိပြီး အသီးဟု ယူဆရသည့်အရာများလည်း လေးငါးဆယ်လုံးခန့် တွဲလောင်းကျလို့နေသည်။ ထိုအသီး၏ပုံစံက လူသားမိန်းမတစ်ယောက်နှင့် ဆင်တူနေသည်။

အမျိုးသမီးတစ်ယောက်၏ ခန္ဓာကိုယ်ကဲ့သို့ပင် ရှိုက်ကြီးဖိုယ် အသွယ်သွယ်တို့ အပြည့်အစုံ ပါဝင်နေသည်။ ထို့ထက်ပို၍ တိကျအောင်ပြောရလျှင် ဝတ်လစ်စလစ် မိန်းမပျိုတစ်ယောက်ပုံမျိုး ဖြစ်ပြီး အရွယ်အစားက တစ်တောင်ခန့် ရှိသည်။

ဖိုးကျော်က မရဲတရဲ လက်လှမ်းပြီး အသီးတစ်လုံးအား ကိုင်တွယ်စမ်းသပ်ကြည့်လိုက်သည်။ ဘယ်လိုတုန့်ပြန်လေမည်လဲ အတွေးနှင့် လူတိုင်းရင်ခုန်နေကြတော့သည်။ သူ ကိုင်လိုက်စဉ်မှာပင်




www.burmeseclassic.com

www.burmeseclassic.com



ညည်းညူသံလိုလိုအသံမျိုး ကြားလိုက်ရသည်မို့ . . ဖိုးကျော် အလန့်တကြား လက်ပြန်လွှတ်လိုက်၏။









"ကြား. . ကြားလား၊ သူ့ကိုထိလို့ ညည်းသံထွက်လာတာ"

"ဟုတ်လို့လားဟယ်၊ နေပါဦး. . အဲ့ဒါ ဘာအသီးကြီးတုန်း၊ ဘာအပင်တုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်မှလွဲရော၊ ဒါ သူယောင်သီးဆိုတာပဲ ဖြစ်ရမယ်"

"ဟင်. . အဲဒါဆို ဒီအသီးထဲက သူယောင်မယ်တွေ ထွက်လာမှာပေါ့"

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကာ ဓာတ်ပုံရိုက်သူရိုက် ဗီဒီယိုမှတ်တမ်းတင်သူတင်နှင့် အလုပ်ရှုပ်သွားကြသည်။ ဒီလောက် ထူးဆန်းအံ့အားသင့်ဖွယ်ကောင်းသည့် အပင်ကြီးကို တွေ့ခွင့်ရသဖြင့်လည်း ကျေနပ်ကြည်နူးလျက် ရှိနေကြသည်။

"အေး. . သူယောင်မယ်တွေ ထွက်လာရင်တော့ လက်ဆွဲပြီး ရည်းစားစကားပြောလိုက်မှာ"

"ဟဲ့. . အကောင် ဖိုးကျော် ပါးစပ်မသရမ်းနဲ့နော်၊ တောစည်းတောင်စည်း လိုက်နာရမယ်လို့ မှာလိုက်တယ် မဟုတ်လား"

"အဲ. . ဆောရီး. . ဆောရီး"

ဖိုးကျော် ပေါက်ကရပြောနေ၍ ကေသွယ်က လှမ်းဟန့်လိုက်သည်။ သူတို့တွေ သူယောင်ပင်၊ သူယောင်သီးများနှင့်အတူ ယှဉ်တွဲကာ တလှည့်စီ ဓါတ်ပုံအရိုက်ခံကြသေးသည်။

ထို့နောက် တောင်ကုန်းလေးပေါ်မှ ပြန်အဆင်းတွင် ထူးထူးခြားခြား လမ်းဖြစ်နေတာ တွေ့ကြ၏။ မြေနီနီပေါ်တွင် စွတ်ကြောင်းရာကြီးများရှိနေသဖြင့် ဆင်တွေသစ်ဆွဲသည့်လမ်းမှန်း သိလိုက်သည်။

ဒါဆို လမ်းမမှားတော့ဟုတွေးကာ အားတက်ပြီး ထိုလမ်းအတိုင်း ဆက်လျှောက်ခဲ့ကြသည်။ နောက်ဆုံးမှ လိုက်လာသော ဥက္ကာနားထဲ ခြေသံလိုလိုကြားနေမိ၍ မကြာခဏ လှည့်ကြည့်နေမိသည်။ ကြည့်တော့လည်း ဘာကိုမှ မတွေ့သည့်အတွက်. . တော





ကောင်ကြီးတစ်ကောင် လိုက်ခြောင်းနေတာလားတွေးရင်း စိုးရိမ်လာ၏။

ထိုကိစ္စကို သူငယ်ချင်းများအား အသိမပေးတော့၊ အလကားနေရင်း စိတ်ပူသွားမှာကို မလိုလား၍ပင် ဖြစ်၏။ သို့သော်. . သတိမလွတ်စတမ်း နားစွင့်ကာ ခရီးဆက်ခဲ့သည်။

တစ်နေရာအရောက်. . .

"ပုပ်အဲ့အဲ့ အနံ့ကြီးပါလား"

"ဒီအနီးအနားမှာ တောကောင်တွေသေပြီး ပုပ်နေတာများလား. . "

"ဘုရား. . ဘုရား. . ဟိုမှာကြည့်စမ်း လူသေအလောင်းနှစ်လောင်းပါလား"

ဥက္ကာက ချုံတောထဲမှအလောင်းတွေကို သေချာစွာကြည့်၍. .

"သေတာ မကြာလောက်သေးဘူးထင်တယ်"

"ဟာ. . ဒါ. . ဒါ. . ဘူမိကျောင်းသားတွေ မဟုတ်လား"

စိုးမင်း အထိတ်တလန့်နှင့်ပြော၏။ ကပျီးလူးတောကြီးက သူတို့အားလုံးကို ကြောက်မက်ဖွယ် ဆီးကြိုနေလေပြီ။ ခရီးဆက်ခဲ့ချိန်မှာတော့ အမှောင်က စောင့်ကြိုနေ၏။ ဓါတ်မီးအလင်းရောင်ဖြင့် ရှေ့ခရီးဆက်ခဲ့ကြသည်။ ဒီကြားထဲ ဘယ်လိုအကောင်တွေမှန်း မသိ၊ မှောင်ထဲ၌ တောက်ပနေသည့် မျက်ဝန်းတွေကို ခပ်စိတ်စိတ် တွေ့လာရသည်။

သားကောင်ကြီးတွေဆိုရင် အသက်ပျောက်ဖို့အရေး သိပ်မဝေးတော့ဟု တွေးမိပြီး ဘုရားစာကိုပဲ ရွတ်နေမိသည်။ ထိုမျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



များကိုကြည့်ရင်း နောက်ဆုံးမှလျှောက်လာသော ဥက္ကာ ခလုတ်တိုက်ကာ လဲတော့၏။

"အင့်!. ."

မှောက်လျက်လဲသဖြင့် ဒူး၊ ရင်ဘတ်နှင့် မေးစိပါ ပွန်းပဲ့သွား၏။ ဒါကို ပုလဲတို့တစ်ဖွဲ့လုံး မတွေ့လိုက်ကြပေ။

ဥက္ကာ ပြန်ထလာတော့ ရှေ့မှအုပ်စုကို လုံးဝမတွေ့ရတော့။

လင်းနေဆဲ ဓာတ်မီးကို ကောက်ယူပြီး. .

"ပုလဲ. . ပုလဲ. ."

သူ့အော်သံက နေရာပေါင်းစုံမှ အော်နေသလိုလို. . တောကြီးတစ်ခုလုံး ပဲ့တင်ထပ်သွား၏။ သူတစ်ယောက်တည်းဆိုသော အသိက ချွေးစို့လာခဲ့သည်။ သို့နှင့်. . ခြေလှမ်းကို ပိုသွက်အောင် လျှောက်လာခဲ့သည်။ အရေးထဲ ဓါတ်မီးအလင်းရောင်က တဖြည်းဖြည်း မှိန်လာ၏။

သုံးတောင့်ထိုးမို့ ဓါတ်ခဲအားနည်းသွားသည်လား မပြောတတ်။ ထိုမှုန်ကုပ်ကုပ် အလင်းရောင်နှင့်ပင် ဥက္ကာ ရှေ့ဆက်တိုးလာခဲ့သည်။ နောက်ထပ် မိနစ်နှစ်ဆယ်ခန့် လျှောက်လာပြီးချိန်မှာတော့ ဥက္ကာ ဇဝေဇဝါ ဖြစ်လာတော့သည်။ လမ်းသာမှန်လျှင် ခုလောက်ဆို ဗိုလ်တဲသို့ ပြန်ရောက်သင့်ပြီ။

ထိုအချိန်မှာပင် အနားကပ်ပြီး ဟိန်းဟောက်လိုက်သော ကျားဟိန်းသံကြီးကို ကြားလိုက်ရ၍ ဥက္ကာ အသက်ရှင်ဖို့ အမြန်ဆုံး လှုပ်ရှားရတော့သည်။ ဓါတ်မီးအား ခါးကြားထဲထိုးထည့်ကာ နီးရာအပင်ကို တွယ်တက်မိတော့သည်။ ထိုအပင်၌ ကြိုးလျှော့ခါးတစ်ခုရှိနေ၍ တော်သေးသည်။





အပေါ်အရောက် ဓာတ်မီးနှင့်ထိုးကြည့်တော့. .

"ဟင်. . ဒီ. . ဒီပေါ်မှာ ဝါးကွပ်ပျစ် တစ်ခုပါလား၊ ဒါ မုဆိုးတွေဆောက်ထားတဲ့ လင့်စင်ဆိုတာပဲ ဖြစ်ရမယ်"

ဥက္ကာ အနည်းငယ် စိတ်အေးလက်အေးဖြစ်သွားကာ. . ဒီတစ်ညတာကိုတော့ လင့်စင်ပေါ်မှာပဲ နားနေတော့မည်ဟု စိတ်ပိုင်းဖြတ်ကာ ကျောပိုးအိတ်ချ၍ ပစ်လှဲလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၃)

ပုလဲတို့လေးယောက်လည်း ဥက္ကာပါမလာတာ သိသည်နှင့် လိုက်ရှာကြသော်လည်း မတွေ့တော့ပေ။ သူတို့ဗိုလ်တဲလေးဆီ ပြန်အရောက်. . .

"ဒုက္ခပါပဲဟယ်. . . ဒီလောက်အော်ခေါ်ပြီး လိုက်ရှာတာတောင် မတွေ့ဘူးဆိုတော့ အန္တရာယ်တစ်ခုခုများ ကြုံနေပြီလားမသိဘူး"

ပုလဲက မျက်စိမျက်နှာပျက်စွာဖြင့် စိုးရိမ်တကြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“နင်ကလည်းဟယ်၊ ဥက္ကာ ဒီလောက်မပျော့ပါဘူး၊ ရန်သူကိုကာကွယ်နိုင်မှာပါ ပုလဲရာ၊ သိပ်လည်း စိတ်ပူမနေပါနဲ့”

ငိုမဲ့မဲ့ဖြစ်နေသည့်ပုလဲအား ဖိုးကျော်က နှစ်သိမ့်စကား ပြောသည်။ ဒီလိုနှင့်မိန်းကလေးနှစ်ယောက် စောစောစီးစီး အိပ်ရာဝင်သွားကြ၏။ ပုလဲ အိပ်ရာပြင်နေသော်လည်း တော်တော်နှင့် မအိပ်နိုင်၊ ဥက္ကာအတွက် စိတ်မအေးနိုင် ဖြစ်နေရှာသည်။

တစ်နေကုန် သွားလာလှုပ်ရှားထား၍ ညောင်းညာကိုက်ခဲနေသည့် ခန္ဓာကိုယ်ကို အနားပေးရန် လဲလျောင်းဖို့ စိတ်ကူးတော့လည်း. . ဘယ်လိုအိပ်မက်တွေဆီ ဆွဲခေါ်သွားဦးမလဲ မသိနိုင်သည့် မှော်ခေါင်းအုံးကြောင့် တွန့်ဆုတ်နေမိသေး၏။

နောက်ဆုံး ပင်ပန်းလှပြီဖြစ်၍ ထိုခေါင်းအုံးနှင့်ပင် ပုလဲအိပ်လိုက်ရတော့၏။

ထိုအချိန်တွင် ဥက္ကာမှာလည်း မနက်လင်းမှပဲ ခရီးဆက်နိုင်တော့မည်မို့ မျက်လုံးများမှေးစင်းလာတော့သည်။ ညဥ့်နက်လာသည်နှင့်အမျှ ညပျော်တိရစ္ဆာန်တို့ အစာရှာဖွေသံ၊ အချင်းချင်းမာန်ဖီသံ၊ တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်သံများနှင့် တောကသက်ဝင်လှုပ်ရှားလာသည်။

သူ အိပ်ပျော်သွားချိန်တွင် တောအခြေအနေက ပြောင်းလဲသွားသည်။ ပျံသန်းနိုင်ခြင်းမရှိသည့် တောကောင်တွေ ကိုယ့်သားရဲတွင်းကိုယ် ပြန်သွားကြခြင်း ဖြစ်လေသည်။ ဘာကြောင့်မှန်းမသိ။

အနေအထားက တောကောင်အားလုံး ကြောက်ကြရသည့် အင်အားကြီးသတ္တဝါတစ်ကောင်၏ အနံ့အသက်ကို ရသဖြင့်. . . အန္တရာယ်ကို ရှောင်ရှားနိုင်ရန် ပျောက်ကွယ်ပုန်းခိုနေကြသည့် ပုံစံမျိုး





ဖြစ်သည်။

ဘာကောင်များပါလိမ့်။ ဆင်လား၊ ကျားလား၊ ခြင်္သေ့လား လောလောဆယ်တော့ ဥက္ကာရှိနေသည့် လင့်စင်အနီးအနားမှာ ဘာအကောင်မှမရှိ၊ ပကတိ တိတ်ဆိတ်လို့နေသည်။

မုန်တိုင်းမထန်ခင် ငြိမ်သက်မှုမျိုးလား၊ တောပိုင်တောင်ပိုင် ပုဂ္ဂိုလ်တွေကြွလာမည်မို့ တောအောင်းသတ္တဝါတွေ ကြောက်လန့် ငြိမ်ဝပ်နေတာများလား၊ ခေတ္တခဏ ငြိမ်သက်သွားပြီးနောက် ဦးစွာ လှုပ်ရှားလာသည်က လေပွေဝဲဂယက်တစ်ခု ဖြစ်သည်။

သစ်ရွက်သစ်ခက်များ ဆတ်စလူးခါလာလေသည်။

သတ္တဝါတို့၏ အသံဗလံများ တိတ်ဆိပ်သွားကာ ရုက္ခသစ် ရွက်တို့ လှုပ်ရှားသံများသာ မင်းမူလာသည်။

ဥက္ကာအိပ်နေသော လင့်စင်နှင့် မလှမ်းမကမ်း၌ တိုက်ဆိုင် စွာပင် သူယောင်ပင်ကြီး ရှိနေလေသည်။ ထိုအပင်မှ အရွက်များမှ စတင်လှုပ်ခတ်လာ၏။ အလေးချိန် အတော်ရှိပုံရသည့် သူယောင်သီး များကတော့ အရွက်တွေလို ပြောင်းဆန်မနေကြ၊ နာရီချိန်သီးကဲ့ သို့သာ ဘယ်ညာလွှဲရမ်းနေသည်။ ထိုသို့လွှဲရမ်းနေသည့် သူယောင် သီးထဲမှ အကြီးဆုံး သူယောင်သီးကြီးမှာ ကွဲအက်လာပြီး တစ်စုံတစ်ခု ဖုတ်ခနဲ မြေပေါ်သို့ ပြုတ်ကျလာ၏။

ထွက်ကျလာသည့် ထိုတစ်စုံတစ်ရာကို မျက်မြင်တွေ့မိကြ လျှင် အံ့သြသွားကြမည်မှာ အသေအချာပင်။ ထိုထွက်ကျလာသည့် အရာမှာ မြေပြင်နှင့်ထိသည်နှင့် လူဖြစ်သွား၏။ ငုတ်တုပ်ဒူးထောက် နေရာမှ တဖြည်းဖြည်း ထရပ်လိုက်သည်က ဝတ်လစ်စလစ်နှင့် လု သားမိန်းမတစ်ယောက် ဖြစ်နေ၏။

www.burmeseclassic.com



ပြစ်မျိုးမဲ့မထင် လှပနေသည့် မိန်းမပျို၏ မျက်ဝန်းများမှာ ညမှောင်မှောင်ထဲ အရောင်လက်လို့နေသည်။ ထိုမိန်းမပျိုမှာ အစာထွက်ရှာသည် ထင်ရ၏။

နားစွင့်နေရုံသာမက နှာခေါင်းပွစိပွစိလုပ်ကာ အနံ့ခံ၍ပါ စားစရာရှာနေသည်။ ခဏအကြာတွင် သတ်မှတ်သားကောင်၏ အနံ့အသက်ကို ရရှိသွားသည်။ ခေါင်းမော့ကာ ထိုအနံ့နောက် တောက်လျှောက်အနံ့ခံရင်း မိန်းမပျိုလျှောက်လာ၏။

အပေါ်မှာ လူသားတစ်ယောက်ရှိနေမှန်း သိလိုက်၍ မိန်းမပျို ကျေနပ်စွာပြုံးလိုက်သည်။ ပြီးနောက် အပင်ကိုတွယ်တက်သည်။ လင့်စင်တစ်ခုလုံး လှုပ်ရမ်းသွားသည်မို့ ဥက္ကာ လန့်နိုးသွားသည်။ လူးလဲထကာ စူးစမ်းကြည့်တော့ ဥက္ကာ မျက်လုံးပြူးသွား၏။

မိန်းမပျိုမှာ လင့်စင်ပေါ်သို့ ရောက်နေလေပြီ။ ထိုမိန်းမက ဥက္ကာအား ပြုံးပြကာ တရွေ့ရွေ့ရွေ့တိုးလာသည်။

ဥက္ကာ နောက်ဆုတ်လိုက်ရာ လင့်စင်အစွန်းသို့ ရောက်သွား၏။ နောက်ထပ် ဖင်တရွေ့ထပ်ဆုတ်ပါက ပြုတ်ကျသွားဖို့သာ ရှိတော့သည်။

ဥက္ကာ၏လက်မောင်းကို လှမ်းကိုင်ကာ ဆွဲယူလိုက်ရာ ခွေ့ခနဲ မြောက်ပါသွား၏။ သာမန်မိန်းမတစ်ယောက် ခွန်အားနှင့် ဒီလို မလုပ်နိုင်တာ စဉ်းစားမိပြီး ဥက္ကာ ပိုလန့်သွားသည်။

မိန်းမပျိုပါးစပ်မှအစွယ်များ တဖြည်းဖြည်းရှည်ထွက်လာ၏။ ဥက္ကာ ရုတ်တရက်လှုပ်ရှားလိုက်သည်။ အိတ်ကပ်ထဲမှ ဖုန်းထုတ်ကာ ပရိတ်တရားကို အမြန်ဖွင့်လိုက်၏။ တရားသံကြားသည်နှင့် မိန်းမပျို သူ့ကို ချက်ချင်းလွှတ်ချလိုက်ပြီး. . ကြောက်လန့်ကာ လင့်





စင်ပေါ်မှ ခုန်ချသွားတော့သည်။

“ဘုရား. . ဘုရား. . တော်ပါသေးရဲ့”

ပုလဲတစ်ယောက်တည်း တောနက်ကြီးအလယ်တွင် ရောက်နေလေ၏။ တောမှောင်မှောင်ကြီးထဲ ပုလဲ စိတ်ပျက်လက်ပျက်နှင့် ဆက်လျှောက်လာစဉ် ဆင်ကြီးတစ်ကောင် ဝပ်နေတာကို လှမ်းမြင်လိုက်၏။ ပုလဲ ထိတ်လန့်သွားသလို ဝမ်းလည်းသာမိသည်။ လန့်တာက အကောင်ကြီးလို့ဖြစ်ပြီး. . ဝမ်းသာမိတာက ရာဇဝင်ထဲက မင်းလောင်းရှာသလို ဖုတ်သွင်းရထား ဆိုက်လာသည်ဟု ထင်မြင်မိခြင်းကြောင့်ပင်ဖြစ်၏။

ပုလဲ သတိကြီးစွာထားဖြင့်. . ဝပ်နေသည့် ဆင်ကြီးနားသို့ တိုးကပ်သွားသည်။ ဆင်ကြီးက ခေါင်းတလှုပ်လှုပ် နားရွက်တခတ်ခတ် လုပ်နေသော်လည်း ရန်လိုပုံ အလျှင်းမပြဘဲ ဝပ်မြဲတိုင်း ဝပ်နေသည်။

ပုလဲ ရဲတင်းအားတက်သွားပြီး ဆင်ကြီးအား ပွတ်သပ်ပေးလိုက်သည်။ ဒါလည်း ရုန်းကန်လှုပ်ရှား ရန်လိုခြင်းများ မရှိသဖြင့် သေမြေကြီး ရှင်ရွှေထီး သဘောပိုက်ကာ ပဆစ်တုပ်ထားသည့် ဆင်ကြီးရှေ့လက်ပေါ်မှတစ်ဆင့် တက်၍ ကုပ်ပေါ်ခွထိုင်လိုက်သည်။

“ကဲ. . အသင်ဆင်ကြီးရှင် ကျွန်မကို ကဟီးလူးသစ်တောစခန်းကို လမ်းပြပေးပါလား”

ထိုသို့ပြောလိုက်သည်နှင့် ပုလဲစကားကို ဆင်ကြီးက နားလည်သလိုပုံစံနှင့် ပဆစ်တုပ်နေရာမှ တစ်ဆင့်ချင်း ထလိုက်သည်။ ပုလဲ ပြုတ်မကျအောင် ဆင်၏လည်ပင်းကို ခြေနှစ်ချောင်းနှင့် အတင်းကုပ်ကပ်တွယ်ထားရ၏။ ဆင်ကြီးက ဆင်မယဉ်သာဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



တအိအိနှင့် တစ်လှမ်းချင်း သွားနေပြီဖြစ်သည်။

သို့နှင့် ခရီးနှင်ခဲ့တာ ပိုမိုနက်ရှိုင်းသည့် တောနက်ထဲသို့ ရောက်လာခဲ့ပြီဖြစ်၏။ ဆင်ဦးကင်းထက်မှ လိုက်ပါလာသည့် ပုလဲလည်း မလွတ်မကင်းဖြစ်နေသည့် သစ်ကိုင်းများ သစ်ရွက်များနှင့် နွယ်တန်းများလွတ်အောင် သတိကြီးစွာထားကာ ရှောင်တိမ်းနေရသည်။

တစ်နေရာအရောက် ဆင်ကြီးက ခြေစုံရပ်လိုက်လေတော့သည်။ ပုလဲလည်း ဆင်ပေါ်မှစီးမိုးကာ အောက်သို့ငုံ့ကြည့်လိုက်စဉ်မှာပင် ဆင်ကြီးက ရှေ့ခြေနှစ်ချောင်းအား ကွေးညွှတ်လိုက်တော့သည်။

ဟန်ချက်ပျက်သွားသည့်ပုလဲမှာ. . ဆင်ပေါ်မှ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျသွားတော့သည်။

"အိုး!. . ."

ပုလဲကျသွားသည့်နေရာက ချောက်ကြီးတစ်ခုထဲသို့ ဖြစ်နေ၏။

"ဝုန်း!. . အား!. . အင်း!. ."

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲစွာဖြင့် ပုလဲထရပ်လိုက်သည်။ မြင်လိုက်ရသည်က ပုံစံမျိုးစုံနှင့်အရိုးစုများ ဖြစ်သည်။ သူမနှင့် မလှမ်းမကမ်းတွင် အရောင်လက်နေသော အရာတစ်ခုကိုလည်း ထပ်တွေ့ရပြန်သည်။ ထိုနေရာသို့သွားကာ မြေကြီးများကို ဖယ်ရှားလိုက်၏။ ကြေးနီရောင်အိုးတစ်လုံးကို တွေ့ရသည်။

အိုးအဖုံးကို ဖွင့်ကြည့်လိုက်ရာ ပုလဲ မျက်ဝန်းတွေ မီးပွင့်သလို လင်းလက်သွားသည်။ ဆွဲကြိုးလက်စွပ်စသည်ဖြင့် ရွှေထည်များ

ကိုတွေ့ရ၍ အပျော်ကြီးပျော်သွား၏။ ထိုရတနာများထဲမှ စိန်ဘယက်ကြီးတစ်ခုအား ပုလဲ နှိုက်ယူလိုက်စဉ်မှာပင်. . .

"ဟော့. . ကလေးမ. . ဒါ ဘာလုပ်တာလဲ"

ရုတ်တရက် ခေါ်သံကြား၍ မော့ကြည့်လိုက်သည့်အခါ သူ့ကိုခါးထောက်ကြည့်နေသည့် လူကြီးတစ်ယောက်အား တွေ့ရလေသည်။

"ရှင်. . ဟို. . ဟို. ."

"ဒါတွေယူသွားလို့မရဘူး ကလေးမရဲ့"

ပုလဲက လက်ထဲတွင်ဆုပ်ကိုင်ထားသော ဘယက်ကိုတော့ ပြန်မချသေး. .

"ဒီအိုးကို ကျွန်မအရင်တွေ့တာပါ။ ကျွန်မကို ယူသွားခွင့်ပေးပါလား"

"မရဘူး ကလေးမ. . အဘက ဒီသချိုင်းကို စောင့်နေရတာလေ"

ပုလဲလည်း ပြောမရသည့်အဆုံး. . . စိန်ဘယက်ကြီးကို ဘောင်းဘီအိတ်ထဲထိုးထည့်ကာ ထွက်ပြေးလေတော့သည်။

"ဟော့. . ဟော့. . မပြေးနဲ့. . အဲ့ဒါယူသွားလို့မရဘူး. ."

ပုလဲ လှည့်မကြည့်ဘဲ တွဲလောင်းကျနေသော နွယ်ကြိုးတစ်ခုဖြင့် တွဲခိုကာ အပေါ်သို့ပြန်တက်လေ၏။

သို့သော်. . နွယ်ကြိုးက ပုလဲကိုယ်ကို မခံနိုင်သဖြင့် ပြတ်ကျလေတော့၏။

"အား!. ."

ပုလဲရင်ထဲ အေးခနဲဖြစ်သွားကာ လန့်နိုးသွားသည်။ ချွေး



www.burmeseclassic.com

www.burmeseclassic.com



စေးများကိုသုတ်ရင်း ခိုးလိုးခုလုဖြစ်နေသော ဘောင်းဘီအိတ်ကို စမ်းမိရာ. . အထဲတွင် တစ်ခုခုပါလာသဖြင့် ပုလဲ နှိုက်ကြည့်လိုက်သည်။

"ဟင်!. ."

စိန်ဘယက်ကြီးဖြစ်နေ၍ အံ့ဩသွားရလေတော့သည်။







# အခန်း (၁၄)

"မှလဲ. . စိုးမင်း. . ဖိုးကျော်. . ကေသွယ်. ."

နှိုးနှိုးချင်း ထိုအသံကိုကြားလိုက်ရ၏။

"ဒေါက်!. . ဒေါက်!. ."

တံခါးခေါက်သံပါ ထပ်ကြားလိုက်၍ ဥက္ကာအထင်နှင့် တံခါးပြေးကြလေသည်။

"ဟင်!. . ဦးဖိုးခွားပါလား"

"ဟုတ်တယ်. . သမီးတို့ ဒါနဲ့ တောထဲက နာမည်ခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



တွေကြားနေရတယ်၊ ဘယ်သူများတုန်း”

လမ်းပြကြီးက ရိက္ခာများကိုချရင်း ပြောလေ၏။

“အဲဒါ. . ဥက္ကာ အော်နေတာပဲဖြစ်ရမယ်၊ အဘရယ် ကူညီပါအုံး”

သို့နှင့် ဦးဖိုးခွားနှင့်အတူ အသံလာရာဆီ သူတို့ထွက်လာခဲ့ကြသည်။

“ဥက္ကာရေ. . ငါတို့ဒီမှာ. . ”

ပုလဲတို့ကလည်း ပြန်အော်ခေါ်သည်။ သိပ်မကြာလိုက်. . အူးယားဖားယားပြေးလာသည့် ဥက္ကာအား တွေ့ရလေသည်။

“ဟယ်. . မသေကောင်းမပျောက်ကောင်း ဥက္ကာ”

ပုလဲက ဂရုဏာသက်စွာ ဆိုလေသည်။ ထို့နောက် ဗိုလ်တဲလေးဆီပြန်လာကာ အထုပ်အပိုးများပြင်၍ ပြန်ဖို့လုပ်ကြသည်။

ဦးဖိုးခွားအား ဘူမိအဖွဲ့အကြောင်းရှင်းပြကာ အကုန်သေနေပြီဖြစ်ကြောင်း ပြောပြလိုက်၏။

ထို့နောက် ဗိုလ်တဲလေးထဲမှ အားလုံးထွက်လာခဲ့လိုက်သည်။ ဥက္ကာက နောက်ဆုံးအနေနှင့် ဗိုလ်တဲကြီးဆီ လှမ်းကြည့်လိုက်သည်။ အပေါ်ထပ်ပြူတင်းပေါက်တွင် သူတို့အုပ်စုကို ကြည့်နေသော လူသုံးယောက်. . .

ဘူမိအဖွဲ့သားတွေမှန်း ဥက္ကာ သိလိုက်သည်။ သူတို့ကိုကျောခိုင်းရင်း လက်ပြနှုတ်ဆက်ခဲ့လိုက်၏။ အဓိက,က ဒီတောထဲမှအမြန်ထွက်ပြီး ကပင်းလူးစခန်းသို့ အချိန်မီပြန်ရောက်ရန် ဖြစ်သည်ဟု ဦးဖိုးခွားက ခရီးစဉ်ကိုချပြသည်။

ပုလဲက ဥက္ကာလက်ကို မလွှတ်တော့၊ ဦးဖိုးခွားကလည်း





မမှောင်ခင် စခန်းပြန်ရောက်ဖို့ အတင်းခြေကုန်သုတ်လျက်ရှိသည်။ တဖြည်းဖြည်းနှင့် နေရောင်ပျောက်ကာ အလင်းအား ဖျော့လာသည်။ ခပ်သုတ်သုတ်လှမ်းနေသော ဦးဖိုးခွား ခေါင်းကုတ်ပြီး ခြေစုံရပ်လိုက်၏။ နောက်ကကပ်လိုက်လာသည့် ဥက္ကာတို့လည်း ဘုမသိဘမသိ ရပ်လိုက်ကြရသည်။ လမ်းပြကြီး အရပ်လေးမျက်နှာကို စူးစမ်းရင်း တွေဝေကာ စဉ်းစားနေသည်။

“အဘ ဘာဖြစ်လို့လဲ”

“လမ်းပျောက်နေပြီ”

“ဗျာ!. . ”

ဦးဖိုးခွားစကားကြောင့် အားလုံး အလန့်တကြားဖြစ်သွားကြ၏။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း စိုးရိမ်မှုကို ဖော်ပြကြသည်။

ဒါ တောမှောက်တာဖြစ်ကြောင်း. . . တောပိုင်တောင်ပိုင်သို့မဟုတ် မကောင်းဆိုးဝါးများက လမ်းမှန်ကို ကွယ်ဝှက်ထားလိုက်ကြပြီဖြစ်ကြောင်း ရှင်းပြတော့. . မိန်းကလေးတွေ ငိုမဲ့မဲ့ ဖြစ်သွားကြသည်။

သူတို့အဖွဲ့အား ဘယ်လိုအမှားအယွင်းတွေ ကျူးလွန်ခဲ့ကြသလဲဟု စစ်မေးတော့၏။ အားလုံးကလည်း ခေါင်းခါကြသည်။ ပုလဲကတော့ ဝှက်ထားသော စိန်ဘယက်လေးကို စမ်းကြည့်ရင်း မသိချင်ယောင် ဆောင်နေလိုက်သည်။

ဦးဖိုးခွား ဘုရားစာရွတ်၍ လမ်းသစ်တစ်ခု ရွေးချယ်ကာ ခရီးဆက်ပြန်သည်။ ဥက္ကာတို့အုပ်စုလည်း အသံတိတ်ပြီး ခပ်ကုတ်ကုတ် လိုက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းတစ်အိုးချက်ခန့် လျှောက်လာပြီးနောက် လမ်းပြကြီး ရပ်လိုက်ပြန်သည်။ ရောက်နေသည့် နေရာအနေအထားကို လှည့်ပတ်သုံးသပ်ကြည့်ပြီးနောက်. . .

"ဒီနေရာမှာ ညအိပ်စခန်းချကြမယ်ဟေ့"

သူ့စကားကို ဘယ်သူမှ မကန့်ကွက်ကြ၊ မကြာခင် မှောင်လာတော့မည်ဆိုတာသိပြီး စခန်းချဖို့ ပြင်ဆင်ကြသည်။ ဖိုးကျော်က ဦးဖိုးခွားနှင့်အတူ ထင်းများလိုက်ရှာသည်။ ဥက္ကာ၊ စိုးမင်းနှင့် မိန်းကလေးနှစ်ယောက်က ရွက်ဖျင်တဲများထိုးပြီး နေရာထိုင်ခင်း ဖန်တီးကြသည်။

လူခြောက်ယောက်နှင့် ရွက်ဖျင်တဲ သုံးလုံးကတော့ ကွက်တိပဲဖြစ်သွား၏။ တဲထိုးကာ မီးပုံဖိုအပြီး၌ အမှောင်က လောကကြီးကို သိမ်းပိုက်လိုက်တော့သည်။ တော၏ညခင်းက နေ့ဘက်ထက်ပို၍ အသံမြည်နေသလား ထင်ရသည်။ ပုစဉ်းရင်ကွဲအော်သံ တစ်မျိုး တည်းနှင့်ပင် နားကွဲလုမတတ် ဆူညံနေ၏။

"မီးကိုတော့ မပြတ်ဖိုထားနော်၊ ဒါမှ တောကောင်ကြီးတွေ မလာရဲမှာ"

"ဟုတ်ကဲ့. ."

"ဒါနဲ့ တောမှောက်တယ်ဆိုတာ ဘာလဲဟင် ဦးဖိုးခွား"

"အင်း. . တောစည်းကမ်းနားမလည်တဲ့သူတွေ အမှားလုပ်မိတဲ့အခါ အဲဒီလူ အိမ်ပြန်လို့မရအောင် တောကပြန်ပြီး အမြင်မှားအောင် မျက်စိလှည့်စားထားလိုက်တာပေါ့၊ လမ်းပျောက်သွားရော လေ၊ အခု အဘတို့ ကြုံနေရသလိုမျိုးပေါ့"

လမ်းပြကြီး ဦးဖိုးခွားအား သူတို့သိချင်တာတွေ စပ်စုမေး





မြန်းကြသည်။ မှော်ခေါင်းအုံးကြောင့် အထူးအဆန်းတွေ ကြုံနေရ၍ မအိပ်ရဲတော့ကြောင်း ပုလဲပြောတော့. . ဥက္ကာက ထိုခေါင်းအုံးကို ယူထားလိုက်၏။

ညအိပ်တော့ ဥက္ကာ ထိုခေါင်းအုံးနှင့် အိပ်လေ၏။

ထိုစဉ် ထူးဆန်းသော အိပ်မက်ကို မြင်မက်လေတော့သည်။

သူရောက်နေသောနေရာက ကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှေ့တွင်ဖြစ်၏။ ထိုသစ်ပင်၌ ကြိုးလှေခါးတစ်ချောင်း ချထား၏။

"ဟေ့. . အောက်ကဘယ်သူလဲ"

ဥက္ကာ ထိုအပင်ကြီးပေါ် မော့ကြည့်လိုက်သည်။ လင့်စင်တစ်ခုကိုတွေ့ရပြီး အပေါ်မှသေနတ်နှင့် လှမ်းချိန်ထားသော လူတစ်ယောက်ကိုတွေ့ရလေသည်။

"ကျွန်. . ကျွန်တော်လေ့လာရေးအဖွဲ့ကပါ"

အပေါ်မှ အရာဝတ္ထုတစ်ခု ပြုတ်ကျလာ၏။ သူ့ခြေရင်းသို့ ကျလာသော ထိုအရာကို ဥက္ကာငုံ့ကြည့်လိုက်သည်။ မီးခြစ်တစ်လုံး ဖြစ်နေသည်။

"မင်း လူဆိုရင် အဲဒီမီးခြစ်ကို ခြစ်ပြစမ်း"

ဥက္ကာ အလွယ်တကူပင်ကောက်ယူကာ ခြစ်ပြလိုက်သည်။

"အေး. . ဟုတ်ပြီ၊ ဒါဆို မင်းအပေါ်ကိုတက်ခဲ့လို့ရပြီ"

ဥက္ကာ ကြိုးလှေခါးမှ တက်လာလိုက်သည်။ လင့်စင်ပေါ် ရောက်တော့ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့် မုဆိုးကြီးကို တွေ့ရလေသည်။ အသားအရည်မှာ ပြာနှမ်းနေပြီး လူသားနှင့်မတူပေ။

"မင်း ငါ့ကိုကြောက်နေတာလား"

ဥက္ကာ ခေါင်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူယောင်မယ်တွေလောက် ကြောက်စရာမကောင်းပါဘူး ကွာ၊ ငါလည်း သူတို့သတ်လို့သေခဲ့ရတာပါ၊ ငါ့နာမည်က မုဆိုးကြီး စောလုံ မင်းမသိရင်မှတ်ထားပေါ့ကွာ"

ဉက္ကာက သူတို့အဖွဲ့ လမ်းပျောက်နေကြောင်း မုဆိုးကြီး စောလုံကို ပြောပြလေသည်။

"မင်းတို့ မနက်လင်းရင်တော့ လမ်းတွေ့မှာပါ၊ ဒါပေမယ့် သူယောင်မယ်တွေက မင်းတို့ကို လုံးဝအလွတ်ပေးမှာ မဟုတ်ဘူး၊ လမ်းတောက်လျှောက် လူယောင်ဆောင်ပြီး မင်းတို့အသက်ကို နှုတ်ယူလိမ့်မယ်"

ထိုအခါ ဉက္ကာမှာ ပုလဲအတွက်ပါ စိုးရိမ်သွား၍. .

"လုပ်ပါဦး မုဆိုးကြီးရယ်၊ ဒါဆိုကျွန်တော်တို့ ဘယ်လိုလုပ် ရပါ့မလဲ"

မုဆိုးကြီးက သူ၏လွယ်အိတ်ထဲနှိုက်ကာ ပစ္စည်းတစ်ခု ထုတ်ယူလိုက်၏။

ငွေမှင်ရောင် ဓားတစ်လက် လက်ထဲပါလာသည်။

ဓားသွားတွင် အင်းကွက်များ အပြည့်ထိုးထားသည်။

"ဒီဓားကိုတော့ သူတို့ကြောက်ပါတယ်"

ဓားကို သူ့လက်ထဲထည့်ပေးပြီးသည်နှင့် မုဆိုးကြီးစောလုံမှာ မျက်စိရှေ့မှာတင် ပျောက်သွားလေသည်။ ထိုစဉ်. . လေတစ်ဝူးဝူး တိုက်ခတ်လာကာ လင့်စင်တစ်ခုလုံး တုန်ခါသွား၏။

လင့်စင်ပေါ်တက်လာသော သူယောင်မယ်များကို တွေ့ လိုက်ရသဖြင့် ဉက္ကာ ဘာကိုမှစဉ်းစားမနေတော့ဘဲ ဓားရိုးကိုမြဲမြဲ ကိုင်ကာ လင့်စင်ပေါ်မှ ခုန်ချလိုက်လေတော့သည်။





ရင်ထဲအေးခနဲဖြစ်သွားပြီး ဉက္ကာ လန့်နိုးသွား၏။

လက်ထဲတွင်တော့ ကျစ်ကျစ်ဆုပ်ကိုင်ထားသော ဓားတစ်လက်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

အစွန်ဆုံးရှက်ဖျဉ်တဲမှ စိုးမင်း အိပ်ချင်မူးတူးနှင့် မိုးမလင်းသေးခင်မှာပင် ထွက်လာ၏။ မျက်လုံးများကိုပွတ်သပ်ပြီး အပေါ့သွားဖို့ ဘောင်းဘီဇစ်ကို ဖြုတ်နေသည်။ ထိုစဉ်မှာပင် သူ့ရှေ့တည့်တည့် အပင်ကွယ်မှ မိန်းမတစ်ယောက် ဘွားခနဲ ထွက်လာလေရာ စိုးမင်း ထွက်ပြေးဖို့ ဟန်ပြင်လိုက်သည်။

ထိုအခိုက်အတန့်လေးအတွင်းမှာပင် သူယောင်မယ်၏ မျက်ဝန်းက စိမ်းဖန့်ဖန့်အရောင်ပြောင်းကာ တလက်လက် တောက်





www.burmeseclassic.com

www.burmeseclassic.com



ပသွား၏။ ထိုအစိမ်းရောင်မျက်ဝန်းကို မြင်လိုက်ရသည့် စိုးမင်းခမျာ စိတ်ညို့ခံလိုက်ရသလို ဖြစ်သွားကာ မလှုပ်ရှားနိုင်တော့ဘဲ နေရာတွင်ပင် မတ်မတ်ကြီးရပ်လျက် အသိကင်းလွတ်နေလေသည်။

ထို့နောက် မိန်းမပျိုက လက်ညှိုးလေးကွေးကာ စိုးမင်းကို ခေါ်လိုက်၏။ အသိစိတ်ကင်းမဲ့နေသည့် စိုးမင်းမှာ မိန်းမပျိုခေါ်ဆောင်ရာ သစ်ပင်နောက်သို့ အသာတကြည်လိုက်သွားလေသည်။

ခဏအကြာတွင်တော့. . .

"အား!. ."

စိုးမင်း၏အသံကြောင့် ဦးဖိုးခွား နိုးသွား၏။ ဘေးမှာ လက်နက်တစ်ခုခုရှာသည်။ သူ့လက်ထဲ တောရှင်းဓားမတစ်လက် ရောက်လာချိန်တွင် စိုးမင်းလည်း အသက်နှင့်ကိုယ် အိုးစားကွဲသွားလေပြီ။ ရွက်ဖျင်တဲထဲမှ ဦးဖိုးခွားထွက်လာသည်နှင့် မြင်လိုက်သည့် မြင်ကွင်းကြောင့်. .

"ဟင်!. . မောင်စိုးမင်း. . ဘုရား. . ဘုရား"

လည်ပင်းတွင် အစွယ်ရာနှင့် သွေးတွေစီးကျရင်း အသက်ပျောက်နေသည့် စိုးမင်းကြောင့် ဦးဖိုးခွား အကြီးအကျယ် တုန်လှုပ်ရသလို စိတ်မကောင်းခြင်းကြီးစွာလည်း ဖြစ်မိသည်။

ထိုအချိန်တွင် ဦးဖိုးခွားကိုယ်ပေါ်သို့ သစ်ပင်ပေါ်မှ မည်းမည်းသဏ္ဌာန်တစ်ခု ပြုတ်ကျလာသည်။ ဦးဖိုးခွား ရုန်းကန်ဖို့ကြိုးစားပါသော်လည်း ထိုအရာက သူ၏ဇက်ပိုးကို အားကုန်ခဲထားလေသည်။ ဦးဖိုးခွားလည်း ပျော့ခွေကာ လဲကျသွားလေတော့၏။

မနက်လင်းတော့ အသက်မရှိတော့ပြီဖြစ်သော အလောင်းနှစ်လောင်းကို တွေ့ကြရလေသည်။ သူငယ်ချင်းဖြစ်သူ စိုးမင်းအ





တွက် ငိုကြွေးရသလို. . လမ်းပြဦးဖိုးခွားမရှိတော့၍ သောကများကြရသည်။ သေသူတွေကို ဒီအတိုင်းထားရအောင်လည်း တောကောင်များ အန္တရာယ်ရှိနေသည့်အတွက် တွင်းတူးကာ မဖြစ်မနေ မြှုပ်နှံသဂြိုဟ်လိုက်ရသည်။

ဒီတောထဲမှ အမြန်ပြန်ထွက်ဖို့လည်း အားလုံးစိတ်စောနေကြသည်။ သို့နှင့် အပြန်လမ်းကို စမ်းတဝါးဝါးနှင့် ရှာဖွေကြရသည်။

"လမ်းမှန်သာဆို တို့တွေပြန်ရောက်နေလောက်ပြီလေ၊ စဉ်းစားကြည့်ပါဦး ဖိုးကျော်ရယ်"

ကေသွယ်ပြောတာ မှန်နေသည်မို့ ဖိုးကျော် ဘာမှပြန်မပြောသာ. . . ကေသွယ်က ဝမ်းပန်းတနည်း ရှိုက်ငိုနေပြီ ဖြစ်သည်။

ပုလဲက ကေသွယ်အား ဖက်တွယ်နှစ်သိမ့်ရင်း သူပါကူ၍ မျက်ရည်ဝဲလျက်ရှိ၏။

ရှေ့တွင်ချောက်ကြီးတစ်ခုကိုတွေ့၍ ခြေလှမ်းတွေအားလုံး ရပ်တန့်သွားသည်။ ပုလဲ မော်ခေါင်းအုံးနှင့် ရောက်ခဲ့ဖူးသော သူကြီးသချိုင်းဟောင်းကား မျက်စိရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လို့နေလေပြီ။

"ဒါ. . ဘာချောက်ကြီးလဲ"

ပုလဲက သူဒီချောက်ကြီးထဲ ရောက်ခဲ့ဖူးကြောင်းနှင့် အောက်တွင် ရတနာအိုးများစွာရှိကြောင်း ပြောပြပြီး ဘောင်းဘီအိတ်ထဲမှ စိန်ဘယက်ကို ထုတ်ပြလေသည်။

"ဟာ. . ဒါဆို ငါတို့ထောပြီပေါ့"

အိမ်ဂရန်ပေါင်ထားရသော ဥက္ကာမျက်နှာမှ ဝင်းလက်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ လောဘဇောနှင့် မိန်းကလေးနှစ်ယောက် တားနေသည့်ကြားမှ ဥက္ကာနှင့်ဖိုးကျော် နွယ်ကြိုးများရှာဖွေပြီး ချောက်ထဲသို့ဆင်းလေသည်။ ပုလဲက သူပြောလိုက်တာ မှားသွားပြီလားဟု နောင်တရနေမိသည်။

အောက်သို့ရောက်သည်နှင့် ပုလဲပြောသည့်အတိုင်း ရတနာအိုးတွေကို တွေ့ရလေသည်။ အိုးထဲမှ ရတနာများကို ဥက္ကာ သူ့ကျောပိုးအိတ်ထဲထည့်သည်။ ပုလဲနှင့်ကေသွယ်မှာ ကျင်းနှုတ်ခမ်းထိပ်မှ စိုးရိမ်ကြီးစွာ စောင့်ကြည့်နေကြ၏။

ထိုအခိုက် မိန်းမပျိုတစ်ယောက်မှာ ကေသွယ်နှင့်ပုလဲရှိရာဆီ ခြေသံလုံအောင်နင်းလျက် ချဉ်းကပ်လာနေသည်။ ထို့နောက် မိန်းမပျိုက ကေသွယ့်ဆံပင်ကို နောက်မှဖမ်းဆွဲကာ တရှုတ်တိုက်ဆွဲခေါ်သွားလေ၏။

"အား!. . အမလေး. . ကယ်ပါအုံး"

"ဥက္ကာရေ. . ဖိုးကျော်ရေ ပြန်တက်ခဲ့တော့၊ ကေသွယ့်ကို သူယောင်မယ်ဆွဲခေါ်သွားပြီ"

ဥက္ကာနှင့် ဖိုးကျော်လည်း ပုလဲအသံကြားသည်နှင့် နွယ်ကြိုးများခိုကာ အပေါ်ပြန်တက်လာကြသည်။ ဥက္ကာတွင်းနှုတ်ခမ်းဝအရောက်တွင်. . ဖိုးကျော် တွယ်တက်နေသည့် နွယ်ကြိုးထိပ်သို့ ဝတ်လစ်စလစ်မိန်းမတစ်ယောက် ခုန်ချလာ၏။

ဖိုးကျော် အလွန်အမင်း ကြောက်လန့်သွားကာ ထိန်းကိုင်ထားသည့်နွယ်ကြိုးအား အမှတ်တမဲ့ လွှတ်ချလိုက်မိတော့သည်။

"အား!. . "

ဖိုးကျော် အောက်သို့ ခြေလွတ်လက်လွတ် ပြုတ်ကျသွားလေတော့၏။ အောက်ရှိကျောက်နံရံများနှင့်ရိုက်မိပြီး ဖိုးကျော်အသက်ထွက်သွားလေတော့သည်။

ဥက္ကာ ခါးကြားမှဓါးမြှောင်ကို ထုတ်လိုက်ပြီး နွယ်ကြိုးထိပ်မှ သူယောင်မယ်ကို ထိုးချလိုက်လေသည်။ ဓားမြှောင်နှင့် သူယောင်မယ်၏အသား ထိမိလိုက်သည်နှင့် အရောင်တဝင်းဝင်း ဖြာထွက်ကာ သူယောင်မယ် ပျောက်ကွယ်သွားတော့သည်။

ပုလဲနှင့်ဥက္ကာ နှစ်ယောက်တည်း ကျန်ရစ်တော့သည်။

ရတနာပစ္စည်းများ ထည့်ထားသည့် ကျောပိုးအိတ်နှစ်လုံးအား အနိုင်နိုင်သယ်ရင်း ပုလဲလက်ကိုဆွဲလျက် ဥက္ကာတို့ အပြန်ခရီးစခဲ့သည်။ နေမညိုခင် နားခိုရာတစ်ခု ရှာတွေ့ဖို့ အရေးကြီးနေပြီမို့ ခြေလှမ်းများက သွက်လက်နေသည်။

လမ်းမှန်ပေါ် ရောက်လာသည့်အတွက် လူမနေတော့သော ရွာတန်းအစွန်ရှိ တဲတစ်လုံးကိုပင် လှမ်းမြင်နေရပြီဖြစ်သည်။ မမှောင်သေးသော်လည်း ညနေစောင်း ဖြစ်နေပြီမို့ ဒီတဲမှာပဲ ဝင်နားမည်ဟု နှစ်ယောက်သား ဆုံးဖြတ်လိုက်ကြ၏။

"ဥက္ကာ. . တို့. . တို့တွေ ရန်ကုန်ကို ပြန်နိုင်မှာပါနော်"

"သိပ်ကို သေချာတာပေါ့ ပုလဲရယ်၊ မနက်ဖြန် နေ့လည်လောက်ဆို ကုဟီးလူးက ပုလဲရဲ့ဦးလေးနဲ့ ပြန်တွေ့ရတော့မှာလေ"

"အင်း. . . အဲဒီအတိုင်း ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"







www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

"အိမ်ရှင်တို့. . အိမ်ရှင်တို့. . "

ပုလဲနှင့်ဥက္ကာ အနားယူနေကြစဉ် တဲရှေ့မှ ခေါ်သံတစ်ခုကို ကြားရလေသည်။ ခေါ်သံကြားလိုက်၍ ဥက္ကာတို့နှစ်ယောက် ဆတ်ခနဲ တုန်သွား၏။ ကြည့်လိုက်တော့ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် မိန်းမရွယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ဘာများလဲဗျ"

"ဟို. . ဟိုလေ. . ရွာ. . ရွာပြန်ဖို့ အချိန်မမီတော့လို့ ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီမှာလည်း လူတွေ့တာနဲ့ အဖော်ရပြီဆိုပြီး ဝင်လာခဲ့တာပါ။ တစ်ညလောက် အတူတူတည်းခွင့်ပြုပါလားရှင်"

"မင်းရွာက ဘယ်မှာလဲ"

ဥက္ကာက မယုံသလိုလေသံနှင့် မေးလိုက်၏။

"ကျွန်မနာမည် မရင်ငြိမ်းပါ၊ ကဟီးလူးသစ်စခန်းဘေးက တောင်ပြုံရွာကပါ အစ်ကိုကြီး"

ပုံစံက ရိုးရိုးသားသား တောသူမအသွင်အပြင်မျိုး. . ထင်းတစ်စည်း ရွက်ထားကာ လက်ထဲမှာလည်း မျှစ်စို့နှင့်မှိုများကို လျှော်ကြိုးနှင့်တွဲသီကာ ကိုင်ထား၏။

သွားမယ့်လမ်းက တူနေသည်ကတစ်ကြောင်း၊ မိန်းမရွယ်တစ်ယောက် ညဘက် တောထဲတစ်ယောက်တည်း နေရမည့်ဒုက္ခကို စာနာမိသည်ကတစ်ကြောင်းကြောင့် ဥက္ကာ ပုလဲအား တိုင်ပင်သလို လှမ်းကြည့်တော့ သဘောတူဟန်နှင့် ခေါင်းညိတ်ပြသည်မို့. . .

"ရပါတယ်ဗျာ၊ တဲက ကျုပ်တို့အပိုင်မှ မဟုတ်တာ၊ အာဂန္တုတွေ အကုန်တည်းခိုနိုင်ပါတယ်. . ဝင်ခဲ့ပါ"

ထိုညက ရယ်ဒီမိတ် စည်သွပ်ဘူးများကိုသာ သုံးဆောင်မှု စားလိုက်ကြသည်။ မရင်ငြိမ်းက အသားဘူးကိုသာစားပြီး ပေါင်မုန့်ကို တို့ပင်မတို့၊ တောသူမပါးစပ်ထဲ အသားဘူး အရသာတွေ့နေတာကို စာနာစွာဖြင့် ထပ်ဖောက်ကာ ကျွေးမွေးလိုက်သေး၏။

ညအိပ်တော့လည်း မိန်းမသားအချင်းချင်း အဖော်ရအောင် ပုလဲနှင့်အတူတူ အိပ်စေခဲ့သည်။ ဥက္ကာကတော့ တဲရှေ့ကွပ်ပျစ်ပေါ်တွင်တစ်ယောက်တည်း။ ရတနာတွေပါသည့် ကျောပိုးအိတ်နှစ်လုံးနှင့် ဥစ္စာခြောက်ကာ အိပ်မရဖြစ်နေလေ၏။





ရတနာတွေ ထုလွဲရောင်းချပြီးလျှင် အမေ့အိမ်လေးကို ပြန်ရွေးပေးမည်။ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်မည်။ ပုလဲကို ချစ်ခွင့်ပန်ပြီး လက်ထပ်ယူမည်။ တလူးလူးတလိမ့်လိမ့်နှင့် လုံးဝအိပ်လို့မရ ဖြစ်နေတော့၏။

ထိုအခါသမယတွင်မှ သွေးပျက်ဖွယ်ရာ အသံနက်ကြီးနှင့် အော်ဟစ်သံကို ကြားလိုက်ရသည်။

"အား!. . . "

ထိုအသံကိုကြားသည်နှင့် ဥက္ကာ ငေါက်ခနဲ ထထိုင်မိသည်။ သတိမလွတ်သူပီပီ ဓားမြှောင်ကိုဆွဲထုတ်ကာ အသံလာရာ စူးစမ်းရှာဖွေ၏။ အသံက တဲထဲမှဖြစ်နေ၍ ဓါတ်မီးကိုဆွဲယူကာ ဝင်လာလိုက်သည်။ ဓါတ်မီးရောင်အောက်တွင် ပုလဲကိုယ်ပေါ်မှာ မိန်းမတစ်ယောက်. . .

မိုးမချုပ်ခင်ကရောက်လာသော မရင်ငြိမ်းဆိုသည့် မိန်းမကရင်မငြိမ်းစရာအဖြစ်တွေကို ကျူးလွန်မည့် သူယောင်မယ် ဖြစ်နေမှန်း သိသွားချိန်တွင် ပုလဲအဖို့ အလွန်တရာ နောက်ကျလို့နေခဲ့လေပြီ။ ဒေါသ၊ နောင်တနှင့် ယူကြုံးမရစိတ်များ စုပေါင်းကာ ပြင်းထန်သည့် ဒေါသများ စုစည်းထားသည့် ဓားချက်က ရင်ငြိမ်းအမည်ခံ သူယောင်မယ်အပေါ် အညှိုးကြီးစွာ ကျရောက်သွားခဲ့သည်။

"ကဲကွာ. . ကဲကွာ. ."

"ခွပ်!. . ခွပ်!. ."

ပြိုးပြက်ဝင်းလက်သည့် ပေါက်ကွဲမှုသဏ္ဌာန် ဖြစ်ပေါ်လာပြီး သူယောင်မယ် လုံးဝပျောက်ကွယ်သွား၏။

"ပုလဲ. . ပုလဲ. . ပုလဲ အဲလိုမလုပ်ပါနဲ့ကွာ၊ ထပါဦး. . ငါ့ကို

www.burmeseclassic.com



တစ်ယောက်တည်း မထားခဲ့ပါနဲ့"

လည်ပင်းမှာ အစွယ်ရာနှင့် သွေးစုပ်ဖျော့တော့ အသက်မဲ့နေပြီဖြစ်သော ပုလဲ၏အလောင်းအား ဖက်တွယ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေမိသည်။ ပုလဲကား ပြန်ရှင်မလာတော့. . .။

ဘယ်လိုမှ ပြန်ရှင်လာမှာ မဟုတ်တော့သည့် ချစ်သူ၏အလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်ပေးဖို့ကိုသာ အာရုံစိုက် ဆောင်ရွက်ခဲ့တော့သည်။ ချစ်သူလှဲလျောင်းဖို့ မြေကျင်းကိုတူးရသည်။ ဓါးမြှောင်နှင့်သာ တူးဖော်ရသဖြင့် ဥက္ကာ လက်နှစ်ဖက်လုံး ပေါက်ပြဲယောင်ကိုင်းလာသည်အထိ အားထုတ်ခဲ့ရသည်။ လူတစ်ယောက်စာ သုံးပေခြောက်ပေကျင်း ပေါ်လာချိန်တွင် ဥက္ကာ ခြေကုန်လက်ပမ်းကျနေပြီဖြစ်သည်။ သို့သော် မနားအား. . ချစ်သူ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကိုယ်တိုင်သယ်ယူကာ ထာဝရနားရမည့် မြေကျင်းထဲသို့ သက်တောင့်သက်သာဖြစ်အောင်. . ထည့်သွင်းလိုက်သည်။

ရင်ထဲ ဝေဒနာများစွာကို သိမ်းဆည်းသိုဝှက်ရင်း ကျောပိုးအိတ်များသယ်ဆောင်ကာ ချစ်သူအား ကျောခိုင်းထွက်ခွာလာခဲ့သည်။ နောက်လှည့်မကြည့်မိအောင် ကြိုးစားရင်း တတ်နိုင်သမျှ ခြေလှမ်းမြန်မြန်နှင့် အပြန်ခရီးစခဲ့၏။

လွန်ခဲ့သောလေးရက်က အတူတူလာခဲ့ကြသည့် ပုလဲ၊ ဘေသွယ်၊ စိုးမင်းနှင့် ဖိုးကျော်တို့ မထင်မှတ်သော နည်းများနှင့် တမလွန်သို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထွက်ခွာသွားခဲ့ကြသည်။ သူတစ်ယောက်သာ ကံကောင်းထောက်မစွာ ရှင်သန်ခဲ့ခြင်းဖြစ်၏။

ဟိုးခပ်ရေးရေးတွင် ကဟီးလုံးစခန်းကို လှမ်းမြင်နေရလေ





ပြီ။ သူအန္တရာယ်ကင်းတော့မည်. . . လွတ်မြောက်တော့မည်။

"အစ်ကို"

ရုတ်တရက် ခေါ်သံကြောင့် ဥက္ကာ မော့ကြည့်လိုက်သည်။ ရှေ့မလှမ်းမကမ်း သရက်ပင်တစ်ပင်အောက်တွင် ခြေထောက်နာနေဟန်တူသော မိန်းကလေးတစ်ယောက်. .

"အစ်ကို ကျွန်မ သရက်သီးတက်ခူးတာ ပြုတ်ကျလို့. . အဆစ်လွဲသွားလားမသိဘူး ကူပါဦးရှင်"

ချွဲချွဲနွဲ့နွဲ့အသံနှင့် အကူအညီတောင်းတာကို ကြားမိ၍ ဥက္ကာ ကျွဲမြီးတိုသွားသည်။

"ဟေ့. . ဒီမယ်မိန်းကလေး မာယာတွေ လာသုံးမနေနဲ့၊ မင်းဘာလဲဆိုတာ ငါသိပြီးသား"

ပစ်ပစ်ခါခါပြောဆိုပြီး သူမရှေ့ကအဖြတ် မိန်းကလေးက သူ့ခြေထောက်ကို ဖမ်းဆွဲထားသည်။ အားစိုက်ပြီး တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထား၍ ဥက္ကာ ဆက်လှမ်းလို့မရ ဖြစ်နေသည်။

"အဲဒီလို မရက်စက်ပါနဲ့ရှင်၊ ကျွန်မကို ရွာပြန်ရောက်အောင် တွဲခေါ်သွားပေးပါ၊ အဖော်တွေနဲ့ ကွဲလာလို့ပါ၊ တစ်ယောက်တည်း တောထဲမှာနေရတာ ကြောက်လွန်းလို့ပါရှင်"

မိန်းကလေးက ပြောပြောဆိုဆိုပင် ဥက္ကာ၏ခါးကိုတွယ်ဖက်၍ မတ်တတ်ရပ်ဖို့ ကြိုးစားသည်။ သူယောင်မယ်တို့ ဤသို့ပူးကပ်ရင်း သွေးစုပ်ဝိညာဉ်နှုတ်သည့်မြင်ကွင်းကို အကြိမ်ကြိမ် မြင်ဖူးထားသည့် ဥက္ကာ လွန်စွာအထိတ်တလန့် ဖြစ်သွားပြီး. . ခါးကြားမှ ဓါးမြှောင်ကို ဆွဲထုတ်လိုက်သည်။

"ဟဲ့. . သူယောင်မယ် မိန်းမယုတ်၊ နင် လူယောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သွေးစုပ်ဖို့ အားထုတ်မနေနဲ့၊ လွှတ်. . ငါ့ကိုလွှတ်၊ မလွှတ်ရင် ငါ့ကို အဆိုးမဆိုနဲ့နော်”

မိန်းကလေးက လွှတ်မပေး၊ အမိအရ တွယ်ကပ်ပြီး အကူအညီ တောင်းနေရှာသည်။

“ကျွန်မကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ရှင်. . ကျွန်မ ကြောက်လို့ပါ”

ဘယ်လိုမှအလျှော့မပေးဘဲ ကုပ်ကတ်တွယ်တက်ကာ သိုင်းဖက်လာသည့် မိန်းကလေး၏လုပ်ရပ်ကြောင့်. . . အကြောက်ကြီးကြောက်နေသည့်ဥက္ကာမှာ ဓားမြှောင်နှင့် မိန်းကလေးအား ထိုးချလိုက်တော့၏။

“အား. . .”

သွေးများဖြာထွက်ကာ၊ နာနာကျင်ကျင် အော်ဟစ်လိုက်သည့်အပြင် လုံးဝပျောက်ကွယ်မသွားသည့် မိန်းကလေးကိုကြည့်ရင်း ဥက္ကာ အထိတ်တလန့် ဖြစ်သွားသည်။ သူယောင်မယ်မှန်လျှင် ဓားချက်မိသည်နှင့် တစ်ပြိုင်နက် ပျောက်ကွယ်သွားကြစမြဲသာဖြစ်၏။ ခုတော့ ပျောက်ကွယ်သွားဖို့ဝေးစွ နာကျင်စွာအော်ညည်းရင်း လဲကျသွားသည့်အတွက်. . သူ လူသတ်မိပြီဆိုတာ သဘောပေါက်သွားသည်။

“ဘုရား. . ဘုရား. . သူ. . သူက. . လူ. . လူအစစ်ပဲ၊ ငါ. . ငါ. . လူသတ်မိပြီ”

ဥက္ကာ တုန်လှုပ်ချောက်ခြားသွားကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာသည်။ ဓားမြှောင်ကို ကိုင်ထားရင်း လဲနေသည့် မိန်းကလေးနားမှာ ဒူးထောက်ထိုင်ကာ ကူညီရကောင်းနိုးနိုး၊ ထားခဲ့ရ





ကောင်းနိုးနိုးနှင့် ဗျာများနေ၏။

မိန်းကလေး၏ဒဏ်ရာမှာ သွေးထွက်နှုန်းများနေ၍ သူမ လဲရာတစ်ဝိုက်တွင် သွေးတွေအိုင်ထွန်းနေတော့သည်။ ဥက္ကာ ဆုံးဖြတ်ချက် မချနိုင်ခင်မှာပင် လူသံတွေကြားလိုက်ရ၏။

“မိသဲ. . မိသဲ. .”

“မိသဲရေ. . နင်ဘယ်မှာလဲ အသံပေးဦးဟေ့”

“ဟာ. . ဟိုမှာ မိသဲလဲနေတယ်၊ ဟိုကောင် ဘယ်ကကောင်လဲ. .”

ဥက္ကာကို မြင်သွားပြီ။ ရွာသားငါးယောက်အုပ်စု ပြေးလာနေကြပြီ။ သူတို့လက်ထဲတွင်လည်း တုတ်တွေနှင့်မို့ ဥက္ကာ ဘာလုပ်ရမှန်းမသိတော့၊ လူသတ်မှုနှင့်သာ အဖမ်းခံရလျှင် သူ ဘဝပျက်တော့မည်။ လောလောဆယ် အဖမ်းမခံရခင် ရွာသားတွေက သူ့ကိုအရင်သတ်လိမ့်မည်။ အသေတော့မခံနိုင်၊ ဖြစ်လိုရာဖြစ်စေတော့ဟု တွေးပြီး တောထဲသို့ ပြန်ဝင်ပြေးခဲ့တော့၏။

“ဟာ ဟိုကောင့်လက်ထဲမှာ ဓားနဲ့. . မိသဲကို ဘာလုပ်သွားလဲ မသိဘူး”

ဥက္ကာ ခြေလှမ်းဆယ်လှမ်းစာလောက် စောသွားတာ ကံကောင်းခြင်းလား၊ မိသဲဆိုသော ကောင်မလေးလဲနေသည့် နေရာသို့ ရွာသားတွေ ရောက်သွားကြပြီ။

“ဟင်. . မိသဲ သွေးတွေလဲအိုင်ထွန်းနေပါလား၊ ဟိုကောင် ဓားနဲ့ထိုးပြီးပြေးသွားတာ. . ၊ လိုက်ဟေ့. . မိလို့ကတော့ အသေမှတ်. .”

ထိုစဉ်. . ရွာသားတစ်ယောက်က ပြေးနေရင်း. .

www.burmeseclassic.com

"ဒီကောင် မိသဲကို ဟိုဟာပြုပြီးမှ သတ်လိုက်တာလား မသိဘူး"

ထိုစကားကြောင့် . . ရွာသားများ ပြေးနေသောအရှိန်တွေ ပိုမြန်သွားကြသည်။

"ခွေးမသား . . မိလို့ကတော့ အရှင်မထားဘူးမှတ်"

သူ့နောက်သို့ ညာသံပေးလိုက်လာကြပြီ။ သွားပြီ ဒီရတနာတွေသယ်ပြီး ဒီတောထဲက ထွက်ဖို့ ခက်ခဲသည်ဆိုတာ တကယ့်အမှန်တရား ဖြစ်လာခဲ့ပြီ။ လေးပင်လှသည့် ရတနာကျောပိုးအိတ်တွေ သယ်ရင်း ပြေးနေသည့် ဥက္ကာ၏ ခြေလှမ်းများ တုံ့ဆိုင်းလာသည်။

နောက်မှာက လူသတ်သမား မုဒိမ်းကောင်ဟု သမုတ်ကာ အသေရိုက်မည့်လူအုပ်။ ရှေ့မှာကရော . . . သူ့ယောင်မယ်တွေ ပေါ်သည့်တောကြီး၊ ဥက္ကာ မျက်လုံးတွေပြာဝေအောင်ပင် အမောဖောက်လာပြီ။

သို့သော် . . သူအလျှော့ပေး အညံ့ခံဖို့ လုံးဝစိတ်မကူး၊ အသက်ရှူနေသရွေ့ ဆက်ပြေးနေမည်ဟု ဖွဲ့တင်းဆုံးဖြတ်ထားပြီး ဖြစ်သည်မို့ . . . ပြေး . . ဥက္ကာရေ . . .

ပြေး . . . ပြေး . . . . . . . ။



www.burmeseclassic.com